# ကြေးမုံ

*The* Mirror Daily

၁၉၅၇ ခုနှစ် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၈၀ ပြည့်နှစ် ပထမဝါဆိုလပြည့်ကျော် ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday 11 July 2018 ၄၃၄၄


**စိုးရိမ်ကြောင့်ကြမှုမရှိ**

ချစ်ခင်နှစ်သက်စွဲလမ်းမှုကြောင့် စိုးရိမ်ခြင်း၊ ကြောင့်ကြခြင်းတို့သည် ဖြစ်ကုန်၏။ ချစ်ခင်နှစ်သက် စွဲလမ်းခြင်း မရှိလျှင် စိုးရိမ်ကြောင့်ကြမှုတို့သည် အဘယ်လျှင် ရှိနိုင်တော့အံ့နည်း။ (မည်သည့်အရာ၊ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ချစ်ခင်စွဲလမ်းခြင်းမပြုရာ၊ မရဏာနသဿတိ စီးဖြန်းခြင်းဖြင့် ကင်းလွတ်အောင် အားထုတ်ရာ၏)

ပီယဝဂ်(ဓမ္မပဒ-၂၁၂)



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်အား လားရှိုးလေဆိပ်၌ ကလေးငယ်တစ်ဦးက ပန်းစည်းကမ်း၍ ကြိုဆိုစဉ်။

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ တာဝန်ရှိသူများနှင့်တွေ့ဆုံ

## ပြုပြင်ပြောင်းလဲမည့် အချိန်အခါအခွင့်ကောင်းကို လက်တွေ့ကျကျ အသုံးပြုကြရမည်ဟု ပြောကြား

**နေပြည်တော် ဇူလိုင် ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၌ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဒေါက်တာအောင်သူနှင့် ဦးသိန်းဆွေ၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွန်း၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၈ နာရီခွဲတွင် မော်တော်ယာဉ်များဖြင့် တောင်ကြီးမြို့မှ ဟဲဟိုးလေဆိပ်သို့ ရောက်ရှိကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် တပ်မတော်အထူးလေယာဉ်ဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးလေဆိပ်သို့ ရောက်ရှိကြရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်အေး၊ ပြည်နယ်ဝန်ကြီး ဦးညီညီအောင်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့်ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌများ၊ ရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ရိုးရာယဉ်ကျေးမှုအကအဖွဲ့များနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် လားရှိုးမြို့ မြို့တော်ခန်းမ၌

**စာမျက်နှာ ၃ ကော်လံ ၁ သို့**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကမ္ဘာ့ဘဏ်၏ အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယဥက္ကဋ္ဌ Ms. Victoria Kwakwa အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် ဗဟိုကော်မတီ၏ ပြန်ကြားရေးဌာန ဝန်ကြီးနှင့် ကမ္ဘာ့ဘဏ်၏ အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယဥက္ကဋ္ဌတို့အား သီးခြားစီလက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၀

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် အတွင်းရေးမှူးချုပ်ရုံး၏ အတွင်းရေးမှူးနှင့် ဗဟိုကော်မတီ၏ ပြန်ကြားရေးဌာနဝန်ကြီး H.E. Mr. Huang Kunming ဦးဆောင်သောအဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ အထူးသဖြင့် နှစ်နိုင်ငံအကြား ယဉ်ကျေးမှုနှင့် ပြန်ကြားရေးကဏ္ဍတို့တွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စာမျက်နှာ ၄ ကော်လံ ၁ သို့**

**ရာနှုန်းပြည့်မိုး** (၁၁-၇-၂၀၁၈)

**နေပြည်တော်** - မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။
**ရန်ကုန်** - မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။
**မန္တလေး** - နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။


အင်္ဂလိပ်စာတွင်လည်း ထူးချွန်သည့် အာဇာနည်ခေါင်းဆောင်ကြီး — စာမျက်နှာ - ၇

အမျိုးသားပြတိုက်(နေပြည်တော်)ဖွင့်ပွဲ သုံးနှစ်ပြည့် အထိမ်းအမှတ်အဖြစ် မြန်မာ့ရိုးရာစဥ့်ထည် အနုပညာအထူးပြပွဲကျင်းပမည် — စာမျက်နှာ - ၁၉



KBZ BANK
STRENGTH OF MYANMAR
'BANK OF THE YEAR IN MYANMAR 2017'
Awarded by Financial Times (The Banker)

ကြေးမုံ

# အခွင့်အလမ်းနှင့် တာဝန်ကျေပွန်မှု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် နိုင်ငံတော်အစိုးရက ဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် တိုးတက်မှုအခြေအနေများကို ပကတိအခြေအနေမှန်များနှင့် အရှိတရားအတိုင်း သိရှိနိုင်ရန်နှင့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ အရှိန်အဟုန်ဖြင့် တိုးမြှင့်နိုင်ရန်အတွက် ဇူလိုင်လ ၉ ရက်နေ့က ရှမ်းပြည်နယ်သို့ သွားရောက်ခဲ့သည်ကို တွေ့ရပါသည်။

နိုင်ငံတော်သမ္မတသည် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့သို့ ရောက်ရှိစဉ် ပြည်နယ်၏ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးဆိုင်ရာကဏ္ဍများမှ တာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံခဲ့သည်။ နိုင်ငံတော်ကို ပြုပြင်ပြောင်းလဲဆောင်ရွက်ရာ၌ လက်တွေ့အကောင်အထည်ဖော်နေကြသူများမှာ ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများဖြစ်ကြရာ ယခုခရီးစဉ်တွင် ပြုပြင်ပြောင်းလဲဆောင်ရွက်ရာ၌ အရေးပါသည့် ဝန်ထမ်းများ၏ အခန်းကဏ္ဍကို နိုင်ငံတော်သမ္မတက အလေးထားပြောကြားခဲ့သည်။

နိုင်ငံ့ဝန်ထမ်းများနှင့်ပတ်သက်၍ မိမိတို့ ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရမည်ဖြစ်ပါကြောင်း၊ တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခြင်းသည် မိမိတို့၏ဂုဏ်သိက္ခာကို တိုးတက်စေပါကြောင်း၊ တာဝန်ကျေပွန်သည့် ဝန်ထမ်းများကို အခွင့်အလမ်းများက အသင့်စောင့်နေပါကြောင်း၊ တိုင်းပြည်က မိမိတို့ကို ဘာလုပ်ပေးနိုင်သလဲဟု တောင်းဆိုနေသည်ထက် မိမိတို့က တိုင်းပြည်ကို ဘာလုပ်ပေးနိုင်မလဲဟု တောင်းဆိုသည်က ပို၍ နည်းလမ်းကျပါကြောင်း နိုင်ငံတော်သမ္မတ၏ ပြောကြားချက်များမှာ ဝန်ထမ်းများ မှတ်သားလိုက်နာအပ်သည့် အရေးပါသည့်အချက်များ ဖြစ်သည်။

နိုင်ငံ့ဝန်ထမ်းများနယ်ပယ်၌ အစဉ်အလာအားဖြင့် တာဝန်ထမ်းဆောင်မှုနှင့်ဒွန်တွဲ၍ အခွင့်အလမ်းများအား ရယူတတ်ကြသည်ကို တွေ့ရသည်။ အခွင့်အလမ်းနှင့် တာဝန်အတူတွဲရရှိရေးကို ဦးစားပေးတတ်ကြသည်။ အမှန်တကယ်တွင် တာဝန်ကျေပွန်သည့်ဝန်ထမ်းအတွက် အခွင့်အလမ်းများက အသင့်စောင့်ကြိုနေသည်ဖြစ်၍ ဝန်ထမ်းများအနေဖြင့် တာဝန်ကို ကျေပွန်စွာ ဦးဆုံးထမ်းဆောင်ကြရန်သာ လိုအပ်သည်။ မိမိတို့၏ ကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခြင်းသည် မိမိတို့၏ ဂုဏ်သိက္ခာကို တိုးတက်စေနိုင်သလို နိုင်ငံ့အကျိုးကိုလည်း ထိထိရောက်ရောက် သယ်ပိုးထမ်းဆောင်ရာလည်း ရောက်သည်။

ဝန်ထမ်းများအနေဖြင့် နိုင်ငံ့တာဝန်ထမ်းဆောင်ခြင်းသည် ပြည်သူလူထု၏ တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရန်အတွက်ဖြစ်သည်ကို မှတ်ယူထားရမည်ဖြစ်သည်။ မိမိအား ပေးအပ်ထားသော လုပ်ပိုင်ခွင့်သည် ပြည်သူ့အကျိုးအတွက် ထမ်းရွက်ရန်ဖြစ်သည်ကို သတိမူရမည်ဖြစ်ပြီး လုပ်ပိုင်ခွင့်ကို လွဲမှားစွာ အသုံးမချမိရန် လိုအပ်သည်။ ပြည်သူများ၏ တာဝန်ကိုထမ်းဆောင်ရန် လက်ရှိနေရာဌာနသို့ ရောက်ရှိနေသည်၊ ထမ်းဆောင်နေသည်ဟု သိမြင်ကြရမည်ဖြစ်သည်။ ဝန်ထမ်းတိုင်း၏ ဆောင်ရွက်ချက်တိုင်းသည် ပြည်သူကိုဗဟိုပြု၍ ပြည်သူ့မျက်နှာကိုမူ၍ ထမ်းဆောင်ကြရမည်ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်သမ္မတ၏ မှာကြားချက်များဖြစ်သည့် နိုင်ငံတော်၏ ကျေးဇူးသစ္စာခံယူပြီး တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များကို လေးစားလိုက်နာကြရမည်ဖြစ်သည်။ ထို့အပြင် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများ၏ စည်းမျဉ်း စည်းကမ်းများကိုလည်း ဂရုပြုဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတော်၏ ဘဏ္ဍာပစ္စည်းများ လေလွင့်ဆုံးရှုံးမှုမဖြစ်စေရေး၊ အလွဲသုံးစားမလုပ်စေရေး အထူးသတိချပ်ရမည်ဖြစ်သည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတရားမျှတမှု၊ အခွင့်အလမ်း၊ အဆင့်အတန်း၊ ဥပဒေအရာ ညီမျှမှုများ ရှိရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက ဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ တိုးတက်ရေး၊ အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်နိုင်ရေးအတွက် အဓိကကျသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် တာဝန်နှင့် အခွင့်အလမ်းကို မှန်ကန်စွာသိရှိပြီး နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ အလေးထား လိုက်နာဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။ ။

MYANMAR
Digital News
Presented by NPE
www.mdn.gov.mm

# ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်သူများအား ဂုဏ်ပြုပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၁၀**

၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ၊ အောင်ချက်အကောင်းဆုံးကျောင်းများ၊ ဘာသာရပ်သင် ထူးချွန် ဆရာ ဆရာမများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင် ၆ ရက် နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် အားကစားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဆုချီးမြှင့်ပွဲအခမ်းအနားကို အခြေခံပညာမူလတန်းကျောင်း (သံအိုင်)မှ ကျောင်းသား ကျောင်းသူများ တယောအဖွဲ့က မြန်မာ့ကျောင်းသီချင်းဖြင့် ဖွင့်လှစ်ကြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်တို့က အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဝင်းဆွေက ဂုဏ်ပြုပွဲကျင်းပခြင်းနှင့် စပ်လျဉ်း၍ ဝမ်းမြောက်စကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် တာဝန်ရှိသူများက ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ၊ အောင်ချက်အကောင်းဆုံးကျောင်းများနှင့် ဘာသာရပ်သင် ဆရာ ဆရာမများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်ထွေးနှင့် တာဝန်ရှိသူများက အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။




အဆိုပါ ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်သူများအား ဂုဏ်ပြုပွဲအခမ်းအနားတွင် လေးဘာသာဂုဏ်ထူးရှင် သုံးဦး၊ သုံးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၉ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၀၇ ဦးနှင့် ဘာသာရပ်သင် ထူးချွန် ဆရာ ဆရာမ ၂၈ ဦးအား ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် တာဝန်ရှိသူများသည် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ဇာတိမာန်ခန်းမ၌ ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းအုပ်ကြီးများနှင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ဆိပ်ကြီးခနောင်တိုမြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် လည်းကောင်း တွေ့ဆုံ၍ ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှု ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဖလမ်း၌ ကျောင်းကျန်းမာရေး အသိပညာပေးဟောပြောပွဲနှင့် ကျန်းမာရေးစစ်ဆေးခြင်း ပြုလုပ်



**ဖလမ်း ဇူလိုင် ၁၀**

ကျောင်းသား ကျောင်းသူများ ကျန်းမာရေးအသိပညာရရှိပြီး ကျန်းမာကြံ့ခိုင်သော ကလေးဖြစ်ရန်နှင့် ကျောင်းပတ်ဝန်းကျင်ကို ကျန်းမာရေးနှင့်အညီ သန့်ရှင်းသပ်ရပ်ရန် ရည်ရွယ်၍ ကျောင်းကျန်းမာရေး အသိပညာပေးဟောပြောပွဲနှင့် ကျန်းမာရေးစစ်ဆေးခြင်းများကို ယနေ့ နံနက် ၁၀ နာရီက ဖလမ်းမြို့ အမှတ်(၄) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းကျန်းမာရေးဌာန (ဖလမ်း) သွားဘက်ဆိုင်ရာဆရာဝန် ဒေါက်တာထန်ရှန်းမွမ်က အာဟာရများအကြောင်း၊ မှိုရောဂါများအကြောင်း၊ ဆေးလိပ်ဆေးရွက်ကြီးများအကြောင်း၊ သန့်လေးသန့်အကြောင်း၊ သွားနှင့် ခံတွင်းအကြောင်းနှင့် သွားတိုက်နည်းအဆင့်ဆင့်တို့ကို ဟောပြောသည်။

ထို့နောက် သွားတိုက်ဆေးနှင့် သွားတိုက်တံများကို အခမဲ့ဖြန့်ဝေကာ ကျောင်းသား ကျောင်းသူများအား အဖွဲ့လိုက်ခွဲ၍ သွားတိုက်နည်းစနစ်မှန်များဖြင့် လက်တွေ့သွားတိုက်စေသည်။

ဆက်လက်၍ ကလေးငယ်များ၏ ကျန်းမာရေးအခြေအနေများကို စစ်ဆေးပေးပြီးနောက် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကျောင်းအနီးအနားရှိ မုန့်ဆိုင်များတွင် သက်တမ်းလွန်မုန့်များ၊ မှိုတက်နေသည့်မုန့်များ ရောင်းချခြင်းရှိ၊ မရှိကိုလည်း စစ်ဆေးကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇူလိုင် ၁၀**

ရန်ကုန်(ရွှေဈေး) ၉၄၇၀၀၀ - ၉၄၇၀၀၀ မန္တလေး(ရွှေဈေး) ၉၄၇၀၀၀ - ၉၄၇၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၀၀/၉၁၅ ကျပ်၊ | ၉၄၅/၉၆၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၁၅/၉၄၀ ကျပ်၊ | ၉၈၅/၁၀၀၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၆၅/၈၉၀ ကျပ်၊ | ၉၃၅/၉၅၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၁၅/၉၃၀ ကျပ်၊ | ၉၅၅/၉၆၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၈၀/၈၈၇ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၉၀/၈၉၅ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၈၂၀/၈၂၈ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၉၈.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၄၄.၂ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၁.၃၀ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၂.၂၈၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၄၇.၅၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀.၃၅၈ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၅၉.၇ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၅.၈၄ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၄၅.၅ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၃၂.၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
**ခေတ္တစာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၈ ထွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၁၂၈၊ ၀၆၇-၃၆၁၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၊ ဖက်စ် ၀၁-၂၀၃၃၅၁

## မကျော်လွှားနိုင်တဲ့ အခက်အခဲဆိုတာ မရှိနိုင်



ကျွန်ုပ်တို့ ဗမာပြည်အကြောင်းကို ပြောကြားတဲ့အခါတိုင်း စည်းလုံးညီညွတ်ပြီး လွတ်လပ်တဲ့ဗမာပြည်တစ်ပြည်လုံးကို မျက်စိထဲမှာမြင်ယောင်ပြီး ပြောတာဖြစ်တယ်။ ကျုပ်တို့တစ်ပြည်လုံး စည်းလုံးညီညွတ်ရေးအတွက် ဆောင်ရွက်ရာမှာ ကျွန်ုပ်တို့ နိုင်ငံတွင်းမှာရှိတဲ့ လူမျိုးစုအားလုံးကို ပြင်ပ ပယောဂမပါဘဲ လွတ်လပ်စွာ တွေ့ဆုံဆွေးနွေးခွင့်ပေးရင် ကျွန်ုပ်တို့ မကျော်လွှားနိုင်တဲ့ အခက်အခဲဆိုတာ ဘာမှရှိမှာမဟုတ်ဘူး။ အားလုံးစည်းလုံးညီညွတ်လာမှာ အမှန်ပါပဲ။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၃-၁-၁၉၄၇ ရက်နေ့ လန်ဒန်မြို့တွင် နန်းရင်းဝန် အက်တလီနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည့် မိတ်ဆက်စကားမှ ကောက်နုတ်ချက်)





နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်တို့မှ တာဝန်ရှိသူများအား အမှာစကားပြောကြားစဉ်။

### ❂ နိုင်ငံတော်သမ္မတမှ

ပြုလုပ်သည့် ပြည်နယ်အစိုးရ၊ ပြည်နယ်တရားလွှတ်တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသဦးစီးအဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော်နှင့် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

### ပြည်သူကို မျက်နှာမူ

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ရှမ်းပြည်နယ်(မြောက်ပိုင်း)သို့ လာရောက်ရခြင်းမှာ အမျိုးသားအကျိုးစီးပွားကိုမျှော်ကိုး၍ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၏ အခြေအနေများ၊ အားနည်းချက်၊ အားသာချက်များကို သိရှိမြင်တွေ့နိုင်ရန် လာရောက်ရခြင်းဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ရာတွင် မူဝါဒများချမှတ်ထားပါကြောင်း၊ အဆိုပါမူဝါဒများကို သက်ဆိုင်ရာ ဌာနဆိုင်ရာအဖွဲ့အစည်းများတွင် တာဝန်ယူဆောင်ရွက်နေကြသူများက ပိုမိုကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ သို့မှသာ နိုင်ငံ၏လူမှုစီးပွားဘဝများ မြင့်မားလာပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ ပြည်သူကိုဗဟိုပြုသည့်၊ ပြည်သူကို မျက်နှာမူသည့် အုပ်ချုပ်ရေးကဏ္ဍဖြစ်စေလိုပါကြောင်း၊ တရားမျှတသည့် အုပ်ချုပ်ရေးကဏ္ဍဖြစ်စေရန် အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူများသည် အဓိကကျပါကြောင်း၊ တရားဥပဒေစိုးမိုးရေးကို အထောက်အကူဖြစ်စေသည့် အုပ်ချုပ်ရေးစနစ်ဖြစ်စေလိုပါကြောင်း၊ ပြည်သူလူထု၏ လွတ်လပ်မှု၊ လုံခြုံမှုနှင့် ပျော်ရွှင်မှုကို အကာအကွယ်ပေးသည့် အုပ်ချုပ်ရေးယန္တရား ဖြစ်စေလိုကြောင်း။

### တိုင်ကြားနိုင်

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အရပ်ဘက်အဖွဲ့အစည်းများနှင့် ရပ်မိရပ်ဖများ ပိုမိုပူးပေါင်းပါဝင်နိုင်ရန် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ တားဆီးနှိမ်နင်းရေးလုပ်ငန်းများအတွက် သတင်းပေးသူကို ဖမ်းဆီးရမိသည့် အဆောက်အအုံ၊ ယာဉ်နှင့် ရွှေငွေတို့မှ ထိုက်သင့်သည့် အချိုးကို ချီးမြှင့်ငွေများအဖြစ် ပေးအပ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ခံယူဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးသည် ပြည်သူများအပါအဝင် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြမှသာ ပိုမိုအောင်မြင်မည်ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါးကိစ္စများကို ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရ၊ ပြည်ထဲရေးဝန်ကြီးဌာနများသို့ တိုင်ကြားနိုင်ပါကြောင်း၊ ထူးခြားသည့် အခြေအနေနှင့် ကြီးမားသည့် အမှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၊ မူးယစ်ဆေးဝါးအထူးသတင်း တိုင်ကြားရေးဌာနသို့ တိုင်ကြားနိုင်ပါကြောင်း။

### လုပ်ကိုင်ခွင့်ရရှိရေး

သိမ်းဆည်းခံလယ်ယာမြေများနှင့်စပ်လျဉ်း၍ နိုင်ငံတော်မှ ချမှတ်ထားသည့် မူဝါဒများနှင့်အညီ ဆောင်ရွက်ကြစေလိုပါကြောင်း၊ သိမ်းဆည်းခံရသည့် လယ်ယာခြံမြေများကို ပြန်လည်စွန့်လွှတ်နိုင်ရန် အမြန်ဆုံးစိစစ်ကြရန်လိုကြောင်း၊ စွန့်လွှတ်ပြီးသည့် သိမ်းဆည်းခံလယ်ယာမြေများကို မူလပိုင်ရှင်များထံသို့ ပြန်လည်အပ်နှံကြရန်လိုကြောင်း၊ အပ်နှံပြီးသည့် စွန့်လွှတ်လယ်ယာခြံမြေများကိုလည်း တရားဥပဒေနှင့်အညီ အမြန်ဆုံးလုပ်ကိုင်ခွင့်ရရှိနိုင်ရေးကို ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်ပတ်သက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥပဒေများနှင့်အညီ ထိရောက်စွာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအထိ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အဂတိလိုက်စားမှုကင်းရှင်းစေရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှုကို ဆူကြုံနိမ့်မြင့်မရွေး ဥပဒေနှင့်အညီ ကိုင်တွယ်ဖြေရှင်းလျက်ရှိပါကြောင်း၊ အဂတိကင်းစင်သည့် လူ့အဖွဲ့အစည်းဖြစ်စေရန် ဆောင်ရွက်နေပါကြောင်း။

### အဆင့်ဆင့်တာဝန်ယူ

တရားစီရင်ရေးကဏ္ဍတွင် ဘက်လိုက်မှုကင်းသည့် တရားစီရင်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေပါကြောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အဆင့်ဆင့် တာဝန်ယူ၊ တာဝန်ခံဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေတွင်ပါဝင်သည့် ပြဋ္ဌာန်းချက်များ၊ တရားစီရင်ရေးနှင့်စပ်လျဉ်းသည့် တည်ဆဲဥပဒေပါ အင်္ဂါရပ်များအတိုင်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ တရားဥပဒေ၏ရှေ့မှောက်တွင် နိုင်ငံသူနိုင်ငံသားများအားလုံးအညီအမျှဖြစ်ကြရမည်ဖြစ်ပါကြောင်း၊ ဥပဒေနှင့်အညီ ဆောင်ရွက်လုပ်ကိုင်ကြရန် လိုကြောင်း။

ဝန်ထမ်းများသည် နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေငွေစာရင်းမှ ကျခံသုံးစွဲသည့် လစာ၊ စရိတ်ငွေနှင့် အခြားခံစားခွင့်များကို ခံစားကြရပါကြောင်း၊ အဆိုပါ ဝန်ထမ်းများတွင် အခွင့်အရေးနှင့် တာဝန်ယူမှုများရှိပါကြောင်း၊ အခွင့်အရေးကို မှန်ကန်စွာသုံးစွဲပြီး တာဝန်ကို ကျေပွန်စွာထမ်းဆောင်ရန်လိုကြောင်း၊ ပြည်သူ့ဘဏ္ဍာကို ခံစားနေကြသည့် ဝန်ထမ်းများသည် ပြည်သူ့တာဝန်များကို တရားဥပဒေနှင့်အညီ ကျေပွန်စွာထမ်းဆောင်ကြရမည်ဖြစ်ပြီး ပြည်သူကို လေးစားစွာ အလုပ်အကျွေးပြုကြရမည်၊ ပြည်သူကို ဝန်ဆောင်မှုများ ပေးကြရမည်ဖြစ်ပါကြောင်း။

### ဝန်ထမ်းများ၏အလှတရား

ပြုပြင်ပြောင်းလဲလိုသည့် မိမိတို့၏ စိတ်နေသဘောထားများကို ပြန်လည်သုံးသပ်ကြရမည် ဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲမည့် အချိန်အခါ အခွင့်ကောင်းကို လက်တွေ့ကျကျ အသုံးပြုကြရမည်ဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲနိုင်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့တာဝန်ဝတ္တရားများကို တိုင်းပြည်နှင့် လူမျိုးအတွက် ကျေပွန်စွာထမ်းဆောင်ကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့၏ဝေဒနာကို ဖြေသိမ့်၍ ပြည်သူတို့၏ဝေဒနာများကို တရားဥပဒေနှင့်အညီ ကုစားပေးခြင်းနှင့် ဖြည့်ဆည်းပေးခြင်းတို့သည် ဝန်ထမ်းများ၏ အလှတရားပင်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

### အချိုးကျကျ ဟန်ချက်ညီညီ

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ တည်ဆောက်ရေးကို ဦးတည်ဆောင်ရွက်နေပါကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများအားလုံး အချိုးကျကျ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေပါကြောင်း၊ တိုင်းရင်းသားများ၏ လိုလားတောင့်တမှုများကို ပင်လုံစိတ်ဓာတ်ကို အခြေခံသည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများဖြင့် အဖြေရှာဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ထောင်စုကြီးငြိမ်းချမ်းသာယာဝပြောရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးကို အလေးထားဆောင်ရွက်လျက်ရှိနေပါကြောင်း၊ တရားမျှတမှုရရှိရန်မှာ အားလုံးတွင် တာဝန်ရှိကြပါကြောင်း၊ တရားမျှတမှုရရှိရေးအကောင်အထည်ဖော်ခြင်းသည် လူ့အဖွဲ့အစည်းကို ခိုင်မာတောင့်တင်းစေပါကြောင်း၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ တည်ဆောက်ရေးကို အထောက်အပံ့ဖြစ်စေပါကြောင်း၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံအဖြစ် တည်ဆောက်နိုင်မှသာ စည်းလုံးညီညွတ်ပြီး ငြိမ်းချမ်းသာယာဝပြောစည်ပင်လာမည် ဖြစ်ပါကြောင်း၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ တည်ဆောက်ရေးအတွက် ကျရာအခန်းကဏ္ဍများမှ မိမိတို့အားလုံး အုတ်တစ်ချပ် သဲတစ်ပွင့်ပမာ အထောက်အကူဖြစ်စေရန် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် တပ်မတော်အထူးလေယာဉ်ဖြင့် လားရှိုးမြို့မှ နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

**သတင်းစဉ်**

## ပြည်တွင်းရေးရာ

### ❒ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ

အလားတူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကမ္ဘာ့ဘဏ်၏ အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယဥက္ကဋ္ဌ Ms. Victoria Kwakwa ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နံနက် ၁၁ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ကမ္ဘာ့ဘဏ်မှ ကူညီပံ့ပိုးမှုများ ပေးအပ်သွားမည်**

ထိုသို့တွေ့ဆုံစဉ် ကမ္ဘာ့ဘဏ်ဒုတိယဥက္ကဋ္ဌက မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ လူမှုရေးနှင့် စီးပွားရေးအသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များအတွက် ကမ္ဘာ့ဘဏ်မှ ကူညီပံ့ပိုးမှုများ ပေးအပ်သွားမည်ဖြစ်ကြောင်း ကမ်းလှမ်းပြောကြားခဲ့ပြီး ကမ္ဘာ့ဘဏ်မှ မြန်မာနိုင်ငံသို့ လာမည့်နှစ်နှစ်အတွင်း ပေးအပ်မည့် ဘဏ္ဍာငွေပံ့ပိုးမှု အစီအစဉ်များရေးဆွဲရေးနှင့်ပတ်သက်၍ ဦးစားပေးကဏ္ဍများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ မြန်မာနိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးစီမံချက် (Myanmar Sustainable Development Plan - MSDP) တွင် ပါဝင်သော ရည်မှန်းချက်များနှင့်အညီ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်ရာတွင် ကမ္ဘာ့ဘဏ်အနေဖြင့် နည်းပညာနှင့် ဘဏ္ဍာငွေပံ့ပိုးမှုများ ဆက်လက်ပေးအပ်သွားမည့်ကိစ္စများနှင့် ငြိမ်းချမ်းရေး ရရှိလာသည့်ဒေသများတွင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရေးတို့ကို အကူအညီပေးဆောင်ရွက်သွားရန်လည်း ဆွေးနွေးကြသည်။

**စီးပွားရေးအခွင့်အလမ်းများ ဖန်တီးရေး**

ထို့ပြင် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများအား ပြန်လည်လက်ခံရေး၊ နေရာချထားရေးလုပ်ငန်းစဉ်တို့နှင့် ပတ်သက်၍လည်းကောင်း၊ ရခိုင်ပြည်နယ်အပါအဝင် ပဋိပက္ခအခြေအနေများကြောင့် ထိခိုက်ခံစားရသူများအားလုံးနှင့် အသိုက်အဝန်းအားလုံးအတွက် အကျိုးဖြစ်ထွန်းစေမည့် စီးပွားရေးအခွင့်အလမ်းများ ဖန်တီးရေး၊ အသေးစားနှင့်အငယ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဖန်တီးရေး၊ အရေးပါသည့် လူမှုဝန်ဆောင်မှုအထောက်အပံ့များ ရရှိနိုင်ရေး စသည့်အစီအမံများအတွက် အထောက်အပံ့များပေးအပ်နိုင်မည့် စီမံချက်များနှင့် ပတ်သက်၍လည်းကောင်း အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် အတွင်းရေးမှူးချုပ်ရုံး၏ အတွင်းရေးမှူးနှင့် ဗဟိုကော်မတီ၏ ပြန်ကြားရေးဌာနဝန်ကြီး H.E. Mr. Huang Kunming အား လက်ခံတွေ့ဆုံစဉ်။

ဆွေးနွေးပွဲသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။ **သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ကမ္ဘာ့ဘဏ်၏ အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၀**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် ကမ္ဘာ့ဘဏ်၏ အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယဥက္ကဋ္ဌ Ms. Victoria Kwakwa အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနရှိ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ကမ္ဘာ့ဘဏ်က မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုကို ထောက်ခံအားပေးသည့်အနေဖြင့် လိုအပ်သည့် ဘဏ္ဍာရေးဆိုင်ရာနှင့် နည်းပညာပိုင်းဆိုင်ရာအကူအညီများ ပံ့ပိုးပေးနေမှုနှင့် မြန်မာနိုင်ငံနှင့် ကမ္ဘာ့ဘဏ်တို့အကြား အနာဂတ်၌ ပူးပေါင်းဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ကုလသမဂ္ဂလက်ထောက်အတွင်းရေးမှူးချုပ်နှင့် UNDP ၏ အာရှနှင့် ပစိဖိတ်ဒေသရုံး၏ ညွှန်ကြားရေးမှူး မြန်မာနိုင်ငံသို့ ရောက်ရှိ

**နေပြည်တော် ဇူလိုင် ၁၀**

ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ်နှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ် (UNDP) ၏ အာရှနှင့် ပစိဖိတ်ဒေသရုံး၏ ညွှန်ကြားရေးမှူး Mr.Haoliang Xu သည် မြန်မာနိုင်ငံသို့ ယနေ့ည ၇ နာရီခန့်တွင် ရောက်ရှိခဲ့ကြောင်း သိရသည်။

ခရီးစဉ်အတွင်း Mr.Haoliang Xu သည် ပြည်ထောင်စုဝန်ကြီးများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် တွေ့ဆုံသွားမည်ဖြစ်ကြောင်း သိရပြီး ထိုသို့တွေ့ဆုံစဉ် UNDP ၏ မြန်မာနိုင်ငံဆိုင်ရာ စီမံကိန်းအသစ်နှင့်စပ်လျဉ်း၍လည်းကောင်း၊ ဇွန် ၆ ရက်က မြန်မာနိုင်ငံအစိုးရ၊ UNDP နှင့် UNHCR တို့အကြား ရေးထိုးခဲ့သော နားလည်မှုစာချွန်လွှာ အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် Mr.Haoliang Xu သည် ဇူလိုင် ၁၁ ရက်တွင် ကျင်းပမည့် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေးသို့ တက်ရောက်မည်ဖြစ်သည့်အပြင် နေပြည်တော်တွင် ကုလသမဂ္ဂ အဖွဲ့အစည်း ၁၂ ဖွဲ့၏ ရုံးခန်းများ ပါဝင်မည့် ကုလသမဂ္ဂရုံးအသစ်ကိုလည်း ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း ချက်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၀**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ ချက်သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Jaroslav Dolecek အား ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-11) ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဥပဒေရေးရာကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် ဩစတြေးလျ ပြည်ထောင်စုရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး အစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၁၀**

ပထမအကြိမ် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဩစတြေးလျ ပြည်ထောင်စုရဲတပ်ဖွဲ့ (AFP) တို့ ပူးပေါင်း၍ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးအစည်းအဝေးကို ယမန်နေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ Pan Pacific ဟိုတယ်၌ ကျင်းပရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဒုတိယရဲချုပ်(၁) (စီမံ/အုပ်ချုပ်) ရဲမှူးချုပ် မျိုးဆွေဝင်းနှင့် အင်ဒိုနီးရှားနိုင်ငံအခြေစိုက် AFP ရုံးမှ South East Asia Manager Mr. Jamie Strauss တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

အစည်းအဝေးတွင် ဩစတြေးလျ ပြည်ထောင်စုရဲတပ်ဖွဲ့မှ ဆောင်ရွက်လျက်ရှိသည့် Operation Kungur နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဆောင်ရွက်လျက်ရှိသည့် Operation Dragon အမှုများနှင့် ဆက်စပ်သည့် မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုများကို နိုင်ငံဖြတ်ကျော်ဂိုဏ်းဖွဲ့ကျူးလွန်ရာတွင် ပါဝင်သောတရားခံပြေးများ၊ စောင့်ကြည့်ပစ်မှတ်များနှင့်ပတ်သက်၍ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်နိုင်သည့် နည်းလမ်းများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



✻ ကျောဖုံးမှ

အလွယ်တကူလက်လှမ်းမီရရှိခံစားမှု နည်းပါးခြင်းအပြင် ဆင်းရဲနွမ်းပါးမှုနှုန်းမြင့်မားခြင်း၊ အလုပ်လက်မဲ့နှုန်းမြင့်မားခြင်း၊ ဝင်ငွေမလုံလောက်ခြင်းတို့ကိုလည်း ကြုံတွေ့နေကြရပါကြောင်း။

**ပိုမိုလေးစားမှုရှိရန်**

ထိုသို့ အခြေအနေဆိုးများကို လျှော့ချနိုင်စေရန်အပြင် မသန်စွမ်းသူတိုင်း လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့် အားလုံးညီမျှစွာ အပြည့်အဝရရှိရေးတို့ကို ကာကွယ်စောင့်ရှောက်ရန်၊ တိုးမြှင့်လုပ်ဆောင်နိုင်ရန်၊ မသန်စွမ်းသူများ၏ မွေးရာပါ ဂုဏ်သိက္ခာအား ပိုမိုလေးစားမှုရှိစေရန် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံကြီးက မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာကုလသမဂ္ဂကွန်ဗင်းရှင်းကို ၂၀၀၆ ခုနှစ်တွင် ချမှတ်ခဲ့ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံလူဦးရေ၏ ၂ ဒသမ ၃ သန်းကျော်သော မသန်စွမ်းသူများ၏ လူ့အခွင့်အရေးများနှင့် အခြေခံလွတ်လပ်ခွင့်များကို အသိအမှတ်ပြုဆောင်ရွက်သည့်အနေဖြင့် ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းတွင် အဖွဲ့ဝင်နိုင်ငံအဖြစ် အတည်ပြုလက်မှတ်ရေးထိုးခဲ့ပြီး မသန်စွမ်းသူများ၏ အခွင့်အရေးများကို အခြေပြုသည့် တရားမျှတမှု၊ ကောင်းကျိုးစီးပွားနှင့် လူ့အဖွဲ့အစည်းအတွင်း လူတန်းစေ့ ပါဝင်ဆောင်ရွက်နိုင်မှုတို့ကို ပြည့်မီစွာရရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါကြောင်း။

နိုင်ငံတော်အနေဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေး ဥပဒေကို ၂၀၁၅ ခုနှစ်တွင် လည်းကောင်း၊ နည်းဥပဒေများကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် လည်းကောင်း အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ပြင် မသန်စွမ်းသူများ၏ မျှော်လင့်ချက် တစ်ခုဖြစ်သည့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကို ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၄ ရက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၇၀/၂၀၁၇) ဖြင့် ဖွဲ့စည်းပေးခဲ့ပြီး ပထမအကြိမ် အစည်းအဝေးကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း။

**ကနဦးခြေလှမ်း**

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ၊ တိုင်းဒေသကြီး၊ ပြည်နယ်ကော်မတီနှင့် နေပြည်တော်ကော်မတီများ ဆက်လက်ဖွဲ့စည်းရန်၊ မသန်စွမ်းသူများ သွားလာရ လွယ်ကူစေရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆောင်ရွက်သွားရန်၊ မသန်စွမ်းကလေးငယ်များ Free Education ခံစားရရှိစေရန်အတွက် ပညာရေးဝန်ကြီးဌာနက ဆောင်ရွက်ရန် စသည့်ကိစ္စရပ်များကို ပထမအကြိမ် အမျိုးသားကော်မတီ အစည်းအဝေးတွင် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ခဲ့ခြင်းသည် မသန်စွမ်းသူများ၏ အခွင့်အရေးများ တိုးတက်ရရှိစေရန်အတွက် ကနဦး ခြေလှမ်းများဖြစ်သည်ဟု ယုံကြည်မိပါကြောင်း၊ ယင်းအစည်းအဝေး၏ ဆုံးဖြတ်ချက်များအရ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီကိုလည်း ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာဝင်းမြတ်အေး



ဒုတိယဝန်ကြီး
ဦးစိုးအောင်



မြန်မာနိုင်ငံမသန်စွမ်းသူများ
အသင်းချုပ်ဥက္ကဋ္ဌ ဦးအောင်ကိုမြင့်

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ရန်ပုံငွေစီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းရေး၊ လုပ်ငန်းကော်မတီအောက်တွင် သက်ဆိုင်ရာဆပ်ကော်မတီများ ဖွဲ့စည်းရေးနှင့် Department for International Development (UK)၏ ပံ့ပိုးမှုနှင့်အတူ အမျိုးသားကော်မတီအတွက် နည်းပညာဆိုင်ရာ အထောက်အကူပြုအဖွဲ့ ဖွဲ့စည်းရေးတို့ကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**ပူးပေါင်းဆောင်ရွက်**

မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မသန်စွမ်းမှုအလိုက် လုပ်ငန်းအစီအစဉ်များကို ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် အမြင်အာရုံ မသန်စွမ်းသူများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေရရှိမှု ရေရှည်တည်တံ့စေရန်အတွက် မျက်မမြင်အကြောပြင်အနှိပ်စနစ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ အကြားအာရုံ မသန်စွမ်းသူများအတွက် သတင်းအချက်အလက်များ လက်လှမ်းမီရရှိနိုင်ရေးစီမံကိန်း၊ ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ စီမံကိန်း၊ ဉာဏ်ရည်မသန်စွမ်းသူများနှင့်စပ်လျဉ်းပြီး အော်တစ်ဇင်ကလေးနှင့် ပုဂ္ဂိုလ်များ၊ ဒေါင်းဆင်ဒရုန်းကလေးနှင့် ပုဂ္ဂိုလ်များအတွက် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများကို နိုင်ငံတကာ အဖွဲ့အစည်းများ၊ မသန်စွမ်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေသည်ကိုတွေ့ရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း။

ထို့ပြင် မသန်စွမ်းသူများ၏ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်၊ ဥပဒေရေးရာ၊ မသန်စွမ်းမှုအသိပညာ၊ ရပ်ရွာအတွင်း ပါဝင်ဆောင်ရွက်ခွင့် စသည်တို့နှင့် ပတ်သက်သည့် လုပ်ငန်းအစီအစဉ်များကိုလည်း နိုင်ငံတော်အစိုးရ၏ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ထည့်သွင်းအကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံအတွက် ကိုယ်ချင်းစာနာမှုနှင့် ကူညီရိုင်းပင်းမှုတို့က မွေးရာပါ အလေ့အကျင့်ကောင်းများဖြစ်သည်ဟု ဆိုနိုင်ပါကြောင်း၊ ယင်းအလေ့အကျင့်ကောင်းများကို ရရှိလာသည့် အတွေ့အကြုံဗဟုသုတများနှင့်ပေါင်းစပ်ပြီး မသန်စွမ်းသူများ၏ ဘဝဖွံ့ဖြိုးတိုးတက်မှုနှင့် အရည်အသွေးမြင့်မားရေးတို့ကို ဆောင်ရွက်သင့်ပါကြောင်း။

**အသီးအပွင့်များရရှိ**

စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု မူဘောင်အဖြစ် အသုံးပြုနိုင်သည့် ၂၀၃၀ ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်ကို ကမ္ဘာ့ကုလသမဂ္ဂက အတည်ပြုပြဋ္ဌာန်းခဲ့ပါကြောင်း၊ ယင်းအထဲတွင်ပါသည့် ပန်းတိုင် ၁၇ ချက်ကို သက်ဆိုင်ရာဝန်ကြီးဌာနများက ပြည့်မီအောင်ဆောင်ရွက်နိုင်ပါက မသန်စွမ်းသူများအပါအဝင် ထိခိုက်လွယ်သော အုပ်စုများသာမက လူသားထုတစ်ရပ်လုံး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို ရရှိခံစားနိုင်မည်ဖြစ်ပါကြောင်း။

ယနေ့နိုင်ငံတော်သည် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများအနေဖြင့် မိမိတို့၏ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များတွင် မသန်စွမ်းသူများအတွက် ထည့်သွင်းစဉ်းစားပေးရေးနှင့် ပေါင်းစည်းပါဝင်နိုင်ရေးတို့ကို သေချာစေရေးအတွက် တိုက်တွန်းပြောကြားလိုပါကြောင်း၊ ဒေသတစ်ခု (သို့မဟုတ်) နိုင်ငံတစ်ခု ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးတွင် မည်သူတစ်ဦးတစ်ယောက်မျှ နောက်ကျကျန်ရစ် မနေစေရန်မှာလည်း အရေးကြီးပါကြောင်း။

ယနေ့ ကမ္ဘာ့နိုင်ငံအများစုသည် စသည့် စိန်ခေါ်မှုအများအပြားနှင့် ရင်ဆိုင်ကြုံတွေ့နေရပြီး ယင်းစိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်ရာတွင် ပူးတွဲဆောင်ရွက်ခြင်း၊ ပူးပေါင်းကူညီခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မသန်စွမ်းသူများကို မိမိတို့နှင့်တန်းတူ လူသားမျိုးနွယ်ဝင် ဖြစ်သည်ကို အသိအမှတ်ပြုပြီး ၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့၏ ဆောင်ပုဒ်ဖြစ်သည့် "စဉ်ဆက်မပြတ်ဖွံ့ဖြိုးဖို့ ခံနိုင်စွမ်းသောလူ့ဘောင်သို့ အားလုံးပါဝင်ပြောင်းလဲစို့"ဟု ဆိုသည့်အတိုင်း လက်တွဲဆောင်ရွက်သွားကြရန် အလွန်အရေးကြီးကြောင်း တိုက်တွန်းပြောကြားလိုပါကြောင်း။

မသန်စွမ်းသူများ အနေဖြင့်လည်း သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများ အပါအဝင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ်များတွင် မိမိတို့ရရှိထားသည့် အသိပညာ၊ အတတ်ပညာ၊ နည်းပညာများကို အသုံးချပြီး ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန်လည်း တိုက်တွန်းမှာကြားလိုပါကြောင်း။

**ချန်လှပ်မထား**

မသန်စွမ်းမှုအကျုံးဝင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရည်မှန်းချက်များအောင်မြင်ရန် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန်၊ သဘာဝဘေး လျှော့ပါးရေးနှင့် အရေးပေါ်တုံ့ပြန်မှုများ ဆောင်ရွက်ရာတွင် မသန်စွမ်းသူများကို ချန်လှပ်မထားဘဲ ပူးပေါင်းပါဝင်စေခြင်း၊ ၎င်းတို့၏ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားခြင်းများ ဆောင်ရွက်ပေးကြရန်၊ အတားအဆီးကင်းသော လုပ်ငန်း၊ အလုပ်နေရာ၊ ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးပြီး ခေတ်မီနည်းပညာများ လက်လှမ်းမီ အသုံးပြုနိုင်အောင် ကူညီဆောင်ရွက်ပေးကြရန်၊ နေ့စဉ်နှင့်အမျှ အံ့မခန်းတိုးတက်နေသည့် အတတ်ပညာနှင့် ခေတ်မီနည်းပညာများကို မသန်စွမ်းသူများ လက်တွေ့အသုံးချနိုင်အောင် ဆောင်ရွက်ပေးခြင်းဖြင့် မသန်စွမ်းသူများအတွက် သင့်လျော်သည့် ပတ်ဝန်းကျင်နှင့် အဆောက်အအုံများ ဖြစ်လာအောင် ဆောင်ရွက်ပေးခြင်းအားဖြင့် မသန်စွမ်းသူများ၏ဘဝ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ဆောင်ရွက်ကြရန် ပြောကြားသည်။

**အခွင့်အလမ်းများဖန်တီးပေး**

ထို့နောက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာလုပ်ငန်းများ ပိုမိုအောင်မြင်ရန်အတွက် ကော်မတီများဖွဲ့စည်းဆောင်ရွက်နေမှု၊ မသန်စွမ်းသူများအတွက် ဥပဒေ၊ နည်းဥပဒေ၊ မဟာဗျူဟာနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ချမှတ်ထားမှု၊ မသန်စွမ်းသူများ၏ ဘဝရပ်တည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ်ဥက္ကဋ္ဌ ဦးအောင်ကိုမြင့်က နိုင်ငံသားများနည်းတူ တန်းတူအခွင့်အရေးရရှိရန် ဆောင်ရွက်ပေးရေး၊ နိုင်ငံရေးနှင့် ပြည်သူ့နယ်ပယ်များတွင် ပါဝင်နိုင်ရေး၊ ပညာရေး၊ လူမှုရေးနယ်ပယ်များတွင် အပြည့်အဝ ခံစားခွင့်ရရှိရေး၊ ခွဲခြားဆက်ဆံမှုမရှိရေး၊ မူဝါဒပိုင်းနှင့် ကြိုတင်ပြင်ဆင်ရမည့် လုပ်ငန်းများ စတင်ချမှတ်ရေးစသည့် မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ အတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က ပထမအကြိမ်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုအခြေအနေ၊ လုပ်ငန်းကော်မတီအစည်းအဝေး ဆုံးဖြတ်ချက်များနှင့် ကော်မတီ၏ရှေ့လုပ်ငန်းစဉ်တို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် အစည်းအဝေးသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း၍မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ယင်းနောက် အစည်းအဝေး ဒုတိယပိုင်း အစီအစဉ်ကို ဆက်လက်ကျင်းပရာ အစည်းအဝေးသို့ တက်ရောက်လာကြသော မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအဖွဲ့ဝင်များ၊ ဆက်စပ်ဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ မသန်စွမ်းသူများ အသင်းချုပ်နှင့် မသန်စွမ်းသူများ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် မသန်စွမ်းဆက်စပ် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက မသန်စွမ်းသူများ၏ အခွင့်အရေးများ၊ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ လုပ်ငန်းလိုအပ်ချက်များနှင့် ပူးပေါင်းဆောင်ရွက်သွားရမည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

## ❖ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှ

အဆိုပါ ကိုယ်စားလှယ်အဖွဲ့တွင် "ဝ" ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA)မှ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် ပေါက်ယူရီနှင့် ကျောက်ကော်အမ်း၊ ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO)မှ ဗိုလ်ချုပ်ဂွမ်မော်နှင့် ဆင်ဝါး၊ ရက္ခိုင့်တပ်မတော်(AA)မှ ဒေါက်တာ ညိုထွန်းအောင်၊ တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော်(TNLA)မှ ဒုတိယဥက္ကဋ္ဌ တာကူလန်း၊ မြန်မာအမျိုးသားဒီမိုကရေစီ မဟာမိတ်တပ်မတော် (MNDAA)မှ ရန်ဝယ်ကျုံးနှင့် ဖုံးရွှင်တို့ ဦးဆောင်သည့် အဖွဲ့ဝင် ၃၆ ဦး လိုက်ပါလာကြသည်။

ထို့အတူ အမျိုးသားဒီမိုကရေစီ မဟာမိတ်တပ်မတော် (NDAA)မှ ဦးစံပေ့ခေါင်းဆောင်သည့်အဖွဲ့ဝင် ၂၁ ဦးသည် ယမန်နေ့ည ၉ နာရီတွင်လည်းကောင်း၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP)မှ ဦးဆေးထင် ခေါင်းဆောင်သည့် အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင်လည်းကောင်း နေပြည်တော်သို့ ရောက်ရှိကြသည်။

**သတင်းစဉ်**

## တရုတ်နိုင်ငံမှ ဈေးနှိမ်ဝယ်ယူခြင်းနှင့် ပို့ဆောင်ရေးခက်ခဲခြင်းတို့ကြောင့် ပြည်ပပို့ဆန်များ ဈေးနှုန်းကျဆင်း

**မန္တလေး ဇူလိုင် ၁၀**

မန္တလေးတိုင်းဒေသကြီးအတွင်းမှ တင်ပို့လျက်ရှိသော ပြည်ပပို့ဆန်များမှာ တရုတ်နိုင်ငံမှ ဈေးနှိမ်ဝယ်ယူနေခြင်းနှင့် ပို့ဆောင်ရေးပိုင်းအခက်အခဲရှိခြင်းကြောင့် ဈေးနှုန်းများ ကျဆင်းနေကြောင်း ဆန်စပါးကုန်စည်ဒိုင်မှ သိရသည်။

"ပြည်ပပို့တဲ့ဆန်တွေက နယ်ပေါင်းစုံက ဝင်နေတဲ့အတွက် တရုတ်ဝယ်လက်တွေက ဈေးနှိမ်ပြီးဝယ်နေတယ်။ လမ်းခရီးမှာလည်း အဖမ်းအဆီးများနေတဲ့အတွက် တင်ပို့ရတာ အဆင်မပြေဘူး။ ဒါကြောင့် ဆန်ဈေးက ကျနေတယ်" ဟု အဆိုပါကုန်စည်ဒိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြည်ပသို့တင်ပို့ရောင်းချမည့် ဆန်များကို မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရမည်းသင်းဒေသများမှ အဓိကစိုက်ပျိုးလျက်ရှိပြီး ၁၀ ဒသမ ၇၅ ပိဿာရှိ ဆန်တစ်အိတ်လျှင် ယခင်က ငွေကျပ် ၂၄၀၀၀ မှ ယခုအခါ ၂၂၀၀၀ ကျပ် အထိကျဆင်းနေကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးမှ ထွက်ရှိသော ၇၂၇၄၇၊ ရေဆင်းသွယ်၊ မကွေးတိုင်းဒေသကြီးမှ ထွက်ရှိသော ရက်ကိုးဆယ်စပါး၊ ရတနာကိုးသွယ်စပါး၊ မန္တလေးတိုင်းဒေသကြီး ကူမဲမြို့နယ်မှ ရေဆင်းစပါး စသည်တို့မှာ ယခင်က ၁၀ ဒသမ ၇၅ ပိဿာဆန်တစ်အိတ်လျှင် ငွေကျပ် ၂၂၀၀၀ ဖြင့် ဈေးဖွင့်ထားသော်လည်း မန္တလေးကုန်သည်များက ဝယ်ယူမှုနည်းပါးနေသေးကြောင်း သိရသည်။

လက်ရှိအနေအထားအရ ပြည်ပပို့ဆန်များကို အစိုးရက ကြားခံရောင်းချပေးခြင်း သို့မဟုတ် မူဝါဒပြောင်းလဲမှုမရှိပါက ဈေးနှုန်းဆက်လက်ကျဆင်းဖွယ်ရှိကြောင်း ဆန်စပါးကုန်သည်များက သုံးသပ်ပြောကြားသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# သတင်းစာဆရာဘဝကို ပိုမိုခုံမင်မြတ်နိုးသူ ဒီးဒုတ်ဦးဘချို

**“အဲဒီနေ့က မင်းအဘိုးကိုတွေ့လိုက်ရတာ နောက်ဆုံးပဲ” ဟု အာဇာနည်ခေါင်းဆောင်ကြီးများ မကျဆုံးမီ နေအိမ်မှ အတွင်းဝန်ရုံးသို့ အစည်းအဝေးတက်ရန် ထွက်သွားသည့် ခင်ပွန်းဖြစ်သူ ဒီးဒုတ်ဦးဘချို၏ နောက်ဆုံးမြင်ကွင်းကို ဇနီးဖြစ်သူ ဒေါ်လှမေက မြေးဖြစ်သူ ဦးဇော်မြင့်ချိုအား ပြောပြခဲ့သည်။**

“အဲဒီနေ့က အဘိုးက ငါ့စိတ်ထဲ အာရုံတွေ သိပ်မကောင်းဘူးဆိုပြီး အဘွားကို ပြောခဲ့သေးတယ်လို့ အဘွားက ပြန်ပြောပြတယ်”ဟု မြေးဖြစ်သူ ဦးဇော်မြင့်ချိုက ပြောသည်။

ဒီးဒုတ်ဦးဘချိုသည် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရန်အတွက် ကြိုးပမ်းရင်း ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ရန်ကုန်မြို့ အတွင်းဝန်များရုံး၌ အာဇာနည်ခေါင်းဆောင်ကြီးများနှင့်အတူ လုပ်ကြံခံရပြီး ကွယ်လွန်ခဲ့ရရှာသည်။

“အဘိုးက ဗေဒင်နက္ခတ်လည်း တတ်တယ်၊ တိုင်းပြည်နက္ခတ် မကောင်းဘူး၊ တိုင်းပြည်ကံကြမ္မာ မှေးမှိန်နေတယ်လို့ အဘိုးက ဗိုလ်ချုပ်အောင်ဆန်းကို သတိပေးခဲ့တယ်၊ ဇူလိုင်လ ၁၉ ရက်နေ့ရောက်ခါနီး ထပ်ပြီးပြောတယ်၊ ဗိုလ်ချုပ်က ဘာပြောလဲဆိုတော့ ဆရာချိုက ကြောက်လို့လားတဲ့၊


ဦးဇော်မြင့်ချို

မဟုတ်ဘူး၊ ဗေဒင်ပညာအရပြောတာလို့ အဘိုးက ပြန်ပြောတယ်” ဟု အဘွားဖြစ်သူ ပြန်လည်ပြောပြသည့် အဘိုးအကြောင်းကို မြေးဖြစ်သူ ဦးဇော်မြင့်ချိုက ပြောသည်။

ဒီးဒုတ်ဦးဘချို ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်လှမေ၊ သမီးလတ် မခင်ပုနှင့် သမီးငယ် မခင်ခင်ဦးတို့ ကျန်ရစ်ခဲ့ပြီး သမီးကြီး မခင်နုနှင့် သမီး မေမေခင်တို့မှာ ဂျပန်ခေတ်တွင် ကွယ်လွန်သွားခဲ့ကြောင်း ဒီးဒုတ်ဦးဘချို၏ သမီးအငယ်ဆုံးမှ မွေးဖွားသည့် မြေးဖြစ်သူ ဦးဇော်မြင့်ချိုက ပြောသည်။

ဒီးဒုတ်ဦးဘချိုသည် အမျိုးသားလွတ်လပ်ရေးတိုက်ပွဲ၊ အမျိုးသားပညာရေး၊ အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းရေးတို့အတွက် ရှေ့တန်းအောင်လံဂျာနယ် တစ်စောင်အဖြစ် ထင်ရှားခဲ့သည့် ဒီးဒုတ်ဂျာနယ်ကို ၁၉၂၅ ခုနှစ်တွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ဗိုလ်ချုပ်လမ်းပေါ်ရှိ အမှတ် ၈၄ နေအိမ်တွင် ထုတ်ဝေခဲ့သည်။

“အဘိုးမရှိတော့ပေမယ့် ဒီးဒုတ်ဂျာနယ်ကို ဒီဘက်ခေတ်အထိ ထုတ်ခဲ့တယ်၊ အဘိုးဆုံးပြီး အဘိုးမိတ်ဆွေအပေါင်းအသင်းတွေက ဝိုင်းကူပေးကြတယ်၊ နောက်ပိုင်းတော့ ဆက်မထုတ်ဖြစ်တော့ဘူး၊ ရပ်သွားတယ်၊ ထုတ်ဝေခွင့်မှတ်ပုံတင်က အခုထိရှိသေးတယ်၊ သက်တမ်းလည်း မတိုးဘူး”ဟု မြေးဖြစ်သူ ဦးဇော်မြင့်ချိုက ပြောသည်။

ဒီးဒုတ်ဦးဘချိုသည် ဂီတ၊ စာပေဘက်တွင်လည်း ဝါသနာပါခဲ့ပြီး အသက်ထင်ရှားရှိစဉ်က တီးခတ်ခဲ့သည့် စောင်းကောက်၊ ရေးသားခဲ့သည့် စာအုပ်စာပေများသည် ယနေ့ထိတိုင် မြေးဖြစ်သူ ဒေါက်တာဒေါ်ခင်လှချို၏ နေအိမ်တွင် သမိုင်းမှတ်တမ်းအဖြစ် သိမ်းဆည်းထားသည်ဟု သိရသည်။

ဒီးဒုတ်ဦးဘချိုသည် ဘီအေအထက်တန်းတွင် ပညာသင်ယူနေဆဲကာလ မျက်စိရောဂါကြောင့် ကျောင်းမှထွက်ကာ ပေါင်းတည်နှင့် ဟင်္သာတမြို့တို့တွင် ကျောင်းဆရာအဖြစ် အမှုထမ်းခဲ့ပြီး အမျိုးသားကောလိပ်များ ဖွင့်လှစ်သည့်အခါ အစိုးရအလုပ်မှ နုတ်ထွက်၍ အမျိုးသားကောလိပ်တွင် မြန်မာစာသင်ကြားပို့ချခဲ့သည်။

မြန်မာတစ်နိုင်ငံလုံး လွတ်လပ်ရေးရရှိရန် ကြိုးပမ်းရန်အတွက် ဖဆပလ အဖွဲ့ချုပ် ဖွဲ့စည်းသောအခါ ဝင်ရောက်ဆောင်ရွက်ခဲ့သည်။ တိုင်းပြုပြည်ပြုလွှတ်တော်တွင် မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး ကော်မတီအဖွဲ့ဝင် ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြတို့နှင့်အတူ အထူးအပင်ပန်းခံ ဆောင်ရွက်ခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော လွတ်လပ်ရေးအကြိုခေတ် အစိုးရအဖွဲ့တွင် ပြန်ကြားရေးဝန်ကြီးအဖြစ် ပါဝင်ခဲ့သည်။

ထိုခေတ်အခါက ဒီးဒုတ်ဂျာနယ်တိုက် ဖွင့်လှစ်ထားသည့် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ဗိုလ်ချုပ်လမ်းပေါ်ရှိ အမှတ် ၈၄ ဒီးဒုတ်ဦးဘချိုနေအိမ်တွင် နိုင်ငံရေးသမားများ၊ သတင်းသမားများ၊ ဂီတဝါသနာရှင်များ၊ ဗေဒင်လက္ခဏာ ဝါသနာပါသူများဖြင့် နေ့စဉ်စည်ကားလျက်ရှိခဲ့သည်။

“နိုင်ငံရေးသမားတွေက အဘိုးတို့အိမ်မှာ စားအိမ်၊ သောက်အိမ်ပေါ့၊ တစ်ခါတလေ မိုးချုပ်မှလာရင် အဘွားက မရှိရှိတာ ရှာကြံချက်ကျွေးရတယ်”ဟု လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်နေသည့် နိုင်ငံရေးသမား လူငယ်များအပေါ် ဒီးဒုတ်ဦးဘချိုထားသည့် စိတ်နေစိတ်ထားကို အဘွားဖြစ်သူ၏ ပြောပြချက်အရ သိရကြောင်း မြေးဖြစ်သူ ဦးဇော်မြင့်ချိုက ပြောသည်။

အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးပြီးနောက်ပိုင်း မိသားစုဝင်များ အဆင်ပြေစွာ လုပ်ကိုင်စားသောက်နိုင်ရန် BOC ကုမ္ပဏီမှ ဓာတ်ဆီဆိုင်ပါမစ်များကို ချပေးရာတွင် ဒီးဒုတ်ဦးဘချို၏ ဇနီးဖြစ်သူကလည်း ဆီဆိုင်ပါမစ် ရရှိခဲ့ကြောင်း၊ ပြည်သူပိုင်မသိမ်းခင် ဆီဆိုင်ပါမစ်ကို ကုမ္ပဏီသို့ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

“ဟိုအရင်က အာဇာနည်နေ့နဲ့ပတ်သက်ပြီး မှေးမှိန်တာကို အာဇာနည်မိသားစုဝင်တွေအနေနဲ့ သတိထားမိကြတယ်၊ ဒါပေမယ့် ခေတ်အခြေအနေအရ ဖြစ်လာတာ ဘာတတ်နိုင်မှာလဲ၊ စိတ်ထဲကတော့ ခံစားမှုရှိတာပေါ့၊ ဒီမိုကရေစီ အစိုးရခေတ်မှာ အာဇာနည်နေ့နဲ့ပတ်သက်ပြီး အလေးထားပြီး လုပ်လာတာတွေ့ရတော့ မိသားစုတွေအနေနဲ့ ဝမ်းသာတာပေါ့”ဟု ဦးဇော်မြင့်ချိုက ပြောသည်။

အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ရသည့် ဇူလိုင်လ ၁၉ ရက်နေ့ရောက်တိုင်း ဒီးဒုတ်ဦးဘချိုအတွက် ကောင်းမှုကုသိုလ်အဖြစ် ဗိုလ်ချုပ်လမ်း ဒီးဒုတ်တိုက်တွင် သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ရာမှ နောက်ပိုင်း ဘိုးဘွားရိပ်သာတွင်သာ အလှူပြုလုပ်ခဲ့ကြောင်း၊ ယခုနှစ်တွင်လည်း အဘိုးဖြစ်သူ ဒီးဒုတ်ဦးဘချိုအတွက် မြေးများက ဘိုးဘွားရိပ်သာတွင် သံဃာတော်များအား


အာဇာနည်ခေါင်းဆောင်ကြီး ဒီးဒုတ်ဦးဘချို၏ ဇနီးနှင့် မိသားစုဓာတ်ပုံ။

## ဒီးဒုတ်ဦးဘချို

(၂၄ ဧပြီ ၁၈၉၃ - ၁၉ ဇူလိုင် ၁၉၄၇)



- ❖ သူ၏ ဒီးဒုတ်ဂျာနယ်ကို အမျိုးသားလွတ်လပ်ရေးတိုက်ပွဲ၊ အမျိုးသားပညာရေး၊ အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းရေးတို့အတွက် ရှေ့တန်းအောင်လံဂျာနယ် တစ်စောင်ဟု သိခဲ့ကြသည်။
- ❖ ထိုဂျာနယ်ကို ၁၉၂၅ ခုနှစ်တွင် ဦးဘချို ထုတ်ဝေခဲ့သည်။ ထိုဂျာနယ်၏ အမည်ကို သူ့အမည်တွင် တွဲ၍ ဒီးဒုတ်ဦးဘချိုဟု အများက သိခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော လွတ်လပ်ရေးအကြိုခေတ် အစိုးရအဖွဲ့တွင် ပြန်ကြားရေးဝန်ကြီးအဖြစ် ပါဝင်ခဲ့သည်။
- ❖ ဦးဘချိုသည် မြောင်းမြမြို့ ဆေးဆရာကြီး ဦးဘိုးစာ၊ ဒေါ်မြစ်တို့၏ သားဖြစ်သည်။ ၁၈၉၃ ခုနှစ် ဧပြီလ ၂၄ ရက် တနင်္လာနေ့တွင် ဖွားမြင်သည်။ သတ္တမတန်းအထိ မြောင်းမြမြို့တွင် ပညာသင်ကြားခဲ့ပြီး သတ္တမတန်းကို အထူးအောင်မြင်၍ စကောလားရှစ် (ခေါ်) ပညာသင်ဆုကို ရခဲ့သည်။ ထို့နောက် ရန်ကုန်မြို့ စိန်ပေါကျောင်းတွင် ဆက်လက်၍ ပညာသင်ကြားရာ ၁၀ တန်းကို အထူးအောင်ကာ ပညာသင်ဆုရပြန်သည်။ ဘီအေအထက်တန်းတွင် သင်နေဆဲ မျက်စိရောဂါကြောင့် ကျောင်းမှ ထွက်ခဲ့သည်။
- ❖ ကျောင်းထွက်ပြီးနောက် ပေါင်းတည်နှင့် ဟင်္သာတမြို့များတွင် ကျောင်းဆရာအဖြစ် အမှုထမ်းခဲ့သည်။ အမျိုးသားကောလိပ်များ ဖွင့်လှစ်သည့်အခါ အစိုးရအလုပ်မှ နုတ်ထွက်လိုက်ပြီး အမျိုးသားကောလိပ်တွင် မြန်မာစာသင်ကြားပို့ချသည်။ ၁၉၂၀ ပြည့်နှစ်တွင် ဒေါ်လှမေနှင့် လက်ထပ်သည်။
- ❖ ဦးဘချိုသည် ဂျပန်ခေတ် အစိုးရလက်ထက်တွင် အတိုင်ပင်ခံလွှတ်တော်အမတ်အဖြစ် ထမ်းဆောင်ခဲ့သည်။ မြန်မာတစ်နိုင်ငံလုံး လွတ်လပ်ရေးရရှိရေး ကြိုးပမ်းရန်အတွက် ဖဆပလအဖွဲ့ချုပ် ဖွဲ့စည်းသောအခါ ဝင်ရောက်ဆောင်ရွက်သည်။ တိုင်းပြုပြည်ပြုလွှတ်တော်တွင် မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး ကော်မတီအဖွဲ့ဝင် ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြတို့နှင့်အတူ အထူးအပင်ပန်းခံ၍ ဆောင်ရွက်ခဲ့သည်။
- ❖ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ခေါင်းဆောင်ကြီးများနှင့်အတူ လုပ်ကြံခံရပြီး မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်လှမေ၊ သမီးလတ်နှင့် သမီးငယ် (မခင်ပုနှင့် မခင်ခင်ဦး)တို့ ကျန်ရစ်သည်။ သမီးကြီး မခင်နုနှင့် မေမေခင်တို့မှာ ဂျပန်ခေတ်တွင် ဆုံးပါးခဲ့သည်။

**“ဒီးဒုတ်ဦးဘချိုသည် တိုင်းပြုပြည်ပြုလွှတ်တော်တွင် မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး ကော်မတီအဖွဲ့ဝင် ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြတို့နှင့်အတူ အထူးအပင်ပန်းခံ ဆောင်ရွက်ခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော လွတ်လပ်ရေးအကြိုခေတ် အစိုးရအဖွဲ့တွင် ပြန်ကြားရေးဝန်ကြီး အဖြစ် ပါဝင်”**

ဆွမ်းဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ဒီးဒုတ်ဦးဘချိုသည် သတင်းစာဆရာတစ်ဦးဖြစ်သည်နှင့်အညီ သတင်းသမားတစ်ဦး၏ ခံယူချက်၊ စောင့်ထိန်းရမည့်ကျင့်ဝတ်များ၊ သတင်းရေးသားရာတွင် တိကျမှန်ကန်မှုရှိရမည်ဟူသည့် ခံယူချက်တို့ကို စွဲကိုင်ကာ ကျင့်သုံးခဲ့သည်ဟု အဘွားဖြစ်သူ၏ ပြောပြချက်အရ မြေးဖြစ်သူ ဦးဇော်မြင့်ချို သိခဲ့ရသည်။

“အဘိုးသာ အသက်ထင်ရှားရှိနေမယ်ဆိုရင် သတင်းစာဆရာတစ်ယောက်အနေနဲ့ တွေ့မြင်ရမှာပါ”ဟု မြေးဖြစ်သူ ဦးဇော်မြင့်ချိုက ပြောသည်။ ။

**သတင်းဆောင်းပါး - မင်းသစ်(MNA)**
**ဓာတ်ပုံ - ဇော်မင်းလတ်**

**အာဇာနည်နေ့ အကြိုဆောင်းပါး**

# အင်္ဂလိပ်စာတွင်လည်း ထူးချွန်သည့် အာဇာနည်ခေါင်းဆောင်ကြီး

**ကျောင်းသားခေါင်းဆောင် ကိုအောင်ဆန်း၊ အမျိုးသားခေါင်းဆောင် သခင်အောင်ဆန်း၊ တပ်မတော်၏ဖခင် ဗိုလ်ချုပ်အောင်ဆန်း၊ လွတ်လပ်ရေးဗိသုကာ ဦးအောင်ဆန်းသည် တိုတောင်းလှသော လူ့ဘဝတွင် တိုင်းပြည်နှင့် လူမျိုးအတွက် မနားမနေ ကြိုးပမ်းအားထုတ်ခဲ့သည်။ အသက်ကိုပင် ပေးဆပ်စွန့်လွှတ်ခဲ့ရသည်။ ဗိုလ်ချုပ်သည် လွတ်လပ်ရေး ကြိုးပမ်းစဉ် စာအုပ်စာပေများကို အပတ်တကုတ် ဖတ်မှတ်လေ့လာခဲ့သည်။ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော နိုင်ငံရေးစာပေများကို လေ့လာခဲ့သည်။ တက္ကသိုလ်ကျောင်းသားဘဝကတည်းက ဆောင်းပါးများ ရေးသားခဲ့သည်။ အင်္ဂလိပ်ဆောင်းပါးများကိုလည်း ရေးသားခဲ့သည်။ မိန့်ခွန်းများကိုလည်း အင်္ဂလိပ်စာဖြင့် ကိုယ်တိုင်ရေးသားခဲ့သည်။**



**ငယ်စဉ်ကတည်းက အင်္ဂလိပ်စာထူးချွန်**

၁၉၂၉ ခုနှစ် မတ်လတွင်ကျင်းပသည့် သတ္တမတန်းစာမေးပွဲတွင် ရေနံချောင်းအမျိုးသားအထက်တန်းကျောင်းမှ ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် ကျောင်းသား သုံးဦးသည် ပညာသင်ဆုရရှိခဲ့ကြသည်။ ထိုစဉ်က ကျောင်းမှထုတ်ဝေခဲ့သော လက်ရေးမဂ္ဂဇင်းတစ်စောင်တွင် မောင်အောင်ဆန်းသည် အင်္ဂလိပ်စာကဏ္ဍ စာတည်းအဖြစ် ဆောင်ရွက်ခဲ့သည်။ ထိုစဉ်က ဗိုလ်ချုပ်အောင်ဆန်းသည် နဝမတန်းသာရှိသေးသော်လည်း အဆင့်မြင့်အင်္ဂလိပ်စာများကို ရေးသားတတ်နေပြီဖြစ်သည်။ ဗိုလ်ချုပ် အင်္ဂလိပ်စာထူးချွန်ကြောင်းကို ငယ်စဉ်က သူ့ကို အင်္ဂလိပ်စာသင်ကြားပေးခဲ့သည့် ဆရာကြီး ဦးခင်သန်း ကိုယ်တိုင်ရေးသားခဲ့သည့်စာကို ဖတ်မှတ်ဖူးပါသည်။

**တက္ကသိုလ်ကျောင်းသားဘဝ**

၁၉၃၂ ခုနှစ်တွင် ၁၀ တန်းအောင်၍ ရန်ကုန်တက္ကသိုလ်သို့ ရောက်ရှိခဲ့သည်။ ရည်မှန်းချက်ကြီးမားသူပီပီ တက္ကသိုလ်ကျောင်းသားဘဝတွင် စာပေမှလွဲ၍ အခြားအရာများကို စိတ်မဝင်စားခဲ့ချေ။ တက္ကသိုလ်စကားရည်လုပွဲများတွင် အင်္ဂလိပ်လို ဝင်ရောက်ဆွေးနွေးခဲ့သည်။ ထိုစဉ်က အသံနေအသံထားနှင့် လေယူလေသိမ်း တိကျမှုမရှိသော်လည်း ဆိုလိုရင်းကို ရောက်အောင်ပြောခဲ့သည်။ အခြားကျောင်းသားများက ဗိုလ်ချုပ်၏ အင်္ဂလိပ်စာအသံထွက်နှင့်ပတ်သက်၍ ဝေဖန်မှုများရှိသော်လည်း ဂရုမစိုက်ခဲ့ပေ။ သူ၏ယုံကြည်ချက်အတိုင်းသာ ဆောင်ရွက်ခဲ့သည်။

တက္ကသိုလ်ကျောင်းသားဘဝတွင် Burma and Buddhism၊ Freedom of Dress in Schools ဆောင်းပါးများကို ရေးသားခဲ့သည်။ တက္ကသိုလ်ကျောင်းသားများ သမဂ္ဂအစည်းအဝေးများတွင် အင်္ဂလိပ်ဘာသာစကားဖြင့် စကားပြောတတ်သည်။ အခြားသူများက "ဗမာလိုပြောပါဗျ" ဟု ဝိုင်းအော်နေသည်ကိုပင် အမှုမထားဘဲ ဆက်ပြောလေ့ရှိသည်။ သူ့ယုံကြည်ချက်အတိုင်း ဆက်လုပ်ခဲ့သည်။ အင်္ဂလိပ်စကား ကောင်းကောင်းပြောတတ်လျှင် အင်္ဂလိပ်စာကောင်းကောင်းရေးနိုင်မည်ဟု ယုံကြည်ထားသောကြောင့်ဖြစ်သည်။

နိုင်ငံတကာနှင့်ဆက်ဆံရာတွင်လည်း အင်္ဂလိပ်ဘာသာသည် အရေးပါသည်ဟူသောအမြင်ကို လက်ခံထားသူဖြစ်သည်။ အင်္ဂလိပ်စာတတ်ထားမည်ဆိုလျှင် မြန်မာနိုင်ငံလွတ်လပ်ရေးတိုက်ပွဲတွင် များစွာအထောက်အကူပြုမည်ဆိုသည်ကိုလည်း သဘောပေါက်ထားသူဖြစ်သည်။ ယုံကြည်ချက်ခိုင်မာသဖြင့် ပြင်းပြင်းထန်ထန် ကြိုးစားခဲ့သည်။ မျိုးဆက်သစ်လူငယ်များ အတုယူသင့်ပေသည်။

**မိန့်ခွန်းများကို အင်္ဂလိပ်လိုရေး**

ဗိုလ်ချုပ်အောင်ဆန်းသည် လွတ်လပ်ရေးတိုက်ပွဲကာလအတွင်း သူ၏မိန့်ခွန်းများကို ကိုယ်တိုင် အင်္ဂလိပ်လိုရေးသားခဲ့သည်။ သာဓကအနေဖြင့် တော်လှန်ရေး (The Resistance Movement)၊ ဗမာ့လွတ်လပ်ရေးပြဿနာများ (Problems for Burma's Freedom)၊ ဗြိတိသျှနယ်ချဲ့စနစ်အားဝေဖန်ရေး(Critiqueon British Imperialism)၊ အိန္ဒိယပြည်အားကြိုဆိုပါ၏ (Welcome India)၊ အခြေအနေနှင့် လုပ်ငန်းစဉ်(The Situation and Tasks)၊ အင်္ဂလိပ်-မြန်မာကပြားများသို့ (An Address to the Anglo-Burmans) စသည့် မိန့်ခွန်းခြောက်ပုဒ်ကို စာပေဗိမာန်က ၁၉၇၁ ခုနှစ်တွင် ထုတ်ဝေသည့် ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းများစာအုပ်တွင် အပြည့်အစုံ ဖော်ပြထားပါသည်။ အင်္ဂလိပ်စာ စိတ်ပါဝင်စားသည့် မျိုးဆက်သစ်လူငယ် များအနေဖြင့် လေ့လာနိုင်ပါသည်။ ထိုမိန့်ခွန်းများတွင် အာဇာနည် ခေါင်းဆောင်ကြီး၏အတွေးအခေါ်နှင့် စိတ်နေစိတ်ထားတို့ကို လေ့လာ အတုယူနိုင်ပါသည်။

ဗိုလ်ချုပ်သည် လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလတစ်လျှောက်လုံး အင်္ဂလိပ် မျက်နှာဖြူများကို အင်္ဂလိပ်ဘာသာစကားဖြင့် သူတင်၊ ကိုယ်တင်ပြောဆိုဆွေးနွေးနိုင်ခဲ့သည်။ လွတ်လပ်ရေးအတွက် အရေးပါသည့် အောင်ဆန်း-အက်တလီစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ တက္ကသိုလ်ကျောင်းသားဘဝမှသည် ကျဆုံးသွားချိန်အထိ တိုင်းပြည်အတွက် မမောမပန်း အလုပ်လုပ်သွားခဲ့သည်။

၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်နေ့တွင် လန်ဒန်မြို့ အမှတ်(၁၀) ဒေါင်းနင်းလမ်းရှိ ဗြိတိသျှ ဝန်ကြီးချုပ်ရုံး၌ အက်တလီနှင့်တွေ့ဆုံစဉ် ဗိုလ်ချုပ်ပြောဆိုခဲ့သည့်မိန့်ခွန်းမှ အချို့ကို မျိုးဆက်သစ်လူငယ်များ လေ့လာနိုင်ရန် အင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့် ကောက်နုတ်ဖော်ပြရလျှင် "I would like to say on behalf of the delegation that whatever differences we may have in Burma, though indeed they are few and unimportant, we are one in our demand for full and unfettered freedom. We want that freedom soon, and we want to have the opportunity to prepare for it now." "ကိုယ်စားလှယ်အဖွဲ့ကိုယ်စားပြောလိုသည်မှာ ကျွန်ုပ်တို့မြန်မာပြည်တွင် အရေးမကြီးလှသောကိစ္စတချို့၌ သဘောထားကွဲလွဲမှုများရှိနေပေမယ့် ကျွန်ုပ်တို့တိုင်းရင်းသားအားလုံးသည် အချုပ်အချယ် ကင်းမဲ့သောတင်းပြည့် ကျပ်ပြည့်လွတ်လပ်ရေးကိုတောင်းဆိုရာတွင် တစ်သံတည်းဖြစ်ပါကြောင်း၊ ကျွန်ုပ်တို့သည် ထိုလွတ်လပ်ရေးကို အလျင်အမြန် လိုချင်ကြသဖြင့် ယခုမှစတင်၍ ပြင်ဆင်လိုပါကြောင်း" ပြောကြားသွားပါသည်။

**အတုယူသင့်**

ဗိုလ်ချုပ်သည် ထိုစဉ်က အသက် ၃၂ နှစ်သာရှိသေးသော်လည်း အတွေးအခေါ်သည် ထောင့်စုံနေသည်။ လက်ရှိအချိန်အထိ အသက်ဝင်နေလျက်ရှိသည်။ လွတ်လပ်ရေး၏ဖခင် ဗိုလ်ချုပ်အောင်ဆန်းသည် ငယ်စဉ်ကတည်းက အများနှင့်မတူ တစ်မူထူးခြားစွာ နေထိုင်လေ့ရှိသည်။ မိဘများ၊ ဆရာသမားများအပေါ်တွင် မုသားစကားပြောဆိုလေ့မရှိဘဲ ကလေးသဘာဝ မိမိ၏စိတ်ထဲတွင် ဖြစ်ချင်သောဆန္ဒအမှန်ကို ထုတ်ဖော်ပြောကြားဝံ့သော သတ္တိရှိခဲ့သည်။ ထို့အပြင် ကလေးဘဝတွင် ပြုမူခဲ့သည့်အမှားများကိုလည်း ရဲဝံ့စွာဝန်ခံရဲသော ရိုးသားဖြောင့်မတ်သည့်စိတ်ထားကို ပိုင်ဆိုင်ထားပြန်သည်။ ထိုစိတ်နေစိတ်ထားများသည် အနာဂတ်ကို စီမံခန့်ခွဲမည့်မျိုးဆက်သစ်လူငယ်များအတွက် အတုယူသင့်သော မွန်မြတ်တည်ကြည်သည့် စိတ်ဓာတ်ပင်ဖြစ်သည်။

အာဇာနည်သူရဲကောင်း ဗိုလ်ချုပ်အောင်ဆန်းသည် တက္ကသိုလ်ကျောင်းသားဘဝတွင်လည်း ကြွားဝါထောင်လွှားမှုမရှိဘဲ ကျောင်းစာကိုသာ အပတ်တကုတ် ကြိုးစားခဲ့သည်။ ထို့အပြင် သူတစ်ပါးအကြိုက် အားနာပြီး လိုက်ပါပြောဆိုပြုမူလေ့မရှိဘဲ အရှိကိုအရှိအတိုင်း ပြောဆိုဆက်ဆံပြုမူခဲ့သဖြင့် ကျောင်းသားများအကြားတွင် ပေါင်းသင်းဆက်ဆံရခက်ခဲသည့် လူတစ်ဦးဟု ရှုမြင်ခံခဲ့ရသည်။ တခြားသူများ မည်ကဲ့သို့ပင် လက်ညှိုးထိုးနေစေကာမူ ဖြောင့်မတ်စွာ ရပ်တည်ကြိုးစားခဲ့သဖြင့် တက္ကသိုလ်ကျောင်းသားခေါင်းဆောင်အဖြစ် ရွေးချယ်ခံခဲ့ရသည်။

**စွန့်လွှတ်အနစ်နာခံခဲ့**

သူ့ကျွန်ဘဝကျရောက်နေသော တိုင်းပြည်ကို နယ်ချဲ့တို့၏ လက်အောက်မှ လွတ်မြောက်ရေးအတွက် ကြိုးပမ်းမည်ဆိုသော ခိုင်မာပြတ်သားသည့် သန္နိဋ္ဌာန်ဖြင့် တက္ကသိုလ်မှထွက်ကာ လွတ်လပ်ရေးကြိုးပမ်းမှုများကို ဦးဆောင်ခဲ့သည်။ ထိုသို့ ကိုယ်ကျိုးမဖက်သည့် စိတ်ဓာတ်ဖြင့် ဆောင်ရွက်ခဲ့မှုများသည် သာမန်လူတို့ ဆောင်ရွက်နိုင်ခဲသော စွန့်လွှတ်အနစ်နာခံမှုပင်ဖြစ်သည်။ လွတ်လပ်ရေးအတွက် နယ်ချဲ့အားတိုက်ထုတ်ရန်သည် ခိုင်မာတောင့်တင်းပြီး စနစ်တကျဖွဲ့စည်းထားသည့် လက်နက်ကိုင်အဖွဲ့အစည်းတစ်ရပ်ရှိရမည်ဆိုသော တွေးခေါ်မြော်မြင်ဆုံးဖြတ်ဆောင်ရွက်နိုင်စွမ်းကလည်း အသက်အရွယ်နှင့်မလိုက်သောရင့်ကျက်မှုကို ပြသခဲ့ခြင်းပင် ဖြစ်သည်။

တပ်မတော်ဖွဲ့စည်းရေးအတွက် လိုအပ်လျက်ရှိသည့် နိုင်ငံခြားအကူအညီရရှိရေး ပြည်ပသို့ တိတ်တဆိတ်ထွက်ခွာခဲ့ရာတွင်လည်း အခက်အခဲပေါင်းစုံ ကြုံတွေ့ခဲ့ရပြန်သည်။ သို့သော် ခိုင်မာပြတ်သားသည့် သန္နိဋ္ဌာန်ကြောင့် ရည်မှန်းချက်ပြီးမြောက်အောင် ဆောင်ရွက်နိုင်သဖြင့် ရဲဘော်သုံးကျိပ်နှင့်အတူ စစ်ပညာသင်ယူဆည်းပူးနိုင်ခဲ့သည်။ ထို့နောက် လွတ်လပ်ရေးအတွက် အသက်ပေးသွားမည်ဟုသစ္စာဆိုကာ လက်မောင်းသွေးဖောက်သောက်ပြီး ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးကို ဖွဲ့စည်းနိုင်ခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ဘီအိုင်အေ၊ ဘီဒီအေ၊ ပီဘီအက်(ဖ်) တပ်မတော်များနှင့်အတူ နယ်ချဲ့နှင့် ဖက်ဆစ်ဂျပန်တို့ကို မြန်မာ့မြေပေါ်မှ အမြစ်ပြတ်ချေမှုန်းတိုက်ထုတ်နိုင်ခဲ့သည်။ ထို့အပြင် မြန်မာ့လွတ်လပ်ရေးအတွက်လည်း နယ်ချဲ့တို့ထံ တည်တံ့စွာပြောဆိုတောင်းဆိုနိုင်ခဲ့သည်။ နယ်ချဲ့တို့ထံ လွတ်လပ်ရေးတောင်းဆိုရေးအတွက် တိုင်းပြည်အတွင်း တရားမျှတသော ရွေးကောက်ပွဲကြီးကျင်းပကာ တိုင်းပြုပြည်ပြုလွှတ်တော်ကြီးကျင်းပနိုင်ခဲ့သည်။ ထိုလွှတ်တော်ကြီးမှ တိုင်းပြည်အတွက် အရေးပါသောဆုံးဖြတ်ချက်များချမှတ်နိုင်ခဲ့သည်။ ထို့နောက် လွတ်လပ်သောအချုပ်အခြာအာဏာပိုင် သမ္မတနိုင်ငံ ဖွဲ့စည်းထူထောင်ရန် အရေးကြီးအဆိုကို တင်သွင်းနိုင်ခဲ့သည်။ ဗိုလ်ချုပ်၏အမြော်အမြင်ကြီးမားမှုကြောင့် တစ်နှစ်အကြာတွင် ကျွန်တော်တို့နိုင်ငံနှင့် လူမျိုးအတွက် အသက်တမျှအရေးပါသော လွတ်လပ်ရေးကြီးကို ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လက်ဝယ်ပိုင်ပိုင် ရယူနိုင်ခဲ့ပါသည်။

ခြုံ၍တင်ပြရလျှင် အာဇာနည်ခေါင်းဆောင်ကြီးသည် လူ့ဘဝတွင် နေထိုင်ခဲ့သည့် သက်တမ်း ၃၃ နှစ် ကာလအတွင်း တိုင်းပြည်နှင့်လူမျိုးအတွက် အသက်ကိုပင်စွန့်လျက် မနားမနေကြိုးစားခဲ့သည်မှာ နိုင်ငံသားအားလုံး အတုယူဖွယ်ရာဖြစ်သည်။ ဗိုလ်ချုပ်သည် အန္တိမရည်မှန်းချက်ဖြစ်သည့် လွတ်လပ်ရေးကို ရအောင်ယူနိုင်ခဲ့သည်။ ထိုသို့လွတ်လပ်ရေးတိုက်ပွဲအတွက် လိုအပ်သည့်အရာမှန်သမျှကို ဖြည့်ဆည်းခဲ့သည်။ အထူးသဖြင့် ကိုလိုနီများနှင့် ဆက်ဆံရမည်ကို သဘောပေါက်ခဲ့သည်။ ထို့ကြောင့် ငယ်စဉ်ကတည်းက အင်္ဂလိပ်စာကို ကြိုးစားခဲ့သည်။ တက္ကသိုလ်ကျောင်းသားဘဝတွင် အင်္ဂလိပ်လို ပြောဆိုရေးသားခဲ့သည်။ အင်္ဂလိပ်စာ အသံနေ အသံထားနှင့်ပတ်သက်၍ ဝေဖန်မှုများရှိသော်လည်း ဂရုမစိုက်ခဲ့ပေ။ သူ့ယုံကြည်ချက်အတိုင်း တစိုက်မတ်မတ် ကြိုးပမ်းခဲ့သည်။ အင်္ဂလိပ်စာအုပ်များကို ဖတ်မှတ်လေ့လာခဲ့သည်။ ထို့ကြောင့် အင်္ဂလိပ်စာထူးချွန်လာခဲ့သည်။ ဗြိတိသျှတို့နှင့် သူတင်ကိုယ်တင် ဆွေးနွေးနိုင်ခဲ့သည်။ ဆိုရလျှင် တိုင်းပြည်လွတ်လပ်ရေး ပြန်လည်ရရှိအောင် ဆောင်ကြဉ်းပေးနိုင်ခဲ့သည်။ ထို့ကြောင့် လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်းကို အင်္ဂလိပ်စာတွင်လည်း ထူးချွန်သည့် အာဇာနည်ခေါင်းဆောင်ကြီးအဖြစ် တင်စားရေးသားပါရစေ။ ။

"ဗိုလ်ချုပ်အောင်ဆန်းသည် တက္ကသိုလ်ကျောင်းသားဘဝတွင်လည်း ကြွားဝါထောင်လွှားမှုမရှိဘဲ ကျောင်းစာကိုသာ အပတ်တကုတ် ကြိုးစားခဲ့သည်။ ထို့အပြင် သူတစ်ပါးအကြိုက် အားနာပြီး လိုက်ပါပြောဆိုပြုမူလေ့မရှိဘဲ အရှိကိုအရှိအတိုင်း ပြောဆိုဆက်ဆံပြုမူခဲ့သဖြင့် ကျောင်းသားများအကြားတွင် ပေါင်းသင်းဆက်ဆံရခက်ခဲသည့် လူတစ်ဦးဟု ရှုမြင်ခံခဲ့ရသည်။"

■ မောင်စိန်အိ(နဘဲမြေ)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၁၀**
ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီမှ ဒုတိယဥက္ကဋ္ဌ(၁) ဦးအုန်းကြိုင်၊ ဦးမင်းဟန်၊ ဒေါ်သင်းသင်းသာ၊ ဦးကျော်စွာမင်း၊ ဦးခိုင်မြတ်ကျော်နှင့် ဦးဇေယျတို့အား ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် သတင်းမီဒီယာကောင်စီအတွက် အခန်းဌားရမ်းမည့်ကိစ္စ၊ နောက်သုံးနှစ်သက်တမ်းအတွက် ကောင်စီဝင်သစ်များ ရွေးချယ်တင်မြှောက်ရေး လုပ်ငန်းစဉ် ဆောင်ရွက်မှုအခြေအနေနှင့် ဆောင်ရွက်သွားရန်ရှိသည့် ကိစ္စရပ်များ၊ သတင်းမီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးကြသည်။ **(ယာပုံ)**

တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၀**
ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ၏ ၆/၂၀၁၈ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယနေ့မွန်းလွဲ ၂ နာရီတွင် ကျင်းပခဲ့ရာ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ပူးတွဲဥက္ကဋ္ဌဖြစ်သူ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ဒုတိယဥက္ကဋ္ဌဖြစ်သူ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးခင်မောင်တင်၊ ကော်မတီအတွင်းရေးမှူးဖြစ်သူ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ်သန်းထွဋ်၊ တွဲဖက်အတွင်းရေးမှူးဖြစ်သူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် ကော်မတီအဖွဲ့ဝင် ဝန်ကြီးဌာနများမှ ကော်မတီဝင်များ တက်ရောက်သည်။




### ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ယနေ့ အစည်းအဝေးသည် ၂၀၁၈ ခုနှစ်အတွင်း ခြောက်ကြိမ်မြောက်ကျင်းပခြင်းဖြစ်ပြီး ကော်မတီစတင်ဖွဲ့စည်းချိန်မှဆိုလျှင် ၁၅ ကြိမ်မြောက် ကျင်းပခြင်းဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်တစ်ခုလုံး လုံခြုံရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများရရှိရေး စသည့်အချက်သုံးချက်ကို အဓိကထား အကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက် ၈၈ ချက်တွင် အချက် ၈၀ ခန့်ကို အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ဆောင်ရွက်ရန်ကျန်ရှိသည့် အချက်များကို ဆောင်ရွက်နိုင်ရေးအတွက်လည်း ပြည်နယ်အစိုးရနှင့် တက်ရောက်လာကြသည့် ကော်မတီအဖွဲ့ဝင်များမှ ဝိုင်းဝန်းဆွေးနွေးကြစေလိုပါကြောင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ချက်များကို ထုတ်ပြန်မှုအနေဖြင့် ဒုတိယအကြိမ် ပြည်သူသို့ အစီရင်ခံစာကို နိုင်ငံပိုင်သတင်းစာများ၌ ဇွန် ၂ ရက်တွင် မြန်မာဘာသာဖြင့် လည်းကောင်း၊ ဇွန် ၁၇ ရက်တွင် အင်္ဂလိပ်ဘာသာဖြင့် လည်းကောင်း ထုတ်ပြန်ပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ တတိယအကြိမ် ပြည်သူသို့အစီရင်ခံစာ ထုတ်ပြန်နိုင်ရေးအတွက်လည်း ဆောင်ရွက်နေပါကြောင်း၊ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများကိုလည်း မြေပြင်တွင် ပြန်လည်ဆန်းစစ်လျက်ရှိပါကြောင်း၊ လက်တွေ့အခြေအနေပြောင်းလဲမှု အမှန်တကယ်ဖြစ်ပေါ်ရန် လိုအပ်ပါကြောင်း၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ဆောင်ရွက်ရန်ကျန်ရှိသည့် အကြံပြုချက်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မတီဥက္ကဋ္ဌ၊ ပူးတွဲဥက္ကဋ္ဌနှင့်အတူ တက်ရောက်လာကြသည့် ကော်မတီဝင်များက ဝိုင်းဝန်းဆွေးနွေးအကြံပြုခဲ့ကြသည်။

### ပြည်သူ၏အသံနားထောင်

ပူးတွဲကော်မတီဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ဆွေးနွေးရာတွင် ပြည်နယ်အစိုးရအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ကျန်ရှိနေသည့် လုပ်ငန်းများကို ပြန်လည်ဆန်းစစ်ပြီး ဆက်လက်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်း၊ IDP စခန်းများ ပိတ်သိမ်းရေးကို စနစ်တကျ ဆောင်ရွက်နိုင်ပါရန် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ လက်ရှိတွင် ကျောက်ဖြူမြို့နယ်ရှိ ကျောက်တစ်လုံး IDP စခန်းကို ပိတ်သိမ်းနိုင်ရေးအတွက် စီမံချက်ချမှတ်ပြီး ဆောင်ရွက်နေပါကြောင်း၊ ဒေသတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဒေသဖွံ့ဖြိုးရေးစီမံချက်ကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ NV Card ဆောင်ရွက်မှုသည်လည်း အောင်မြင်မှုများရရှိပါကြောင်း၊ အတူလက်တွဲနေထိုင်ရေးအတွက် သိမ်သိမ်မွေ့မွေ့၊ ခက်ခက်ခဲခဲဖြင့်ဆောင်ရွက်နေရပါကြောင်း၊ ကိစ္စတိုင်းအတွက် လုံခြုံတည်ငြိမ်ရေးကို ဦးစားပေးဆောင်ရွက်နေပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ဒေသခံမြို့မိမြို့ဖ၊ ရပ်မိရပ်ဖများနှင့် ဆွေးနွေးညှိနှိုင်းကာ ပြည်သူ၏အသံနားထောင်ပြီး လုပ်ငန်းများဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ ကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပြန်လည်လက်ခံရေးစခန်းများတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် ပြည်ထဲရေးဝန်ကြီးဌာန သတင်းနှင့်မှုခင်းတပ်ဖွဲ့တို့မှ ဝန်ထမ်းအင်အားများကို တိုးမြှင့်ချထားရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ လှဖိုးခေါင်အဝင်လမ်းဖြစ်သည့် မောင်တော-ရွှေဇား-ပြင်ဖြူလမ်းဆုံ ကတ္တရာခင်းခြင်းကိုလည်း နယ်စပ်ရေးရာဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိပါကြောင်း၊ လှဖိုးခေါင်စခန်းအုပ်ချုပ်ရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း ဆွေးနွေးသည်။

ယင်းနောက်ကော်မတီအတွင်းရေးမှူး နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးက ရခိုင်ပြည်နယ်အတွင်း နယ်စပ်ရေးရာဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ မြေပုံ IDP စခန်း ပိတ်သိမ်းရေးလုပ်ငန်းများ၊ လှဖိုးခေါင်အဝင်လမ်း ဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးသည်။

### အချိန်နှင့်တစ်ပြေးညီ

ကော်မတီတွဲဖက်အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးက အကြံပြုချက်များအပေါ် ဆောင်ရွက်မှုအခြေအနေများကို အဖွဲ့ဝင် ဝန်ကြီးဌာနများက လစဉ်တင်ပြချက်များအပြင် ထူးခြားချက်များရှိပါက ကော်မတီသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြစေလိုပါကြောင်း၊ ပြန်လည်လက်ခံရေးစခန်းများတွင် ဝန်ထမ်းအင်အား ဖြည့်တင်းရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ပြန်လည်လက်ခံရေး ဆောင်ရွက်မှုကိစ္စရပ်များ၊ ပြန်လည်လက်ခံရေးစခန်းများတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများ၏ လိုအပ်ချက်များအား ဖြည့်ဆည်းပေးမှုအခြေအနေများကို ဆွေးနွေးသည်။

ဆက်လက်ပြီး ကော်မတီဝင်ဝန်ကြီးဌာန အသီးသီး၏ တင်ပြဆွေးနွေးချက်များအပေါ် ကော်မတီဥက္ကဋ္ဌနှင့် ပူးတွဲဥက္ကဋ္ဌတို့က လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် အတွင်းရေးမှူးချုပ်ရုံး၏ အတွင်းရေးမှူးနှင့် ဗဟိုကော်မတီ၏ ပြန်ကြားရေးဌာနဝန်ကြီး နေပြည်တော်မှ ပြန်လည်ထွက်ခွာ



**နေပြည်တော် ဇူလိုင် ၁၀**
တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် အတွင်းရေးမှူးချုပ်ရုံး၏ အတွင်းရေးမှူးနှင့် ဗဟိုကော်မတီ၏ ပြန်ကြားရေးဌာနဝန်ကြီး H.E. Mr. Huang Kunming ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၃ နာရီ ၁၅ မိနစ်တွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ပြန်လည် ထွက်ခွာသွားသည်။

ဧည့်သည်တော် ကိုယ်စားလှယ်အဖွဲ့အား ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ဝဲပုံ)** **သတင်းစဉ်**

# အမျိုးသားလွှတ်တော်သို့ လာရောက်ကြည့်ရှုလေ့လာ

**နေပြည်တော် ဇူလိုင် ၁၀**
သမဝါယမတက္ကသိုလ် (စစ်ကိုင်း) သမဝါယမပညာဌာနမှ ဦးစီး၍ လူမှုစီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာ(အထူးပြု) ကျောင်းသား ကျောင်းသူ ၁၂၈ ဦးနှင့် ကြီးကြပ်သူ ဆရာဆရာမ ၁၇ ဦး စုစုပေါင်း ၁၄၅ ဦးနှင့် ရေတာရှည်မြို့နယ် နန်ချွန်(တောင်) ကျေးရွာရှိ မြန်မာ့သစ်လုပ်ငန်း စီမံကိန်းနှင့် စာရင်းအင်းဌာန လေ့ကျင့်ရေးသင်တန်းကျောင်း အမှတ်(၁) မှ သင်တန်းသား ၂၅ ဦး၊ အုပ်ချုပ်သူအရာရှိများနှင့် အခြားအဆင့် ရှစ်ဦး စုစုပေါင်း ၃၃ ဦးတို့သည် ဇူလိုင် ၉ ရက်နှင့် ၁၀ ရက်တို့တွင် အမျိုးသားလွှတ်တော်သို့ လာရောက်လေ့လာကြကြောင်း သိရသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော်အစည်းအဝေး စတင်ကျင်းပသည့်ရက်မှ ယနေ့အထိ အမျိုးသားလွှတ်တော်သို့ လာရောက်သည့်ဧည့်သည်စုစုပေါင်းမှာ ပြည်တွင်းဧည့်သည် ၁၅၃၁၈ ဦးနှင့် ပြည်ပဧည့်သည် ၁၅၉၁ ဦးရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျွန်တော်တို့ ရောက်လာပါပြီ၊ အကောင်းဆုံးဖြစ်အောင် တွေ့ဆုံရအောင်ဟု KIO ဒုတိယဥက္ကဋ္ဌ ပြောကြား

**နေပြည်တော် ဇူလိုင် ၁၀**

နေပြည်တော်သို့ ရောက်ရှိနေသည့် ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) ဒုတိယဥက္ကဋ္ဌ (၁) ဗိုလ်ချုပ်ဂွမ်မော်က "အစိုးရနဲ့တပ်မတော်ကို ဘာပြောချင်သလဲဆိုရင် ကျွန်တော်တို့ ရောက်လာပါပြီ။ အကောင်းဆုံးဖြစ်အောင် တွေ့ဆုံရအောင်လို့ ပြောကြားချင်ပါတယ်"ဟု ပြောကြားသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံတတိယအစည်းအဝေးသို့ တက်ရောက်ရန်အတွက် မြန်မာနိုင်ငံမြောက်ပိုင်းတိုင်းရင်းသားအဖွဲ့များဖြစ်ကြသည့် 'ဝ' ပြည် သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA)၊ ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO)၊ တအာင်း (ပလောင်) အမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA)၊ မြန်မာအမျိုးသားဒီမိုကရေစီ မဟာမိတ်တပ်မတော် - ကိုးကန့်တပ်ဖွဲ့ (MNDAA) နှင့် ရက္ခိုင့်တပ်မတော် (AA) တို့သည် တရုတ်နိုင်ငံ ကူမင်းမြို့မှနေ၍ လေကြောင်းလိုင်းဖြင့် ယနေ့မွန်းလွဲပိုင်းက နေပြည်တော်သို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။



KIO ဒုတိယဥက္ကဋ္ဌက "မျှော်လင့်ချက်တွေနဲ့ လာတာပါ။ ဆွေးနွေးမှုက အဓိကမဟုတ်ဘဲ ကျွန်တော်တို့ အဆက်ပြတ်နေတဲ့ ဆက်သွယ်ရေးကို ဘယ်လိုလုပ်မလဲဆိုတာ အဓိကကျပါတယ်။ ငြိမ်းချမ်းရေးအတွက် ရှေ့ဆက်ပြီး ဘယ်လိုလုပ်နိုင်မလဲဆိုတဲ့ ကွင်းဆက်ကို ရမယ်။ မနက်မှ ဆုံမယ်လေ" ဟု ပြောကြားသည်။

မြန်မာနိုင်ငံမြောက်ပိုင်းတိုင်းရင်းသားအဖွဲ့ ခုနစ်ဖွဲ့ အနက် အမျိုးသားဒီမိုကရေစီမဟာမိတ် တပ်မတော်-မိုင်းလားတပ်ဖွဲ့ (NDAA) နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) တို့သည် အစည်းအဝေးတက်ရောက်ရန်အတွက် နေပြည်တော်သို့ ကြိုတင်ရောက်ရှိနေပြီဖြစ်သည်။

အဆိုပါမြောက်ပိုင်းတိုင်းရင်းသား ခုနစ်ဖွဲ့ကို ဒုတိယဥက္ကဋ္ဌအဆင့်ရှိသူများ ဦးဆောင်ခဲ့ခြင်းဖြစ်ပြီး ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် အတွင်းရေးမှူး ဦးခင်ဇော်ဦးတို့က မြောက်ပိုင်းတိုင်းရင်းသားအဖွဲ့ ခုနစ်ဖွဲ့အား နေပြည်တော် Horizon Lake View Resortတွင် လာရောက်တွေ့ဆုံခဲ့ကြသည်။

ငြိမ်းချမ်းရေးကော်မရှင်အတွင်းရေးမှူးက "ဒုတိယဥက္ကဋ္ဌတွေ လာတာဆိုတော့ အရေးပါတာပေါ့။ နောက်ဥက္ကဋ္ဌတွေက လာချင်ပေမယ့် ကျန်းမာရေးအခြေအနေကြောင့်ပါ။ ညီလာခံနဲ့ တိုက်ရိုက်ဆက်စပ်မှု မရှိပေမယ့် နိုင်ငံတော်အကြီးအကဲတွေနဲ့တော့ တရားဝင်တွေ့ဆုံမှာပါ။ တွေ့တဲ့အခါ သူ့သဘောထား၊ ကိုယ့်သဘောထား တော်တော်လေးညှိနိုင်မယ်ထင်တယ်။ အဲဒီလို ညှိနိုင်ပြီဆို အောက်ခြေမှာ လိုက်လုပ်ရတာ လွယ်သွားပြီ"ဟု ပြောသည်။

ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)အတွင်းရေးမှူး ဦးလှမောင်ရွှေက လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် "ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပိုပြီးကောင်းတာက မြောက်ပိုင်း ခုနစ်ဖွဲ့ လာတွေ့တယ်။ တာဝန်ရှိတဲ့သူတွေနဲ့လည်း တွေ့မယ်လို့ ကြားတယ်။ ဒါက ယုံကြည်မှု တည်ဆောက်တဲ့လုပ်ငန်းစဉ်ပါ။ အဲဒီအတွက် နည်းလမ်းတွေလည်း ရှာဖို့၊ ရဖို့ မျှော်လင့်တယ်" ဟု ပြောသည်။

ညပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာစွန်ကော့ရှန်က ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ တတိယအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသည့် 'ဝ' ပြည်သွေးစည်းညီညွတ်ရေးပါတီ/'ဝ' ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSP/UWSA)၊ အမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော်-(NDAA)၊ ကချင်လွတ်မြောက်ရေးအဖွဲ့၊ ကချင်လွတ်မြောက်ရေးတပ်မတော် (KIO/KIA)၊ ရှမ်းပြည်တိုးတက်ရေးပါတီ၊ ရှမ်းပြည်တပ်မတော် (SSPP/ SSA)၊ တအာင်း အမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA)၊ မြန်မာအမျိုးသားဒီမိုကရေစီ မဟာမိတ်တပ်မတော် (MNDAA)နှင့် ရက္ခိုင့်တပ်မတော် (AA) မြန်မာနိုင်ငံမြောက်ပိုင်းတိုင်းရင်းသားအဖွဲ့ ခုနစ်ဖွဲ့ တို့မှ ခေါင်းဆောင်များအား နေပြည်တော် Horizon LakeView Resort တွင် ညစာဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါဧည့်ခံပွဲသို့ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ အတွင်းရေးမှူး ဦးခင်ဇော်ဦးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC)အတွင်းရေးမှူး ဦးလှမောင်ရွှေတို့ တက်ရောက်ခဲ့ကြသည်။

**သတင်း-ရဲခေါင်ညွှန့်၊ ဓာတ်ပုံ-ဖိုးထောင်**



## ပုသိမ်ကြီးမြို့နယ်အတွင်းရှိ အကျဉ်းဦးစီးဌာန ကျောက်ထုတ်စခန်းများကို မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ တာဝန်ရှိသူများ ရှောင်တခင် စစ်ဆေး

**ရန်ကုန် ဇူလိုင် ၁၀**

လူ့အခွင့်အရေးချိုးဖောက်မှုများ မရှိစေရန်အတွက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ တာဝန်ရှိသူများသည် ယနေ့တွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်အတွင်းရှိ အကျဉ်းဦးစီးဌာန ကျောက်ထုတ်စခန်းများကို ရှောင်တခင် ဝင်ရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း အဆိုပါကော်မရှင်ထံမှ သိရသည်။

**ရှောင်တခင်စစ်ဆေး**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည်တို့သည် ယနေ့ မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်အတွင်းရှိ အကျဉ်းဦးစီးဌာန ထုံးဘို(၁) ကျောက်ထုတ် စခန်း၊ ထုံးဘို (၂) ကျောက်ထုတ်စခန်းနှင့် ထုံးဘို (အမျိုးသမီး) ကျောက်ထုတ်စခန်းများကို ရှောင်တခင် ဝင်ရောက်စစ်ဆေးခဲ့ကြသည်။

ထိုသို့စစ်ဆေးရာတွင် ကျောက်ထုတ်လုပ်ငန်းခွင် ဆောင်ရွက်နေမှု၊ အလုပ်ခွင်အတွင်း နားနေရန်နေရာ၊ သောက်သုံးရေ ရရှိမှု၊ လူ့အခွင့်အရေး ချိုးဖောက်ခံရခြင်း ရှိ/မရှိ၊ အလုပ်ချိန် ကျော်လွန်ခိုင်းစေခြင်း ရှိ/မရှိ၊ လုပ်ငန်းခွင်အန္တရာယ် ရှိ၊ မရှိ အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

အလားတူ ဇူလိုင် ၁၁ ရက်တွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ ဘဲလင်းအကျဉ်းစခန်း(၁)၊ (၂)တို့နှင့် ရဲစခန်းရှိ အချုပ်ခန်းများကိုလည်းကောင်း၊ ဇူလိုင် ၁၂ ရက်တွင် မန္တလေးမြို့ရှိ ဗဟိုအကျဉ်းထောင်ကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးမည်ဖြစ်ကြောင်း သိရသည်။

**မေးမြန်းစုံစမ်း**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ တာဝန်ရှိသူများသည် ဇွန်လအတွင်းက မြစ်ကြီးနား၊ မိုးကောင်း၊ မိုးညှင်းမြို့နယ်တို့အတွင်းရှိ အချုပ်ခန်းများနှင့် အကျဉ်းထောင်များကို ကြည့်ရှုစစ်ဆေးခဲ့သည့်အပြင် မြစ်ကြီးနား၊ ဝိုင်းမော်၊ မိုးကောင်းနှင့် ကာမိုင်းမြို့နယ်တို့အတွင်းရှိ တိုက်ပွဲရှောင်စခန်းများသို့ သွားရောက်ခဲ့ကာ တိုက်ပွဲရှောင် ပြည်သူများနှင့်တွေ့ဆုံပြီး ၎င်းတို့တွေ့ကြုံခဲ့ရသော အခက်အခဲများ၊ တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်စဉ် စားဝတ်နေရေးအခြေအနေများ၊ ပညာရေး၊ ကျန်းမာရေးအခြေအနေများကို မေးမြန်းစုံစမ်းခဲ့ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ တတိယအစည်းအဝေးကို မြန်မာနိုင်ငံစာရေးဆရာအသင်းက ကြိုဆိုထောက်ခံ

ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးအတွက် ဦးတည် ရည်ရွယ်ချက်ဖြင့် ကျင်းပသော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးကို ငြိမ်းချမ်းရေးမြတ်နိုးသည့် မြန်မာနိုင်ငံစာရေးဆရာအသင်းက လှိုက်လှဲစွာထောက်ခံကြိုဆိုကြောင်း ကြေညာချက်ထုတ်ပြန်ပါသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

## MDN ၏ Website နှင့် Application တို့တွင် ကြော်ငြာဝန်ဆောင်မှုများအတွက် မိတ်ဆက်ခြင်းအခမ်းအနားကျင်းပ

**ရန်ကုန် ဇူလိုင် ၁၀**

Myanmar Digital News (MDN) ၏ Website နှင့် Application တို့တွင် ကြော်ငြာဝန်ဆောင်မှုများအတွက် မိတ်ဆက်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ Park Royal ဟိုတယ်၌ ကျင်းပသည်။

MDN ၌ ကြော်ငြာမည်ဆိုလျှင် MDN ၏ Website နှင့် Application တို့အပြင် Facebook တို့တွင်ပါ ကြော်ငြာဝန်ဆောင်မှုများ ပေးမည်ဖြစ်ကြောင်း၊ MDN ၏ Application ၌ မြန်မာ့အလင်း၊ ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာ သုံးစောင်ကို နံနက်မိုးလင်းချိန်တွင် ဖတ်နိုင်မည်ဖြစ်ကြောင်း၊ ထိုသတင်းစာ သုံးစောင်တွင် မွေးနေ့ဆုတောင်း၊ မင်္ဂလာနှစ်ပတ်လည်၊ နာရေးစသည့် လူတစ်ဦးတစ်ယောက်ချင်း သို့မဟုတ် မိသားစုတစ်စုချင်းနှင့် ဆိုင်သည့် အကြောင်းအရာ၊ စားသောက်ဆိုင် ကြော်ငြာများကို interactive အနေဖြင့် ပုံစံတစ်မျိုးနှင့် ထည့်သွင်းနိုင်သည့် ဝန်ဆောင်မှု ပေးနိုင်ကြောင်း၊ interactive ဆိုရာ၌ ဥပမာ မွေးနေ့ဆုတောင်း ကြော်ငြာတွင် ကြော်ငြာစာကို ထောက်ပြီး Play ကို နှိပ်လိုက်လျှင် မွေးနေ့ရှင်နှင့် ၎င်း၏ မိသားစု၊ သူငယ်ချင်းပုံများကို အသေးစားဗီဒီယိုကလစ်ပုံစံဖြင့် မြင်ရမည်ဖြစ်သည်။

သတင်းနှင့်စာနယ်ဇင်း လုပ်ငန်းက Myanmar Digital News (MDN) ၏ Website နှင့် Application တို့ကို Megalink Advanced Technologies Co.,Ltd နှင့် အကျိုးတူ ပူးပေါင်း ဆောင်ရွက်နေခြင်း ဖြစ်သည်။

ယနေ့အခမ်းအနားသို့ မြန်မာ့အလင်း၊ ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာများတွင် ကြော်ငြာထည့်နေသည့် လုပ်ငန်းရှင်များနှင့် ကြော်ငြာအေဂျင်စီများ တက်ရောက်ကြကြောင်း သိရသည်။

**အေးနှင်းညို**




**❍ အာဆီယံယူ ၁၉ မှ**

မြန်မာ ယူ-၁၉ အသင်းသည် နောက်ဆုံးပွဲတွင် မလေးရှားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သော်လည်း တီမောအသင်းမှာမူ ကမ္ဘောဒီးယားအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် မလေးရှားကို သရေကျရုံဖြင့် ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်သော်လည်း ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်ပြီး တစ်ချိန်တည်း ယှဉ်ပြိုင်ကစားသည့်ပွဲတွင် တီမောအသင်း ရှုံးနိမ့်ခဲ့၍သာ ဆီမီးဖိုင်နယ် တက်ရောက်ခွင့် မဆုံးရှုံးခဲ့ခြင်းဖြစ်သည်။

ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် ထိုင်းအသင်းနှင့် မြန်မာအသင်း၊ မလေးရှားနှင့် အင်ဒိုနီးရှားအသင်းတို့ တွေ့ဆုံနေပြီး ဇူလိုင် ၁၂ ရက်တွင် ကျင်းပမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

# ငြိမ်းချမ်းရေးဆီသို့ ခြေလှမ်းသစ်များ

အမေး၊ အဖြေ-မော်စီ၊ မွေးကြူဇင်
ဓာတ်ပုံ- အေးသန်း

**တွေ့ဆုံညှိနှိုင်း ဆွေးနွေးအဖြေရှာပြီး ငြိမ်းချမ်းရေးဆီသို့ တက်ညီလက်ညီဖြင့် လျှောက်လှမ်းလာခဲ့သည်မှာ ယခုဆိုလျှင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေးကို ဇူလိုင် ၁၁ ရက်မှ ၁၆ ရက်အထိ နေပြည်တော်တွင် ကျင်းပနိုင်တော့မည်ဖြစ်ပေသည်။**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေးကိုကြီးကျယ်ခမ်းနား သိုက်မြိုက်စွာဖြင့် အောင်အောင်မြင်မြင်ကျင်းပနိုင်ရေးနှင့် ပြည်ထောင်စုသဘောတူစာချုပ်၏ အစိတ်အပိုင်းများဖြစ်သည့် သဘောတူညီချက်များ ရရှိရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC)က အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်နေသည်ကိုလည်း အားလုံးအသိပင်ဖြစ်သည်။

### သဘောတူညီချက်များရရှိရေး

ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC)တွင် ပါဝင်သည့် နိုင်ငံတော်အစိုးရကို ကိုယ်စားပြုသည့် ဝန်ကြီးဌာနကိုယ်စားလှယ်များ၊ တပ်မတော် ကိုယ်စားလှယ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ စုပေါင်းပါဝင်သည့် အစုအဖွဲ့၊ NCA တွင် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ကိုယ်စားလှယ်အစုအဖွဲ့နှင့် နိုင်ငံရေးပါတီများကိုယ်စားလှယ်အစုအဖွဲ့များသည် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အဓိကလိုအပ်ချက်များဖြစ်သည့် သဘောတူညီချက်များရရှိရေးအတွက် အစည်းအဝေးများ အကြိမ်ကြိမ်ကျင်းပဆွေးနွေးညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

(၁၆)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးအပြီးတွင် နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ မြေယာနှင့်သဘာဝပတ်ဝန်းကျင်ကဏ္ဍနှင့် လုံခြုံရေးကဏ္ဍတို့မှ တင်သွင်းလာသည့် မူဝါဒစာတမ်းများ၊ သဘောတူညီမှုရရှိသည့် အချက်များနှင့် စပ်လျဉ်း၍ UPDJC အတွင်းရေးမှူးအဖွဲ့ အဖွဲ့ဝင်များ၏ ပြောစကားများကို ရေးသားဖော်ပြလိုက်ပါသည်။



ဦးဇော်ဌေး



စိုင်းကျော်ညွန့်



ဦးမျိုးဝင်း

### ဦးဇော်ဌေး၊ အတွင်းရေးမှူးအဖွဲ့ အဖွဲ့ဝင်၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)

"နိုင်ငံရေးကဏ္ဍမှာ ခုနစ်ချက်တင်တယ်။ နှစ်ချက် သဘောတူတယ်။ စီးပွားရေးကဏ္ဍမှာ ၁၁ ချက်တင်တယ်။ တစ်ချက်သဘောတူတယ်။ မြေယာကဏ္ဍမှာ ငါးချက်တင်တယ်။ နှစ်ချက်သဘောတူတယ်။ လူမှုရေးကဏ္ဍမှာ ကိုးချက်တင်တယ်။ ခုနစ်ချက် သဘောတူတယ်။ ဒီဟာကိုအစုအဖွဲ့တချို့ထဲမှာ ပြန်ဆွေးနွေးဖို့ရှိတယ်။ ဆွေးနွေးပြီးရင် အတွင်းရေးမှူးများအဖွဲ့မှာ ပြန်ပြီးတော့ ဆွေးနွေးမယ်။ သဘောတူကြောင်း ပြန်လာနိုင်တာက စီးပွားရေးကဏ္ဍမှာ နောက်ထပ် နှစ်ချက်၊ သုံးချက်လောက်ပြန်လာနိုင်မယ်။ လူမှုရေးကဏ္ဍမှာ တစ်ချက်လောက်ပြန်လာနိုင်တယ်။ နိုင်ငံရေးကဏ္ဍမှာ နှစ်ချက်လောက်ပြန်လာနိုင်တယ်။

### အဆိုပြုထား

"ညီလာခံနဲ့ ပတ်သက်လို့ UPDJC က နောက်ဆုံးပြင်ဆင်တဲ့ အပြီးသတ်အစည်းအဝေးမှာတော့ အားလုံးစုစုပေါင်း သဘောတူညီချက် ၁၂ ချက်ရတယ်။ ညီလာခံမတိုင်ခင် အထိတော့ ၁၃၊ ၁၄၊ ၁၅ ချက်လောက်လည်း ဖြစ်လာနိုင်တယ်။ အစိုးရဘက်ကနေပြီး ပြီးခဲ့တဲ့ UPDJC မှာ အဆိုပြုထားတယ်။ အခု UPDJC မှာလည်း ထပ်ပြီးတော့ တရားဝင် အဆိုပြုတယ်။ ပြီးခဲ့တဲ့ညီလာခံမှာ ၃၇ ချက်ရတယ်။ အခု ၁၂ ချက်လောက်ပဲဖြစ်လာတယ်။ အဲဒီအပေါ်မှာ ညီလာခံရဲ့ နိုင်ငံရေးအရ အနှစ်သာရရှိရှိ ညီလာခံရဲ့သဘောတူဆုံးဖြတ်ချက်၊ ညီလာခံကိုတက်ရောက်လာတဲ့ ကိုယ်စားလှယ် ၇၀၀ ရဲ့ သဘောတူဆုံးဖြတ်ချက်မူကြမ်းကို ကျွန်တော်တို့အစိုးရဘက်က အဆိုပြုထားတယ်။

"အဲဒီအဆိုပြုချက်ကို ဒီနေ့အစည်းအဝေးမှာ တင်တယ်။ နိုင်ငံရေးပါတီဘက်က ထောက်ခံတယ်။ EAO ဘက်ကတော့ ခွင့်ပြုချက်လိုတဲ့အတွက် ပြန်သယ်သွားမယ်။ ပြန်သယ်သွားလို့ ခွင့်ပြုတယ်ဆိုရင် ညီလာခံရဲ့ထုတ်ပြန်ချက်၊ ညီလာခံကိုယ်စားလှယ်တွေရဲ့ သဘောတူဆုံးဖြတ်ချက်ထုတ်မယ်။ ဘာကိုပြန်ပြီးကတိပေးမလဲဆိုတော့ နံပါတ်တစ်အချက်က အစိုးရဘက်ကလိုလားချက်ပါ။ ၂၀၁၈ ခုနှစ် လက်ကျန်ကာလအတွင်းမှာ နောက်ထပ်ညီလာခံတစ်ကြိမ်လုပ်မယ်။ လာမယ့် ၂၀၁၉ ခုနှစ်အတွင်းမှာ ညီလာခံနှစ်ကြိမ်လုပ်မယ်။ ဒီညီလာခံသုံးကြိမ်ကျင်းပနိုင်ဖို့ ကျွန်တော်တို့အားလုံး ဝိုင်းပြီးကြိုးပမ်းဆောင်ရွက်မယ်။ နံပါတ်နှစ်အချက်က ဒီညီလာခံ သုံးကြိမ်ကျင်းပပြီးရင် ဒီမိုကရေစီနဲ့ ဖက်ဒရယ်အုတ်မြစ်အဖြစ် ဖောင်ဒေးရှင်းတွေချမှတ်နိုင်အောင် ကြိုးပမ်းမယ်။ ဒါကို ညီလာခံကိုယ်စားလှယ်တွေအားလုံးက ကြိုးပမ်းသွားမယ်ဆိုတဲ့ သဘောတူညီချက် ဖြစ်ပါတယ်။

### ဆုံးဖြတ်ချက်ချမှတ်နိုင်ဖို့

"ဘာကြောင့်လဲဆိုတော့ ပြီးခဲ့တဲ့ညီလာခံတုန်းက ညီလာခံရဲ့သဘောတူဆုံးဖြတ်ချက်ဆိုတာမရှိဘူး။ သမ္မတကြီး ဦးသိန်းစိန်လက်ထက်မှာလုပ်တုန်းက ငြိမ်းချမ်းရေးညီလာခံမှာ ဆုံးဖြတ်ချက်တွေရှိတယ်။ သို့သော် အစိုးရအကူးအပြောင်းနဲ့ နောက်ညီလာခံပြောင်းတဲ့အချိန်မှာ သယ်ဆောင်မလာနိုင်ခဲ့ဘူး။ အဲဒီတော့ (၂၁) ရာစုပင်လုံဖြစ်သွားတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံမှာတော့ ညီလာခံရဲ့ကိုယ်စားလှယ်အားလုံးက သဘောတူတယ်။ တစ်ခဲနက်ဆုံးဖြတ်တဲ့ ဆုံးဖြတ်ချက်ရဖို့ဆိုပြီး အစိုးရကတော့ ကြိုးပမ်းပါတယ်။ ကြိုးပမ်းတော့ ယေဘုယျအားဖြင့်လက်ခံတယ်။ လာမယ့် UPDJC မှာ အတည်ပြုပြီးရင် ညီလာခံရဲ့ ဆုံးဖြတ်ချက်အနေနဲ့ ချမှတ်နိုင်ဖို့ လုပ်နေပါတယ်။

"ညီလာခံသုံးကြိမ်ကျင်းပတဲ့အခါမှာ EAO ဘက်က အဆိုပြုချက်က ဘာလဲဆိုတော့ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်အတိုင်း ကျင်းပနိုင်ဖို့ ဒါကိုပြောတယ်။ အစိုးရဘက်က စကမ်းလှမ်းတာ ဖက်ဒရယ်မူဘောင်ပဲ၊ ဒီမိုကရေစီမပါဘူး။ သူတို့က ဒီမိုကရေစီမူဘောင်တွေပါချင်တဲ့အတွက် အဲဒီအချက် ကျွန်တော်တို့က စာသားပြင်ပေးလိုက်ရတယ်။ ပြင်ပေးလိုက်တော့ EAO ဘက်က ဒါကို ပွင့်ပွင့်လင်းလင်း မေးတယ်။ အစိုးရဘက်က ဒါကိုဘာကြောင့် ထုတ်ချင်တာလဲ။ ဒီညီလာခံပြီးရင် ဘာတွေဆောင်ရွက်ဖို့ ရည်မှန်းထားလဲ။ ကျွန်တော်တို့ဘက်က အကျေအလည်ရှင်းပြတယ်။ ဒါက ပြီးခဲ့တဲ့ NCA လက်မှတ်ရေးထိုးပွဲမှာ အတိုင်ပင်ခံပုဂ္ဂိုလ် ပြောသွားတဲ့မူဝါဒပါ။ နိုင်ငံတော်အစိုးရရဲ့မူဝါဒကို ငြိမ်းချမ်းရေးညီလာခံက ထပ်လောင်းပြီးတော့ သဘောတူအတည်ပြုအောင် ကျွန်တော်တို့လုပ်တယ်။

### အရှေ့အနည်းအများ ပြန်ချိန်ရမယ်

"ဒုတိယ အစည်းအဝေးလုပ်တုန်းက သဘောတူညီချက် ၃၇ ချက်ရတယ်။ အဲဒီ ၃၇ ချက်ကို သုံးသပ်တယ်။ အဓိကကတော့ အားသာချက်၊ အားနည်းချက်ပါ။ ဒီကြားထဲမှာ Process အတိုင်းလုပ်ကြည့်တယ်။ လုပ်ကြည့်လို့ အခု UPDJC ကို တင်မယ့် သဘောတူညီချက် အားလုံးပေါင်း ၁၂ ချက်လောက်ပဲရတယ်။ တိုးလာရင်လည်း သုံး၊ လေး ချက်လောက်ပဲ။ အလွန်ဆုံးမှ အချက် ၂၀ လောက်ပဲ ရနိုင်မယ့်အနေအထားပါ။ ဒီအပေါ်မှာလည်း စိတ်ညစ်လို့မရဘူး။ နိုင်ငံတကာမှာရှိတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်တွေကိုကြည့်လိုက်ရင် ကျွန်တော်တို့ထက် ပိုဆိုးတာတွေရှိတယ်။ နောက်ပြန်သွားတာတွေရှိတယ်။ အခုချိန်ထိတော့ ကျွန်တော်တို့ နောက်ပြန်တာမရှိသေးဘူး။ ရှေ့တော့သွားနေတယ်။ ရှေ့သွားတဲ့နေရာမှာ အရှေ့အနည်းအများ ပြန်ချိန်ရမယ်။

"မကြာမီကျင်းပမယ့် ညီလာခံကို မြောက်ပိုင်း ခုနစ်ဖွဲ့လုံးတက်မယ်။ တက်ရောက်မယ့်အမည်စာရင်းတွေရနေပါပြီ။ လူကြီးတွေနဲ့ ညှိနှိုင်းတွေ့ဆုံဖို့ကျတော့ တကယ်ဆုံးဖြတ်ချက်ပေးနိုင်တဲ့ ခေါင်းဆောင်တွေလိုချင်တယ်။

"သူတို့နဲ့လည်း အကျေအလည်ဆွေးနွေးချင်တယ်။ တကယ်ဆုံးဖြတ်ပေးနိုင်မယ့်သူလာပါ ဖိတ်ခေါ်ထားတယ်။ အဲဒီအပေါ် မူတည်ပြီးတော့ အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့တွေ့တာတို့၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နဲ့ တွေ့တာတို့ ဖြစ်လာလိမ့်မယ်လို့ထင်တယ်။ ဟိုဘက်က တက်လာမယ့် ပုဂ္ဂိုလ်တွေရဲ့ အနေအထားပေါ်မှာလည်း မူတည်ပါတယ်" ဟုပြောသည်။

### စိုင်းကျော်ညွန့်၊ အတွင်းရေးမှူးအဖွဲ့ အဖွဲ့ဝင်၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)

"ကျွန်တော်တို့နိုင်ငံရေးကဏ္ဍမှာ အားလုံး သဘောတူတာ နှစ်ချက်ရှိပါတယ်။ တချို့အချက်တွေကလည်း နောက်နေ့တွေမှာ ရနိုင်ခြေရှိပါသေးတယ်။ စီးပွားရေးကဏ္ဍမှာတော့ အားလုံးသဘောတူတာ တစ်ချက်ရှိပါတယ်။ စီးပွားရေးကဏ္ဍမှာ အားလုံးပေါင်း ၁၁ ချက်ထဲမှာ နောက်ထပ်လည်း အများကြီးလည်း ရနိုင်ခြေရှိပါသေးတယ်။ လူမှုရေးကဏ္ဍမှာတော့ လောလောဆယ် သဘောတူညီချက် ခုနစ်ချက်ရှိပါတယ်။ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍမှာ နှစ်ချက်ဖြစ်ပါတယ်။ ရရှိတဲ့အဆိုပြုလွှာတွေ၊ သဘောတူညီချက်တွေကို ညီလာခံကို ဆက်လက်တင်သွင်းပြီးတော့ လုပ်ဖို့ရှိပါတယ်။

"လုပ်ငန်းကော်မတီမှာ တင်လာကတည်းကိုက အစိုးရအစုအဖွဲ့ရဲ့ အဆိုပြုမှုတွေ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အစုအဖွဲ့ရဲ့ အဆိုပြုမှုတွေ၊ နိုင်ငံရေးပါတီ အစုအဖွဲ့ရဲ့အဆိုပြုမှုတွေအပေါ်မှာ ဆက်စပ်ပြီး ညှိနှိုင်းဆွေးနွေးမှုတွေရှိပါတယ်။ ဒီအပေါ်မှာ လုပ်ငန်းလမ်းညွှန်ချက်အရ အားလုံး သဘောတူတဲ့ကိစ္စသာလျှင် ညီလာခံကို တင်သွင်းမယ်ဆိုတာရှိပါတယ်။ အတတ်နိုင်ဆုံး ပြေပြေလည်လည်ဆွေးနွေးပါတယ်။ တချို့အချက်တွေက အားလုံးသဘောတူညီမှုမရဘဲ ကြန့်ကြာနေမှုအပေါ်မှာလည်း အရှိတရားကို အရှိအတိုင်း လက်ခံရမယ်လို့ ကျွန်တော်တို့ မြင်ပါတယ်။

### အမြန်ဆန်ဆုံးနည်းလမ်းတွေရှာကြံ

"ညီလာခံတစ်ခုတစ်ခုပြီးတိုင်းမှာ သုံးသပ်စရာရှိတာတွေ သုံးသပ်ရမှာ ဖြစ်ပါတယ်။ အစုအဖွဲ့အလိုက် အစိုးရဘက်ကလည်း သုံးသပ်မှာဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ငြိမ်းချမ်းရေးကြီးကို အဆင်ပြေအောင်၊ ချောချောမွေ့မွေ့ဖြစ်အောင်၊ အမြန်ဆုံးဖြစ်အောင် ဘယ်လိုဆောင်ရွက်ရမလဲဆိုတာ သုံးသပ်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံရေးအစုအဖွဲ့ကလည်း သုံးသပ်မှာဖြစ်ပါတယ်။ ကျွန်တော်ယုံကြည်ထားတာက EAO အစုအဖွဲ့ကလည်း ဒါကို ဘယ်လိုကျော်လွှားနိုင်မလဲ။ ဒီထက်ပိုမိုမြန်ဆန်လာအောင် အခြားနည်းလမ်းဘယ်လိုရှိမလဲ။ NCA အရ ဘယ်လိုဆက်သွားမလဲ။ အမြန်ဆန်ဆုံးနည်းလမ်းတွေကို ရှာကြံရလိမ့်မယ်လို့ ယုံကြည်ပါတယ်။

"ဒီမူဘောင်အရ ဆုံးဖြတ်ချက်ချရမှာရှိပါတယ်။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကတော့ သဘောထားစုစည်းချက်တွေရဖို့ပဲဖြစ်တယ်။ လုပ်ငန်းကော်မတီမှာကတော့ အတတ်နိုင်ဆုံး အမျိုးသားအဆင့်ကနေ တက်လာတာတွေ၊ EAO တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့၊ နိုင်ငံရေးပါတီအစုအဖွဲ့တွေ၊ အစိုးရ၊ လွှတ်တော်၊ တပ်မတော်က တင်ပြလာတဲ့ စာတမ်းတွေအားလုံးကို ကျွန်တော်တို့က စေ့စပ်ညှိနှိုင်းဆွေးနွေးရတာ ဖြစ်ပါတယ်။ မူဝါဒတစ်ခုမှာဆိုရင် စဉ်းစားတွေးခေါ်မှုနှစ်ခုဖြစ်စေ၊ သုံးခုဖြစ်စေ အဲလောက်ထိပဲ ကျွန်တော်တို့လုပ်ပြီး UPDJC မှာ ဆုံးဖြတ်ချက်ချပေးရမှာ ဖြစ်ပါတယ်။ ဆုံးဖြတ်ချက်ချထားတာကို အတည်ပြုပေးနိုင်ဖို့အတွက် ညီလာခံမှာတင်သွင်းပြီး ဆွေးနွေးအတည်ပြုပြီး ဆုံးဖြတ်ချက်ချ အတည်ပြုချက်ရယူမှာပါ။ ဒါကတော့ လက်ရှိမူဘောင်အရ ကျွန်တော်တို့ လုပ်ဆောင်နေခြင်း ဖြစ်ပါတယ်" ဟုပြောသည်။

### ဦးမျိုးဝင်း၊ အတွင်းရေးမှူးအဖွဲ့ အဖွဲ့ဝင်၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)

"လုံခြုံရေးကဏ္ဍကတော့ ပြည်ထောင်စုအဆင့်မှာပဲ ဆွေးနွေးရတဲ့အခြေအနေရှိတာပါ။ ပြည်ထောင်စုအဆင့်မှာ ဆွေးနွေးနိုင်ဖို့ဆိုရင် လုံခြုံရေးကဏ္ဍနဲ့ ပတ်သက်ပြီး အစိုးရနဲ့ EAO တွေကြားမှာ အလုပ်သဘောဆွေးနွေးပွဲတွေ လေးကြိမ်လုပ်ခဲ့ပါတယ်။ လေးကြိမ်လုပ်ခဲ့ပြီးတဲ့အခါမှာ သဘောထားစုစည်းချက်တွေရတယ်။ ဒီသဘောထား စုစည်းချက်တွေကလည်း လုံခြုံရေးကဏ္ဍကို ရှေ့ဆက်ဆောင်ရွက်ဖို့အတွက် အင်မတန်ကောင်းမွန်တဲ့ ရလဒ်တွေဖြစ်ပါတယ်။ ဒါပေမယ့် နည်းနည်းအခက်အခဲရှိသွားတာက ဒီအလုပ်သဘောဆွေးနွေးပွဲက ရရှိတဲ့သဘောထားစုစည်းချက်၊ သဘောထား ကောက်နုတ်ချက်အရ နည်းနည်းလေး လိုအပ်ချက်ဖြစ်သွားတယ်။

### နည်းလမ်းတွေအများကြီးရခဲ့

"ဘာဖြစ်လို့လဲဆိုတော့ အလုပ်သဘောဆွေးနွေးပွဲက ရရှိလာတဲ့ဟာတွေကို အစိုးရနဲ့ EAO တွေကြားမှာ သေချာမဆွေးနွေးရသေးဘူး။ သေချာမဆွေးနွေးရသေးဘဲနဲ့ လုပ်ငန်းကော်မတီ အစည်းအဝေးဖြစ်လာတယ်။ အလုပ်သဘောဆွေးနွေးပွဲက ရရှိထားတဲ့ သဘောထားစုစည်းချက်တွေကိုလည်း ရှေ့ဆက်ဆောင်ရွက်တဲ့အခါမှာ အထောက်အကူဖြစ်ဖို့အတွက် ဒီလုပ်ငန်းကော်မတီ အစည်းအဝေးမှာ ဆွေးနွေးကြတယ်။ လုပ်ငန်းကော်မတီအစည်းအဝေးဟာ တခြားကဏ္ဍနဲ့မတူတာကတော့ ဆုံးဖြတ်ချက်တော့ မချဘူး။ ဒါပေမယ့် အဲဒီအလုပ်သဘောဆွေးနွေးပွဲမှာ ရရှိထားတဲ့ သဘောထားစုစည်းချက်တွေကို ရှေ့ဆက်အကောင်အထည်ဖော်ဖို့အတွက် အကြံပြုချက်တွေ၊ နည်းလမ်းတွေ အများကြီးရခဲ့ပါတယ်။

### အကြံပြုချက်တွေရယူသွားမယ်

"အဲဒါတွေကို ဒီညီလာခံမှာ ဆက်လက်တင်ပြမှာပါ။ ညီလာခံမှာ ဆက်လက်တင်ပြပြီးပြီဆိုရင် ရှေ့ဆက်ဆောင်ရွက်မယ့် အစီအစဉ်တွေအတွက် ညီလာခံကြီးရဲ့ လုံခြုံရေးကဏ္ဍမှာ ဒီအကြံပြုချက်တွေ ရယူသွားမယ်။ အဲဒီအကြံပြုချက်တွေကို ရှေ့ဆက်အကောင်အထည်ဖော် ဆောင်ရွက်ဖို့အတွက် မှတ်တမ်းအဖြစ်နဲ့ ရယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။

"လာမယ့်ညီလာခံမှာ ဆွေးနွေးဖို့နှစ်ချက် သတ်မှတ်ထားပါတယ်။ တစ်ချက်ကတော့ အလုပ်သဘောဆွေးနွေးပွဲနဲ့ လုပ်ငန်းကော်မတီအစည်းအဝေးတွေက ရရှိခဲ့တဲ့ သဘောထားစုစည်းချက်တွေကို ဒီညီလာခံကြီးမှာ အစီရင်ခံတင်ပြမယ်၊ ဒါဟာ ကဏ္ဍအလိုက် လုပ်ငန်းကော်မတီအစည်းအဝေးမှာ သဘောထား စုစည်းချက်တွေအားလုံးကို တင်ပြမယ်။ တင်ပြပြီးရင် အတည်ပြုချက်တွေ ရယူမယ်။

"နောက်တစ်ခုကတော့ ဒီအကြံပြုချက်တွေ ရယူနိုင်ဖို့အတွက်ကိုလည်း ခေါင်းစဉ်နှစ်ခု သတ်မှတ်ထားတာရှိတယ်။ တစ်ခုကတော့ လုံခြုံရေးကဏ္ဍမှာ ဆွေးနွေးဖို့အတွက် ခေါင်းစဉ်ကြီးနှစ်ခုရှိတယ်။ နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်တွေရယ်၊ လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းရေးပဲ ဖြစ်ပါတယ်။ အဲဒီခေါင်းစဉ်ကြီးအောက်မှာ ချမှတ်ခဲ့တဲ့ ခေါင်းစဉ်ကွဲတွေနဲ့ ပတ်သက်ပြီးတော့ ဒီညီလာခံရဲ့လုံခြုံရေးကဏ္ဍ လုပ်ငန်းကော်မတီ

စာမျက်နှာ ၁၁ ကော်လံ ၅ သို့ ☆

# ပန်းရဲ့လမ်း ဂီတသူရဲကောင်း ဦးရဲလွင်(မဇ္ဈိမလှိုင်း) ကွယ်လွန်

**ရန်ကုန် ဇူလိုင် ၁၀**

ဂီတနယ်ပယ်အတွင်း နှစ်ပေါင်း ၅၀ ကျော် ရှင်သန်နေထိုင်ခဲ့သည့် ပန်းရဲ့လမ်း လူမှုကွန်ရက်ခေါင်းဆောင်ဖြစ်သော ဦးရဲလွင်(မဇ္ဈိမလှိုင်း) အသက် (၇၀)နှစ်နှင့် ၆ လ မှာ ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ခုတင် ၅၀၀ ဆေးရုံ အသည်းကုသဆောင်၌ အသည်းရောဂါဝေဒနာအား ကုသမှုခံယူနေရင်း ဇူလိုင် ၁၀ ရက် ညနေ ၄ နာရီ ၁၀ မိနစ်တွင် ကွယ်လွန်သွားခဲ့ကြောင်း သိရသည်။

ဦးရဲလွင် (မဇ္ဈိမလှိုင်း)သည် တေးရေး၊ တေးဆို၊ ဘေ့စ်ဂီတပညာရှင်ဖြစ်ပြီး ၎င်းအား ပေါင်းတည်မြို့တွင် မွေးဖွားခဲ့ကာ ဖခင်ဖြစ်သူ ဦးမောင်မောင်(စက်ရှင်တရားသူကြီး)နှင့် မိခင်ဖြစ်သူ ဒေါ်ကြိုင်တို့က မွေးဖွားခဲ့သည်။ ခရစ်ယာန်ဘာသာ ကိုကိုးကွယ်ပြီး မွေးချင်းမောင်နှမ ၁၀ ဦးအနက် ရှစ်ဦးမြောက်သားဖြစ်သည်။



### သန္ဓေတည်ခဲ့

ဂီတသူရဲကောင်း တစ်ဦးဖြစ်ခဲ့သော ၎င်းသည် ငယ်စဉ်ကတည်းက ဘုရားရှိခိုးကျောင်းတွင် သီချင်းများသီဆိုခြင်း၊ ခရစ္စမတ်ကာလများတွင် ဖိတ်ကြားထားသော အိမ်များသို့ သီချင်းများ လှည့်လည်သီဆိုခဲ့ခြင်းတို့ကြောင့် ဂီတကို ချစ်မြတ်နိုးသော စိတ်မှာ ၎င်းတွင်သန္ဓေတည်ခဲ့ကြောင်း သိရသည်။

### ဝင်ရောက်တီးခတ်

ကိုးတန်းကျောင်းသားအရွယ်တွင် မိဘများက ရန်ကုန်သို့ ပြောင်းရွှေ့လာခဲ့ပြီး ဆယ်တန်းအောင်သောအခါ ရန်ကုန် RIT ကျောင်းတွင် Electronic အထူးပြုဘာသာရပ်ဖြင့် တက်ရောက်ခဲ့ကြောင်းနှင့် တက္ကသိုလ်တက်နေဆဲ အချိန်တွင်ပင် E.Machine တီးဝိုင်း၌ ဘေ့စ်ဂစ်တာသမားအဖြစ် ဝင်ရောက်တီးခတ်ခဲ့ကြောင်း သိရသည်။

RIT ကျောင်း၌ နောင်တစ်ချိန် မဇ္ဈိမလှိုင်းအဖွဲ့သားများ ဖြစ်လာမည့် တေးသံရှင် ခင်မောင်တိုး၊ တေးရေး မောင်မောင်တို့နှင့် သိကျွမ်းခဲ့ပြီး ၁၉၈၂ ခုနှစ်တွင် ဦးမောင်မောင် (အခွလီ)နှင့် ဦးရဲလွင် (ဘေ့စ်) တို့မှာ မဇ္ဈိမလှိုင်းဆိုသည့် ဂီတသင်တန်းကို မန္တလေးမြို့၌ စတင်ဖွင့်လှစ်ခဲ့ကြကြောင်း သိရသည်။ နှစ်နှစ်ကြာပြီးနောက် ၁၉၈၄ ခုနှစ်တွင် မဇ္ဈိမလှိုင်းအဖြစ် စတင်ဖွဲ့စည်းခဲ့ပြီး ကချင်ပြည်နယ်တွင်ဖြစ်ပွားနေသော ပြည်တွင်းစစ်ကြောင့် ဒုက္ခရောက်နေကြရသော ပြည်သူများကို အကူအညီပေးနိုင်ရန်အတွက် ဂီတဖြင့် အလှူငွေ ကောက်ခံကာ ရန်ပုံငွေရှာဖွေသည့် "လွတ်လပ်ငြိမ်းချမ်းပန်းရဲ့လမ်း" ဂီတဖျော်ဖြေရေးအဖွဲ့ကို ၎င်းအပါအဝင် သားထွေး၊ ကိုတိုးလွင် (ဥတ္တရအလင်း)တို့နှင့် စုပေါင်း၍ ၂၀၁၂ ခုနှစ် မေလတွင် စတင်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

### တစ်ဖက်တစ်လမ်းမှကူညီ

ဒုက္ခသည်များအတွက် ၎င်းတတ်ကျွမ်းသော ဂီတအနုပညာဖြင့် တစ်ဖက်တစ်လမ်းမှ ကူညီပေးခဲ့ပြီး ပန်းရဲ့လမ်းကို တည်ထောင်၍ ငြိမ်းချမ်းရေးကို သီချင်းများဖြင့် ဖော်ဆောင်နေသော နာရေးကူညီမှုအသင်း(ရန်ကုန်)၏ ဂုဏ်ထူးဆောင်အသင်းသားတစ်ဦးဖြစ်သည့် ကိုရဲလွင်အား ပြည်ပရောက် မြန်မာတိုင်းရင်းသား မိသားစုများက ဂုဏ်ပြုပေးအပ်သည့် ၂၀၁၃ ခုနှစ်အတွက် စတုတ္ထအကြိမ်မြောက် ပြည်သူ့ဂုဏ်ရည်ဆုများ ပေးအပ်ပွဲတွင် ပြည်သူ့ဂုဏ်ရည်အထူးဆုကို ရရှိခဲ့ကြောင်း သိရသည်။

**ပွင့်သစ္စာ**

# အသိပေးကြေညာချက်

အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် ဝန်ကြီးများရုံး (ယခင်အတွင်းဝန်ရုံး)သို့ လာရောက်သည့် အများပြည်သူများနှင့် နိုင်ငံခြားသားဧည့်သည်များအနေဖြင့် အောက်ပါပစ္စည်းများကို ယူဆောင်ခြင်းမပြုရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါသည်-

- ❖ လက်ကိုင်ဖုန်းအမျိုးမျိုး
- ❖ အလံအမျိုးမျိုး
- ❖ လက်ကိုင်အိတ်အမျိုးမျိုး
- ❖ ကင်မရာအမျိုးမျိုး
- ❖ ပန်းခွေ၊ ပန်းစည်း၊ ပန်းခြင်းအမျိုးမျိုး
- ❖ ဗီနိုင်းစအမျိုးမျိုး
- ❖ ပုလင်း/ ဘူးအမျိုးမျိုး
- ❖ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့် ကော်ပိုက်၊ သံပိုက်များ
- ❖ မီးခြစ်အမျိုးမျိုး

☆ စာမျက်နှာ ၁၀ မှ

အစည်းအဝေးမှာ အကြံပြုချက်ရယူသွားမှာပါ။

"ပြီးတော့ ဝေါဟာရရှင်းလင်းချက်ပါ။ ဆိုလိုတာကတော့ အဲဒီ ခေါင်းစဉ်ကြီးတွေနဲ့ပတ်သက်လို့လည်းပဲ နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်တွေကို ဘယ်လိုနားလည်တယ်၊ ပြီးတော့ လုံခြုံရေးဆိုင်ရာ ပြန်လည် ပေါင်းစည်းခြင်းနဲ့ ပတ်သက်ပြီးတော့ ဘယ်လိုနားလည်လဲ။ အဲဒီနှစ်ချက်နဲ့ ပတ်သက်ပြီးတော့ ဝေါဟာရအဓိပ္ပာယ်ဖွင့်ဆိုချက်နဲ့ ပတ်သက်လို့လည်းပဲ လုံခြုံရေးကဏ္ဍကော်မတီ အစည်းအဝေးမှာဆွေးနွေးပြီး အကြံပြုချက်တွေ ရယူသွားမယ်။ ရှေ့ဆက်ဆောင်ရွက်နိုင်ဖို့အတွက် အထောက်အကူပြုတဲ့ အစီအစဉ်အဖြစ်နဲ့ ဆောင်ရွက်သွားဖို့ ရှိပါတယ်။

"UPDJC မှာကျတော့ ဆွေးနွေးပွဲအကြောင်းအရာတွေကိုပဲ လုံခြုံရေးကဏ္ဍလုပ်ငန်းကော်မတီက တင်ပြနိုင်တယ်။ အဲဒီ လုံခြုံရေးကဏ္ဍ လုပ်ငန်းကော်မတီက တင်ပြတဲ့အတိုင်း ဆက်လက်ဆောင်ရွက်ဖို့အတွက် UPDJC က ခွင့်ပြုထားတာဖြစ်ပါတယ်"ဟု ပြောသည်။

ပြီးခဲ့သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးတွင် သဘောတူညီချက် ၃၇ ချက်ကို ရယူနိုင်ခဲ့သလို ယခုညီလာခံတွင်လည်း သဘောတူညီချက်များ ထပ်မံရရှိမည့် အခြေအနေနှင့် ရှေ့ဆက်လျှောက်လှမ်းမည့် ငြိမ်းချမ်းရေးလမ်းကို ကြားသိလိုက်ရသည့်အတွက် ငြိမ်းချမ်းရေးဆီသို့ လျှောက်လှမ်းနေကြသည့် ခြေလှမ်းများသည် မဝေးတော့သော အနာဂတ်တွင် ငြိမ်းချမ်းရေးပန်းတိုင်ဆီသို့ အရောက်လှမ်းနိုင်ပါစေကြောင်း ယုံကြည်ဆုတောင်းလျက် . . .။

# လိုဏ်ဂူအတွင်း ပိတ်မိနေသောလူငယ်အားလုံး ကယ်ထုတ်နိုင်ပြီ

**မယ်ဆိုင် ဇူလိုင် ၁၀**

ထိုင်းနိုင်ငံ ချင်းရိုင်ခရိုင် မယ်ဆိုင်မြို့ ပုံဖာရပ်ကွက် ဒွိုင်းနန်းနွန်းတောင်ခြေရှိ ထမ့်လုံခွန်နမ့်လိုဏ်ဂူအတွင်း၌ ပိတ်မိနေကြသော လူငယ်ဘောလုံးအသင်းဝင်လေးဦးနှင့် နည်းပြတို့ကို အမြန်ဆုံး ခေါ်ထုတ်နိုင်ရန်အတွက် ယနေ့ဒေသစံတော်ချိန် နံနက် ၁၀ နာရီမှစတင်၍ ကယ်ဆယ်ရေးအဖွဲ့များက ဆောင်ရွက်ခဲ့ကြရာ ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်နေသော တတိယမြောက်ရက်ဖြစ်သည့် ယနေ့ဒေသစံတော်ချိန် ညနေ ၄ နာရီ ၆ မိနစ်တွင် လိုဏ်ဂူအတွင်းမှ ကိုးဦးမြောက် လူငယ်တစ်ဦးကို ထပ်မံကယ်ထုတ်နိုင်ခဲ့ပြီး ဒေသစံတော်ချိန် ညနေ ၆ နာရီခွဲမတိုင်မီတွင် ကျန်လူငယ်သုံးဦးနှင့် နည်းပြအပါအဝင် ဂူအတွင်းပိတ်မိနေသူအားလုံး ကယ်ထုတ်လိုက်နိုင်ပြီဖြစ်ကြောင်း ထိုင်းနိုင်ငံရှိ ထိုင်းရေတပ်တပ်ဖွဲ့ဖြစ်သည့် Thai Navy SEAL မှ ယနေ့ညနေပိုင်းတွင် အတည်ပြုကြေညာလိုက်ကြောင်း သိရသည်။




လူငယ်များနှင့် နည်းပြတို့ကို ရဟတ်ယာဉ်ဖြင့် တင်ဆောင်ကာ လိုဏ်ဂူနှင့် ၃၅ မိုင်အကွာတွင် တည်ရှိသော ချင်းရိုင်ပြည်သူ့ဆေးရုံကြီးသို့ တိုက်ရိုက်ပို့ဆောင်လိုက်ကြောင်း ထိုင်းနိုင်ငံရှိ thai pbs news အပါအဝင် ထိုင်းနိုင်ငံရုပ်သံသတင်းဌာနအသီးသီးမှ တိုက်ရိုက်ထုတ်လွှင့်ဖော်ပြခဲ့ကြသည်။

ထမ့်လုံခွန်နမ့် လိုဏ်ဂူအတွင်း ပြီးခဲ့သည့် ဇွန် ၂၃ ရက်ကတည်းက ပိတ်မိနေသည့် လူငယ်ဘောလုံးအသင်းဝင်မှ လူငယ် ၁၂ ဦးနှင့် နည်းပြတို့ကို ကယ်ထုတ်ရာတွင် ထိုင်းနိုင်ငံမှ နိုင်ငံတော်အဆင့် ကယ်ဆယ်ရေး လုပ်ငန်းသတ်မှတ်ဆောင်ရွက်ခဲ့သည့်အပြင် နိုင်ငံတကာမှလည်း ပူးပေါင်းကူညီမှုများပေးခဲ့ရာ လူငယ် ဘောလုံးအသင်းဝင်များကို ကယ်ထုတ်နိုင်ခဲ့သည့် ဂုဏ်ပြုသရုပ်ဖော်ထားသည့် ကာတွန်းများ ထိုင်းလူမှုကွန်ရက် စာမျက်နှာများ၌ ယနေ့တွင် ဖော်ပြလာကြကြောင်း သိရသည်။

မယ်ဆိုင်မြို့ ပုံဖာရပ်ကွက် ဒွိုင်းနန်းနွန်းတောင်ခြေရှိ ထမ့်လုံခွန်နမ့် လိုဏ်ဂူထဲ၌ နည်းပြဖြစ်သော အေ့ကဖွန်းကျန်းဝုန်း ၂၅ နှစ် အပါအဝင် လူငယ်ဘောလုံးအသင်းဝင်အဒွန်း (အသက်နှင့်မိသားစုအမည်အားဖော်ပြထားခြင်းမရှိ)၊ ပရကျတ် စုထမ်း ၁၄ နှစ်၊ နတ်ထဝွတ် ထာခမ်းစုမ်း ၁၄ နှစ်၊ ဖိဖတ်ဖုတ် ၁၅ နှစ်၊ ဖာနုမတ်ဆဲန်ဒီ ၁၃ နှစ်၊ ဒွန်ဖက်ခ်ျ ဖလုန်ထေ့ပ် ၁၃ နှစ်၊ ချနင်းဝိဘွန်းရုန့်လွန်း ၁၁ နှစ်၊ အေ့ကရတ်စုကျင်း ၁၄ နှစ်၊ ဖိရဖတ်စုမ်းဖိယန်းကျိုင်း ၁၆ နှစ်၊ ဖွန်းချိုင်းခမ်းလွမ်း ၁၆ နှစ်၊ စုမ်းဖုန်းကျိုင်းဝုန်း ၁၃ နှစ်၊ မုန်ခွန်ဘွန်ပီယန်း ၁၃ နှစ်တို့ကို ပျောက်ဆုံးရက်ဖြစ်သော ပြီးခဲ့သည့် ဇွန် ၂၃ ရက် ညပိုင်းမှစတင်၍ ယနေ့ညနေပိုင်းအချိန်အထိ နိုင်ငံတကာမှ ကယ်ဆယ်ရေးအဖွဲ့များက ကူညီရှာဖွေကယ်ထုတ်ခဲ့ခြင်းဖြစ်ပြီး ၎င်းတို့အား ကူညီရှာဖွေရန်အတွက် ထိုင်းနိုင်ငံဘက်ခြမ်းမှ မြေပုံများနှင့် တကွပေးပို့အကူအညီ တောင်းခံချက်အရ မြန်မာနိုင်ငံဘက်ခြမ်းမှ တာဝန်ရှိသူများကလည်း ပူးပေါင်းကူညီ ရှာဖွေပေးခဲ့ကြကြောင်း သိရသည်။

**ပွင့်သစ္စာ**

# ခြောက်သွေ့နေသော ရွှေပိတောက်ငါးဈေးကြီး စည်ကားလာရန်မျှော်လင့်

**ရန်ကုန် ဇူလိုင် ၁၀**

စံပြငါးဈေးအပြင်တန်းနှင့် ရပ်ကွက်အတွင်းမှ ငါးဒိုင်များ ရွှေပိတောက်ငါးဈေးကြီးတွင် ပြောင်းရွှေ့ရောင်းချခြင်းဖြင့် ခြောက်သွေ့နေသော ရွှေပိတောက်ငါးဈေး စည်ကားသိုက်မြိုက်စွာရောင်းချနိုင်မှုကို မျှော်လင့်နေကြောင်း ရွှေပိတောက်ငါးဈေးရှိ ဈေးသည်များထံမှသိရသည်။ စံပြငါးဈေးအပြင်တန်းနှင့် ရပ်ကွက်အတွင်းမှဈေးသည်များ ရွှေပိတောက်ငါးဈေးသို့ ပြောင်းရွှေ့ရန် စံပြငါးဈေးအနီးမှ ရပ်ကွက်နေပြည်သူတို့ လိုလားလျက်ရှိသည်။

ကြည့်မြင်တိုင်မြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးကျော်နန္ဒက "စံပြငါးဈေးက ခေတ်ကာလနဲ့မညီတော့ဘူး။ လူနေရပ်ကွက်ထဲကို ငါးဒိုင်တွေရောက်လာတာကြာပြီ။ ရပ်ကွက်ကလည်း ငါးဈေးရပ်ကွက်ကြီးတစ်ခုလိုဖြစ်နေပြီ။ ရွှေပိတောက်ငါးဈေးကို ပြောင်းသင့်နေပြီ" ဟု ပြောသည်။

စံပြငါးဈေးမှ ငါးဒိုင်ပိုင်ရှင်တစ်ဦးက "ငါးဈေးက လူနေရပ်ကွက်နားမှာဆိုတော့ ရွှေ့သင့်နေတာကြာပြီ။ ငါးပုံးတွေချတာ၊ ကားတွေနဲ့မလွတ်တာ၊ လမ်းတွေနဲ့မလွတ်တာ၊ လေကောင်းလေသန့်မရဘူး။ လူကလည်း ပေါင်းစုံဆိုတော့ ပြဿနာမျိုးစုံတွေ့ရတယ်"ဟု ၎င်း၏အမြင်ကို ပွင့်လင်းစွာပြောသည်။

ရေချို၊ ရေငန်ငါးများမှာ စံပြငါးဈေးနှင့် ရွှေပိတောက်ငါးဈေးသို့ နေ့စဉ်ဝင်ရောက်လျက်ရှိပြီးမိုးရာသီတွင် ပင်လယ်ပြင်မှငါးဝင်ရောက်မှုနည်းသည့်အတွက် ရေချိုငါးများကို မြန်မာပြည်အထက်ပိုင်းနှင့် တောင်ပေါ်၊ နယ်စပ်ဒေသများပါမကျန် ပို့လျက်ရှိရာ စံပြငါးဈေးမှအများဆုံး တင်ပို့လျက်ရှိကြောင်း သိရသည်။

စံပြငါးဈေးအပြင်ဘက်နှင့် ရပ်ကွက်အတွင်း ဆိုင်ခန်းဖွင့်လှစ်ရောင်းချလျက်ရှိသော ငါးဒိုင်များကြောင့် ရပ်ကွက်နေပြည်သူတို့ ကျန်းမာရေးထိခိုက်စေသည့်အပြင် လူမှုရေးပြဿနာများကြောင့် မှုခင်းများဖြစ်ပွားလျက်ရှိ၍ အဆိုပါငါးဒိုင်များအား ပြောင်းရွှေ့ပေးနိုင်ရန် ဒေသခံပြည်သူများက ဆန္ဒရှိနေခြင်းဖြစ်ကြောင်း သိရသည်။

**သစ္စာ(သန်းထိုက်)**

# ရွှေပြည်သာမြို့နယ် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း၌ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ရွှေပြည်သာ ဇူလိုင် ၁၀**

ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတများ ရရှိစေရန်ရည်ရွယ်၍ သက်ငယ်မုဒိမ်းမှုနှင့် မှုခင်းလျှော့နည်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၀ ရက် နံနက် ၉ နာရီတွင် ရွှေပြည်သာမြို့နယ် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းစိုးက သက်ငယ်မုဒိမ်းမှုနှင့် မှုခင်းကျဆင်းရေးအသိပညာပေးဟောပြောခြင်းကိုလည်းကောင်း၊ အမှတ် ၆၆ ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့စုမှူး ဒုရဲမှူး အောင်ဇော်ဝင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကိုလည်းကောင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု ၄၀ မှ ဒုရဲမှူး မင်းဟန်က မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာ အသိပညာပေးခြင်းကိုလည်းကောင်း ဆွေးနွေးဟောပြောခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းမှ ကျောင်းအုပ်ကြီး ဒေါက်တာမျိုးမင်းသန့်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၁၁၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ဥတုရာသီ တောကိုမှီ၍

ကြေးမုံ
ဇူလိုင် ၁၁၊ ၂၀၁၈




# ရင်သွေးများအား မိခင်နို့ချိုအပြင် နို့ဘူးလည်းတိုက်သင့်ဟု သမ္မတထရန့်ပြော

**ဝါရှင်တန် ဇူလိုင် ၁၀**
ရင်သွေးကလေးငယ်များအား မိခင်နို့ချိုတိုက်ကျွေးရေးဘက်မှ ထောက်ခံအားပေးသည့် ကမ္ဘာ့ကျန်းမာရေးညီလာခံ၏ ဆုံးဖြတ်ချက်တစ်ရပ်ကို တိုက်ခိုက်သည့်အနေဖြင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က မိခင်များသည် ၎င်းတို့၏ရင်သွေးများအား နို့မှုန့်တိုက်ကျွေးခွင့်လည်း ရှိသင့်သည်ဟု ထုတ်ဖော်ပြောဆိုခဲ့ကြောင်း နယူးယောက်တိုင်းမ်သတင်းစာ၏ ရေးသားဖော်ပြချက်ကို ကိုးကားလျက် အေအက်ဖ်ပီသတင်းဌာနက ဇူလိုင် ၁၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ရင်သွေးများအား မိခင်နို့ချိုတိုက်ကျွေးရေးဘက်မှ ထောက်ခံသော ဆုံးဖြတ်ချက်တစ်ရပ်ကို ကမ္ဘာ့ကျန်းမာရေးညီလာခံ အစည်းအဝေး၌ တစ်ခဲနက်ချမှတ်နိုင်ရန် ကြိုးပမ်းခဲ့ရာတွင် အမေရိကန်ကိုယ်စားလှယ်များက စောဒကတက်ကာ ပြောဆိုခဲ့ကြသည်ဟု နယူးယောက်တိုင်းမ်သတင်းစာက ပြီးခဲ့သည့် ရက်သတ္တပတ်ကုန်တွင် ရေးသားဖော်ပြခဲ့သည်။

**ထောက်ခံပြောဆို**

အဆိုပါအဖွဲ့သည် အဖွဲ့ဝင်နိုင်ငံများအားလုံးက မိခင်နို့ချိုတိုက်ကျွေးရေးအစဉ်အလာကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် မြှင့်တင်အားပေးရန် ထောက်ခံပြောဆိုနေသော အဖွဲ့အစည်းဖြစ်သည်။

အဆိုပါဆုံးဖြတ်ချက်အတွက် ကမကထပြု အဆိုတင်သွင်းသော အီကွေဒေါနိုင်ငံအပေါ် အမေရိကန်က ဖိအားပေးသည့် အနေဖြင့် ကုန်သွယ်ရေးပိတ်ဆို့မှုများပြုလုပ်မည်၊ စစ်ရေးအကူအညီများ ဖြတ်တောက်ပစ်မည်ဟု ခြိမ်းခြောက်ခဲ့ကြောင်း သတင်းစာတွင် ရေးသားဖော်ပြထားသည်။ သို့ရာတွင် ယင်းသတင်းကို အတုအယောင်သတင်းဟု သမ္မတထရန့်က ဝေဖန်ခဲ့သည်။

အမေရိကန်အစိုးရ၏ရပ်တည်ချက်မှာ နို့မှုန့်ထုတ်လုပ်သော ကုမ္ပဏီများ၏အကျိုးစီးပွားဘက်မှ မဟာမိတ်ပြုထောက်ခံခြင်းဖြစ်ကြောင်း သတင်းစာက ဖော်ပြသည်။ ပြည်သူ့ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့တွင် ကုမ္ပဏီများ၏ အကျိုးစီးပွားများဘက်မှ သမ္မတထရန့်၏ အစိုးရအဖွဲ့က ကာကွယ်ပေးလေ့ရှိပုံကို သာဓကပြ၍ ရေးသားဖော်ပြထားခြင်းဖြစ်သည်။

မိခင်နို့ချိုတိုက်ကျွေးရေး အယူအဆကို မိမိတို့ယုံကြည်ကြောင်း၊ သို့ရာတွင် အမျိုးသမီးများအနေဖြင့် ၎င်းတို့၏ရင်သွေးများအား နို့ဘူးတိုက်ရန်လည်း အခွင့်အလမ်းရှိသင့်ကြောင်း၊ အာဟာရမပြည့်ဝသော အမျိုးသမီးများနှင့် ဆင်းရဲနွမ်းပါးသော အမျိုးသမီးများသည် နို့ဘူးတိုက်ကျွေးခွင့် ရှိသင့်ကြောင်း သမ္မတထရန့်က လူမှုကွန်ရက်မီဒီယာတွစ်တာမှတစ်ဆင့် ချေပပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

## ကနေဒါတွင် အပူလှိုင်းကျမှုကြောင့် သေဆုံးသူဦးရေ ၇၀ အထိ ရှိလာ

**မွန်ထရီယယ် ဇူလိုင် ၁၀**
ကနေဒါနိုင်ငံအရှေ့ပိုင်း ကွိဘက်ပြည်နယ်တွင် အပူလှိုင်းကျမှုကြောင့် သေဆုံးရသူဦးရေ ၇၀ အထိရှိပြီဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ဇူလိုင် ၁၀ ရက်တွင် ပြောကြားသည်။

မွန်ထရီယယ်မြို့တွင် သေဆုံးသူဦးရေ ၃၄ ဦးအထိ စံချိန်တင်ခဲ့ကြောင်း ပြည်နယ် ကျန်းမာရေးဝန်ကြီးဌာနက အေအက်ဖ်ပီသို့ ပြောကြားသည်။ ယခင်မှတ်တမ်းအရ ကနေဒါတွင် အပူလှိုင်းကျရောက်မှုကြောင့် သေဆုံးသူဦးရေ ၅၄ ဦး အထိ ရှိခဲ့သည်။

ကနေဒါနိုင်ငံ အရှေ့ပိုင်းတွင် ဇူလိုင်လ အစောပိုင်းကတည်းက အပူလှိုင်းကျရောက်နေခဲ့ပြီး ကွိဘက်ပြည်နယ်တွင် အလွန်အမင်း ပူပြင်းသော အပူချိန်နှင့် ဆက်စပ်သေဆုံးရမှုမှာ စံချိန်တင်မြင့်မားခဲ့သည်။

အပူဒဏ်ကြောင့် သေဆုံးရသူအများစုမှာ အသက် ၅၀ကျော်အရွယ် အမျိုးသားများဖြစ်ကြပြီး တစ်ကိုယ်ရေတစ်ကာယ နေထိုင်ကြကာ ၎င်းတို့တွင် လေအေးပေးစက်မရှိကြောင်း မွန်ထရီယယ်ဒေသဆိုင်ရာပြည်သူ့ကျန်းမာရေးဌာနမှ ဆရာဝန်ဒေးဗစ်ကိုင်ဆာက ပြောကြားသည်။

**အေအက်ဖ်ပီ**

# နိုင်ဂျီးရီးယား၌ အတိုက်အခံပါတီ ၃၀ ကျော် မဟာမိတ်ဖွဲ့ကာ ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်မည်

**အဘူဂျာ ဇူလိုင် ၁၀**
နိုင်ဂျီးရီးယားနိုင်ငံ၌ လက်ရှိသမ္မတ မူဟာမဒူးဘူဟာရီအား လာမည့်နှစ်အစောပိုင်းတွင် ဒုတိယမြောက် သမ္မတရာထူး သက်တမ်းအတွက် ဆက်လက်တာဝန်ထမ်းဆောင်ခွင့်မရစေရန် ကြိုးပမ်းသည့်အနေဖြင့် အတိုက်အခံပါတီ ၃၀ကျော်က မဟာမိတ်ဖွဲ့ကာ ၎င်းပြန်လည်ရွေးချယ်တင်မြှောက်ခံရခြင်းမှ တားဆီးကာကွယ်သွားရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇူလိုင် ၁၀ ရက်တွင် သတင်းထုတ်ပြန်သည်။

လာမည့်နှစ် ဖေဖော်ဝါရီလတွင် ကျင်းပမည့် ရွေးကောက်ပွဲ၌ ဘူဟာရီဆန့်ကျင်ရေး မဟာမိတ်အဖွဲ့က ပါဝင်ယှဉ်ပြိုင်ရန် နိုင်ငံရေးပါတီ ၃၉ ပါတီတို့မှ ကိုယ်စားလှယ်များက သဘောတူညီချက်တစ်ရပ်ကို ဇူလိုင် ၉ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ အဆိုပါပါတီများတွင် အဓိက အတိုက်အခံပါတီဖြစ်သော ပြည်သူ့ဒီမိုကရက်တစ်ပါတီ(ပီဒီပီ)လည်း ပါဝင်သည်။

ဘူဟာရီအား ပြည်သူတို့က ပြန်လည်ရွေးချယ်တင်မြှောက်နိုင်ခြင်း မရှိစေရန် ရည်ရွယ်လျက် အတိုက်အခံများအားလုံးက လက်တွဲပူးပေါင်း လုပ်ကိုင်သွားရန် မိမိတို့သဘောတူညီချက်ရရှိခဲ့ကြောင်း ပီဒီပီပါတီ ပြောရေးဆိုခွင့်ရှိသူ ကိုလာအိုလော့ဘိုဒီယန်က ပြောကြားသည်။

သမ္မတဘူဟာရီ၏ စွမ်းဆောင်ရည်ညံ့ဖျင်းသော အစိုးရကို ဖြုတ်ချနိုင်မည့် သမ္မတလောင်းတစ်ဦးကို သတ်သတ်မှတ်မှတ်ထားရှိကာ ရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် ရည်ရွယ်ကြောင်း ၎င်းက ပြောကြားသည်။

နိုင်ငံရေးပါတီ ၃၉ ဖွဲ့ပါဝင်သော မဟာမိတ်အဖွဲ့ဖြစ်သဖြင့် ကြီးကျယ်သော နိုင်ငံရေးအုပ်စုကြီးဖြစ်လာမည်ဖြစ်ကြောင်း၊ ပါတီများကို ပေါင်းစပ်ဖွဲ့စည်းခြင်းမဟုတ်ဘဲ မဟာမိတ်ပြုလုပ်ကိုင်ခြင်းသာ ဖြစ်ကြောင်း၊ ပါတီများအားလုံး သာတူညီမျှ အခြေခံမှုဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပါတီခေါင်းဆောင်တစ်ဦးဖြစ်သူ တန်ကိုက ပြောကြားသည်။



အမျိုးသားပြန်လည်ညီညွတ်ရေးအစိုးရအဖွဲ့သစ်တွင် ပါတီတိုင်းက ကိုယ်စားပြုပါဝင်ခွင့်ရရှိမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အသက် ၇၅ နှစ်ရှိ ဘူဟာရီသည် ၂၀၁၅ ခုနှစ်တွင် အာဏာရရှိလာခဲ့သည်။ ၎င်းသည် လေးနှစ်သက်တမ်းရှိ သမ္မတရာထူးတွင် ဒုတိယအကြိမ် ရွေးချယ်တင်မြှောက်ခံရရေးအတွက် ကြိုးပမ်းလျက်ရှိသည်။ **အေအက်ဖ်ပီ**

# ကွန်ဂိုနှင့်ယူဂန္ဒာတို့ ပူးတွဲပိုင်ဆိုင်သည့် အက်ဒ်ဝပ်ရေကန်ကြီး၌ တိုက်ခိုက်မှုများဖြစ်ပွား၍ ရေလုပ်သား ၁၂ ဦး သေဆုံး

**ဂိုမာ (ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ) ဇူလိုင် ၁၀**
ယူဂန္ဒာနိုင်ငံနှင့် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတို့ မျှဝေပိုင်ဆိုင်သည့် အက်ဒ်ဝပ်ရေကန်



ကြီးတွင် လူအသေအပျောက်ရှိသည့် တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက် ကွန်ဂို ရေလုပ်သား ၁၆ ဦး ပျောက်ဆုံးပြီး ရေလုပ်သား ၁၂ ဦးထက်မနည်း သေဆုံးခဲ့ရကြောင်း ကွန်ဂို တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယူဂန္ဒာရေတပ်နှင့် ကွန်ဂိုလက်နက်ကိုင်တပ်ဖွဲ့များအကြား အပြန်အလှန် ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ပြီးနောက် မိမိတို့၏ တစ်နိုင်ငံတည်းသား လူ ၁၂ ဦး၏ ရုပ်အလောင်းများ အက်ဒ်ဝပ်ရေကန်ကြီး၏ ရေမျက်နှာပြင်ပေါ် မျောပါလျက်ရှိကြောင်း ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ မြောက်ကီဗူးပြည်နယ်မှ အထက်တန်း တာဝန်ရှိသူ မူဟင်ဒိုဂျောဟွာက ပြောကြားသည်။

**ပျောက်ဆုံး**

ယူဂန္ဒာတပ်ဖွဲ့များက တွေ့မြင်သမျှကို ပစ်ခတ်နေခြင်းကြောင့် ရုပ်အလောင်းများ ဆယ်ယူရေးအတွက် လုပ်ဆောင်နိုင်ခြင်းမရှိကြောင်း၊ ရေလုပ်သား ၁၆ ဦးမှာ ပျောက်ဆုံးနေကြောင်း ၎င်းက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားခဲ့သည်။

ရေလုပ်သား ၁၆ ဦး ပျောက်ဆုံးနေကြောင်း ကွန်ဂိုအစိုးရက အစောပိုင်းတွင် ကြေညာချက်ထုတ်ပြန်ခဲ့ပြီးနောက် ၎င်းက ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

လွန်ခဲ့သည့် ရက်သတ္တပတ် အနှောင်းပိုင်းက အဆိုပါရေကန်ကြီးတွင် တိုက်ခိုက်မှုများဖြစ်ပွားခဲ့ပြီးနောက် လူပေါင်း ၃၀ ခန့် သေဆုံးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းများ ဖြစ်ပေါ်ခဲ့သည်။

အာဖရိကတိုက်အရှေ့ပိုင်းရှိ ရေကန်ကြီးများအနက် အက်ဒ်ဝပ်ရေကန်မှာ အရွယ်အစား အသေးငယ်ဆုံးဖြစ်ပြီး ယင်းရေကန်ကြီး၏ အိမ်နီးချင်းနှစ်နိုင်ငံအကြားတွင် လွန်ခဲ့သည့်နှစ်ကတည်းကပင် တင်းမာမှုများ မြင့်တက်လာခဲ့သည်။

ဒေသတွင်းမှ သူပုန်များ၊ ယူဂန္ဒာနှင့် ရဝမ်ဒါတို့မှ သူပုန်များ အဆိုပါ ရေကန်ကြီးဒေသတွင်း ဝင်ရောက်လှုပ်ရှားနေခြင်းကို ကွန်ဂိုရေတပ်က တားဆီးကာကွယ်လျက်ရှိသည်။

**ဖမ်းဆီး**

ကွန်ဂိုနှင့် ယူဂန္ဒာ လက်နက်ကိုင်တပ်ဖွဲ့များအကြား ပစ်ခတ်မှုဖြစ်ပွားခြင်းကြောင့် ယူဂန္ဒာတပ်ဖွဲ့ဝင်လေးဦးနှင့် အရပ်သား သုံးဦးတို့ သေဆုံးမှုဖြစ်ပွားပြီး နှစ်ရက်အကြာ ဇူလိုင် ၇ ရက်တွင် ကွန်ဂိုရေလုပ်သား ခုနစ်ဦးကို ယူဂန္ဒာရေတပ်မှ သတ်ဖြတ်ခဲ့ကြောင်း ကွန်ဂိုသတင်းရင်းမြစ်များက ပြောကြားသည်။ ဇူလိုင် ၇ ရက်က ယူဂန္ဒာရေတပ် ကင်းလှည့်ရေယာဉ်တစ်စင်းက ကွန်ဂိုလူမျိုးရေလုပ်သား ၁၈ ဦးအား ဖမ်းဆီးခဲ့သည်ဟုဆိုသည်။

**အေအက်ဖ်ပီ**

# အင်္ဂလန်တို့ ထိန်းချုပ်ကစားဖို့ခက်ခဲမယ့် ခရိုအေးရှားရဲ့ ကွင်းလယ်စုဖွဲ့မှု



အင်္ဂလန်အသင်းဟာ ရုရှားနိုင်ငံမှာ ကျင်းပနေတဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်မှာ ခရိုအေးရှားအသင်းနဲ့ ထိပ်တိုက်တွေ့ဆုံနေတာဖြစ်ပြီး ကွင်းလယ်အားစုဖွဲ့မှုကောင်းတဲ့ ခရိုအေးရှားအသင်းကို ကျော်ဖြတ်ဖို့ ခက်ပါလိမ့်မယ်။

ခရိုအေးရှားအသင်းက အုပ်စုအဆင့်မှာ နာမည်ကြီး အာဂျင်တီးနားအသင်းကိုတောင် အန်တီရီဘစ်၊ လူကာမိုဒရစ်၊ ရာကီတစ်တို့ရဲ့ သွင်းဂိုးတွေနဲ့အတူ သုံးဂိုးပြတ်နဲ့ အနိုင်ရခဲ့တာပါ။ ဒ့ါအပြင် အိုက်စလန်ကို နှစ်ဂိုး-တစ်ဂိုး၊ နိုင်ဂျီးရီးယားကို နှစ်ဂိုး-ဂိုးမရှိဆိုတဲ့ရလဒ်တွေနဲ့ အုပ်စုအဆင့်မှာ ပထမနေရာကနေ ၁၆ သင်းအဆင့်ကို တက်လာခဲ့တာဖြစ်ပါတယ်။

၁၆ သင်းအဆင့်မှာဆိုရင်လည်း ဒိန်းမတ်အသင်းကို ပင်နယ်တီအဆုံးအဖြတ်နဲ့ ကွာတားဖိုင်နယ်တက်ခဲ့ပြီး ကွာတားဖိုင်နယ်မှာလည်း အိမ်ရှင်ရုရှားအသင်းကို အနိုင်ကစားနိုင်ခဲ့တာမို့ ရုရှားရဲ့ကမ္ဘာ့ဖလားအိပ်မက်ကို ပျက်စီးစေခဲ့တာပါ။ အဲဒီမှာ ခရိုအေးရှားအသင်းရဲ့ မတူညီတဲ့အပိုင်းက ကစားသမားတိုင်းဟာ ဂိုးသွင်းနိုင်တာပဲဖြစ်ပါတယ်။ လက်ရှိမှာဆိုရင် ရီဘစ်၊ မိုဒရစ်၊ ရာကီတစ်၊ မီလန်ဘာဒယ်၊ ပီရီဆစ်၊ မန်ဇူကစ်၊ ကရာမာရစ်တို့ဟာ ဂိုးသွင်းထားကြပါတယ်။

ခရိုအေးရှားအသင်းရဲ့ ပုံမှန်ပွဲထွက်ကစားသမား ၁၁ ဦးစာရင်းကို ကြည့်မယ်ဆိုရင် ဂိုးသမား ဆူဘာဆစ်ဟာ ဒိန်းမတ်အသင်း၊ ရုရှားအသင်းတို့နဲ့ ပွဲစဉ်တွေမှာ ပြိုင်ဘက်ကစားသမားတွေရဲ့ ဂိုးပေါက်ခြိမ်းခြောက်မှုကို ကာကွယ်နိုင်ခဲ့ပါတယ်။ ညာနောက်ခံကစားသမား ကော်လူကာဟာဆိုရင် အသက် ၃၂ နှစ်အရွယ်ရှိပြီဖြစ်ပေမယ့် ခရိုအေးရှားအတွက် အားထားရသလို ဗဟိုခံစစ်မျိုးတွေဖြစ်တဲ့ လော့ဗ်ရန်နဲ့ ဗီဒါတို့ကလည်း နောက်တန်းအတွက် စိတ်ချရတဲ့အနေအထားပါ။

ခရိုအေးရှားအသင်းမှာ အတောင့်တင်းဆုံးကတော့ ကွင်းလယ်ပိုင်းပါပဲ။ ကွင်းလယ်မှာဆိုရင် လူကာမိုဒရစ်၊ ရာကီတစ်နဲ့ ကရာမာရစ်တို့ဟာ ရှေ့၊ လယ်၊ နောက် အချိတ်အဆက်မိအောင် ထိန်းထားနိုင်ခဲ့တဲ့အပြင် သူတို့ကိုယ်တိုင်လည်း ဂိုးသွင်းခြေစွမ်းတွေရှိနေတာပါပဲ။ လူကာမိုဒရစ်ဟာ ကမ္ဘာ့အကောင်းဆုံးကွင်းလယ်ကစားသမားတစ်ဦးဖြစ်ပြီး အာဂျင်တီးနားအသင်းနဲ့ ပွဲစဉ်မှာဆိုရင် အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့ပြီး လက်ရှိမှာလည်း နှစ်ဂိုးသွင်းထားတာဖြစ်ပါတယ်။ ရာကီတစ်ကလည်း ဘာစီလိုနာမှာ ပုံမှန်ခြေစွမ်းရခဲ့တာမို့ အခုကမ္ဘာ့ဖလားမှာလည်း ခရိုအေးရှားရဲ့ကွင်းလယ်ပိုင်းမှာ မိုဒရစ်နဲ့အတူ အကောင်းဆုံးခြေစွမ်းပိုင်ဆိုင်ထားပါတယ်။ ကရာမာရစ်ကတော့ ကွင်းလယ်ရော တိုက်စစ်ပါ လိုက်ပါကစားနိုင်တဲ့ကစားသမားတစ်ဦး ဖြစ်ပါတယ်။ ခရိုအေးရှားမှာ အဓိကအားအထားရဆုံးကစားသမားတစ်ဦးဖြစ်တဲ့ မန်ဇူကစ်ကလည်း ပြိုင်ဘက်အသင်းတွေရဲ့ နောက်တန်းခံစစ်ကို အကောင်းဆုံးဒုက္ခပေးနိုင်တာဖြစ်လို့ ခရိုအေးရှားအသင်းက စုဖွဲ့မှု ပိုမိုအားကောင်းနေတာလည်း ဖြစ်ပါတယ်။

အင်္ဂလန်အသင်းကတော့ တိုက်စစ်ပိုင်းနဲ့ ခံစစ်ပိုင်းမှာ အားရကျေနပ်မှုအပြည့်ပေးနိုင်တဲ့ကစားသမားတွေရှိနေပေမယ့် ကွင်းလယ်ပိုင်းမှာတော့ အားနည်းချက်တွေရှိနေပါတယ်။ အဲဒါဟာ နည်းပြဆောက်ဂိတ်အတွက် အဓိကပြင်ဆင်ရမယ့်အပိုင်းပါ။ ဘာလို့လဲဆိုရင် ခရိုအေးရှားက ကွင်းလယ်စုဖွဲ့မှုအားကောင်းတာမို့ ဆီမီးဖိုင်နယ်မှာ အင်္ဂလန်တို့ ခက်ခက်ခဲခဲကစားရဖို့ကတော့ သေချာနေပါတယ်။




# ဘရာဇီးကွင်းလယ်လူ အာသာအား ဘာစီလိုနာအသင်း ခေါ်ယူ

ဘာစီလိုနာအသင်းသည် ဘရာဇီးကလပ် ဂရီမီယိုအသင်းမှ ဘရာဇီးကွင်းလယ်ကစားသမား အာသာအား ပြောင်းရွှေ့ကြေး ပေါင် ၃၅ ဒသမ ၅ သန်း(ယူရို သန်း ၄၀)ဖြင့် စာချုပ်ချုပ်ဆိုခေါ်ယူလိုက်ပြီဖြစ်ကြောင်း သိရသည်။

ဘာစီလိုနာအသင်းသည် ကနဦးအနေဖြင့် ကွင်းလယ်ကစားသမား အာသာအား ယူရို ၃၁ သန်း ပေးချေမည်ဖြစ်ပြီး နောက်ထပ် ယူရိုကိုးသန်းကို ခြေစွမ်းပေါ်မူတည်၍ ထပ်ပေးရန်ရှိနေကြောင်း သိရသည်။

အသက် ၂၁ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား အာသာသည် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားရန် မတ်လကတည်းက သဘောတူညီခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် ခြောက်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဘာစီလိုနာအသင်းက ကွင်းလယ်ကစားသမား အာသာအား ခေါ်ယူလိုက်ခြင်းနဲ့ စပ်လျဉ်း၍ ဘရာဇီးကွင်းလယ်ကစားသမား ပေါ်လင်ဟို ဘာစီလိုနာအသင်းမှ တရုတ်ကလပ်သို့ ပြောင်းရွှေ့သွားခဲ့ပြီး နောက်နေ့တွင် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား အာသာသည် ဘရာဇီးကလပ် ဂရီမီယိုအသင်းနှင့်အတူ ၂၀၁၅ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ပွဲပေါင်း ၃၅ ပွဲပါဝင်ကစားပေးခဲ့ရာတွင် သွင်းဂိုးနှစ်ဂိုးသွင်းယူပေးထားနိုင်ခဲ့သည့် ကစားသမားတစ်ဦးလည်းဖြစ်သည်။

ငွေကြယ် - ရေးသားသည်

# ဇူလိုင်လကုန်မှာ ပြန်လည်သုံးသပ်ဖို့ရှိတဲ့ ဆမ်ပိုအိုလီရဲ့ အာဂျင်တီးနားအနာဂတ်

အာဂျင်တီးနားအသင်းဟာ ၂၀၁၈ ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲမှာ ၁၆ သင်းအဆင့်ကနေ ထွက်ခဲ့ရတာကြောင့် နည်းပြဆမ်ပိုအိုလီရဲ့ အာဂျင်တီးနားအသင်းနဲ့အတူ ဆက်ရှိ၊ မရှိဆိုတာနဲ့ပတ်သက်ပြီး အခုဇူလိုင်လကုန်ပိုင်းမှာ ပြန်လည်သုံးသပ်ဖို့ ရှိနေတယ်လို့ သိရပါတယ်။

အာဂျင်တီးနားအသင်းဟာ ၁၆ သင်းရှုံးထွက်အဆင့်မှာ ပြင်သစ်အသင်းကို လေးဂိုး-သုံးဂိုးနဲ့ ရှုံးနိမ့်ခဲ့ရတာဖြစ်ပြီး အုပ်စုအဆင့်မှာတော့ အိုက်စလန်ကို တစ်ဖက်တစ်ဂိုးစီသရေ၊ ခရိုအေးရှားကို သုံးဂိုးပြတ်နဲ့ ရှုံးထားခဲ့တာဖြစ်ပါတယ်။ အဲဒီလို ရှုံးနိမ့်ခြင်းဟာ ၁၉၅၈ ခုနှစ် ကမ္ဘာ့ဖလားတုန်းက ချက်ကိုစလိုဗက်ကီးယားကို ခြောက်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ပြီးတဲ့နောက်မှာ အကြီးမားဆုံးရှုံးနိမ့်မှုလည်း ဖြစ်လာခဲ့ပါတယ်။

နည်းပြ ဆမ်ပိုအိုလီဟာ အာဂျင်တီးနားအသင်းကို ၁၅ ပွဲ တာဝန်ယူကိုင်တွယ်ခဲ့ရာမှာ ခုနစ်ပွဲနိုင်၊ လေးပွဲသရေနဲ့ လေးပွဲရှုံးနိမ့်ခဲ့တာ ဖြစ်ပါတယ်။ နည်းပြဆမ်ပိုအိုလီအနေနဲ့ ဇူလိုင် ၂၈ ရက်မှာ စပိန်မြေမှာကစားမယ့်ပြိုင်ပွဲမှာ အာဂျင်တီးနား အသက် ၂၀ အောက်အသင်းကို တာဝန်ယူကိုင်တွယ်မှာဖြစ်ပြီး အာဂျင်တီးနားအသင်းဟာ စက်တင်ဘာ ၆ ရက်မှာ ဂွာတီမာလာအသင်းနဲ့ ချစ်ကြည်ရေးခြေစမ်းပွဲ ကစားရမှာ ဖြစ်ပါတယ်။

ယင်းမှာ နည်းပြ ဆမ်ပိုအိုလီနဲ့ အာဂျင်တီးနားဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ကလော်ဒီယိုတာပီယာ၊ ဒုတိယဥက္ကဋ္ဌ ဒန်နီယယ်အိန်ဂျယ်လီစီတို့နဲ့ ဇူလိုင် ၉ ရက်က တွေ့ဆုံပြီးနောက် ထွက်ပေါ်လာတဲ့သတင်းဖြစ်ပြီး အာဂျင်တီးနားဘောလုံးအဖွဲ့ချုပ်ကလည်း ဆမ်ပိုအိုလီရဲ့ အနာဂတ်နဲ့ပတ်သက်ပြီး ဆွေးနွေးရန် နောက်ထပ်တွေ့ဆုံမှုတစ်ခု ပြုလုပ်ဖို့ရှိနေတယ်လို့ သိရပါတယ်။



# ခြိမ်းခြောက်ငွေကြေးတောင်းခံပြီး ဥပဒေမဲ့လုပ်ရပ်များ ပြုလုပ်ခဲ့သည့် နေပြည်တော်တိုင်း(မ်) သတင်းထောက်များအား တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့နယ် နန်းမော်လိုက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးထိန်လင်းအား ခြိမ်းခြောက်ငွေကြေးတောင်းခံပြီး ဥပဒေမဲ့လုပ်ရပ်များ ပြုလုပ်ခဲ့သည့် နေပြည်တော်တိုင်း(မ်) သတင်းထောက်များကို တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါသတင်းထောက်များသည် ဇူလိုင် ၉ ရက်က အုပ်ချုပ်ရေးမှူး ဦးထိန်လင်း၏ နေအိမ်သို့ ရောက်ရှိလာပြီး ၎င်းတို့မှာ ထောက်လှမ်းရေးသတင်းထောက်များဖြစ်ကြောင်း၊ နေပြည်တော်မှ မော်လိုက်ခရိုင်တွင် တာဝန်ပေးထားသော စစစ၊ ဒ/န၊ SB၊ မီဒီယာအဖွဲ့ပေါင်းစုံဖြစ်ကြောင်း၊ ဦးခင်မောင်ဝင်း၏ နေအိမ်ခြံဝင်းအတွင်း၌ အထကခွဲနှင့် ဝန်ထမ်းအိမ်ရာဆောက်ရန် သစ်တစ်တန်ခန့် တွေ့သဖြင့် ဓာတ်ပုံရိုက်ထားကြောင်း၊ ဥပဒေနှင့်ငြိစွန်းကြောင်းနှင့် တာဝန်ရှိသူများနှင့် လိုက်လျောညီထွေ ပူးပေါင်းဆောင်ရွက်နေသည့်အတွက် နေပြည်တော်မှ တိုက်ရိုက်လွှတ်လိုက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာအတွင်း၌ သစ်စက်လုပ်ကိုင်သူ အမည်စာရင်း ၁၀ ဦး ရှိသည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ထို့ပြင် ယင်းသတင်းထောက်များသည် အုပ်ချုပ်ရေးမှူး ဦးထိန်လင်းအား အဆိုပါသစ်စက်လုပ်ကိုင်သူ ၁၀ ဦးကို ခေါ်ခိုင်းကာ သစ်စက်လုပ်ကိုင်သူ ၁၀ ဦး၏ မှတ်ပုံတင်များကို ဓာတ်ပုံရိုက်ပြီး တစ်ဦးလျှင် ငွေကျပ် တစ်သိန်းခွဲနှုန်းဖြင့် ၁၅ သိန်း ပေးရမည်ဖြစ်ကြောင်း၊ မပေးပါက ဖမ်းဆီးပြီး ရိုက်ပုတ်နှိပ်စက်မည်ဖြစ်ကြောင်း ခြိမ်းခြောက်ပြောဆိုခဲ့သည့်အတွက် အုပ်ချုပ်ရေးမှူး ဦးထိန်လင်းက ကျေးရွာရှိ တာဝန်ရှိသူများနှင့် တိုင်ပင်ကာကျေးရွာစာသင်ကျောင်းအုတ်တံတိုင်းခတ်ရန် စုဆောင်းထားသည့် ငွေ ၁၀ သိန်းအား ပေးအပ်ခဲ့ရကြောင်း သိရသည်။

ထိုသို့ ပေးအပ်ခဲ့ရသည့်အတွက် အရေးယူပေးရန် တိုင်တန်းခဲ့သဖြင့် ဖောင်းပြင်မြို့မရဲစခန်းမှ နေပြည်တော်တိုင်း(မ်) မှုခင်းသတင်းထောက် (မော်လိုက်ခရိုင်တာဝန်ခံ)များ ဖြစ်ကြသည့် မောင်ဆန်း ၃၆ နှစ် (ဘ)ဦးညွန့် ရှောက်တောကျေးရွာ ပွင့်ဖြူမြို့နယ်၊ အောင်ဖြိုးဝေ ၂၁ နှစ် (ဘ)ဦးညွန့် ရှောက်တောကျေးရွာ ပွင့်ဖြူမြို့နယ်၊ မောင်စိုး ၅၄ နှစ် (ဘ)ဦးအောင်ရှိန် ကံကြီးကျေးရွာ ကလေးမြို့နယ်နှင့် ကီးအောင်မင်း ၄၆ နှစ် (ဘ)ဦးလေဟာကီး ကြံသာကျေးရွာ ကလေးမြို့နယ်နေသူ လေးဦးတို့အား တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ ယင်းသတင်းထောက်လေးဦးသည် ဇူလိုင် ၁ ရက် ညနေ ၃ နာရီခန့်ကလည်း စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့နယ် ဟဲလျော်ကျေးရွာနေ ဒေါ်မြင့်အုန်း၏ နေအိမ်စျေးဆိုင်သို့ အရက်ရောင်းသည်ဟုဆိုကာ ဖမ်းဆီးမည်ဟု ခြိမ်းခြောက်၍ ငွေကျပ် ၂၀၀၀၀ တောင်းယူခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ၎င်းတို့အား တည်ဆဲဥပဒေဖြင့် ထပ်မံရေးဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

"နိုင်ငံတော်လုံခြုံရေးအဖွဲ့အစည်းများ၏ အသွင်သဏ္ဍာန်ဖြင့် ယူနီဖောင်းများ ဖန်တီးဝတ်စားဆင်ယင်ခြင်း မပြုကြရန်နှင့် ဝတ်ဆင်ကြောင်း တွေ့ရှိပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း" ပြည်ထဲရေးဝန်ကြီးဌာနက ဇန်နဝါရီ ၁၇ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ကြေညာချက်ထုတ်ပြန်ခဲ့သည့်အပြင် ဇွန် ၁၆ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင်လည်း မှုခင်းသတင်းထောက်များ အပါအဝင် သတင်းထောက်အသင်းဝင်များအနေဖြင့် နိုင်ငံတော်လုံခြုံရေးအဖွဲ့အစည်းများနှင့် အသွင်သဏ္ဍာန်တူသော ဝတ်စုံများ ဝတ်ဆင်ခြင်းနှင့် ဥပဒေမဲ့ ငွေကြေးတောင်းခံခြင်း၊ ဥပဒေမဲ့လုပ်ရပ်များ လုပ်ကိုင်ခြင်းတို့အပေါ် စိစစ်တွေ့ရှိပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်မံအသိပေးကြေညာထားခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



**နေပြည်တော်တိုင်း(မ်) မှုခင်းသတင်းထောက်များဖြစ်ကြသည့် မောင်ဆန်း၊ အောင်ဖြိုးဝေ၊ မောင်စိုး၊ ကီးအောင်မင်းတို့ကို တွေ့ရစဉ်။**

# မရမ်းချောင်စစ်ဆေးရေးစခန်းတွင် တရားမဝင်ကုန်စည်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၁၀**

မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် ဇူလိုင် ၉ ရက်က HYUNDAI STAREX ယာဉ်တစ်စီးပေါ်တွင် အကောက်ခွန်မဲ့ပစ္စည်းများဖြစ်သော TV 32" (Used) 12 Nos၊ Refrigerator (Used) 1 No၊ PSI Receiver 100 Nos နှင့် အဆိုပါပစ္စည်းများသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၃ ဒသမ ၉၀၀ သန်းခန့်အား သိမ်းဆည်းရမိခဲ့သည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဇူလိုင် ၉ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၇၉ စီး၊ သွင်းကုန် ၉၅၄ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၂၀၊ သွင်းကုန် ၆၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၉ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄ ဒသမ ၆၆၅ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၄ ဒသမ ၁၁၅ သန်းခန့်) စုစုပေါင်း တားဆီးမှု ရှစ်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈ ဒသမ ၇၈၀ သန်းခန့်) သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




## မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၁၀**

မူးယစ်တပ်ဖွဲ့စု(၁၇) မန္တလေး (မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၉ ရက် မွန်းလွဲ ၁ နာရီခွဲက အမရပူရမြို့နယ် မြစ်ငယ်-ထုံးဘိုလမ်းခွဲအနီးရှိ ဘီယာဆိုင်သို့ ခင်မောင်အေး(ခ) နေအောင် ရောက်ရှိလာ၍ ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ အလားတူ ယင်းနေ့ ညနေ ၆ နာရီခွဲတွင် မူးယစ်တပ်ဖွဲ့စု(၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့နယ် ရေယားကျေးရွာအနီး ကလော-သာစည်သွားကားလမ်း မိုင်တိုင် (၆၅/၃) ၌ စောလု မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ အိုက်စ် ၁၀ ကီလိုနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ အလားတူ အောင်ဇော်ဦး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ တူးဘောက်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း၊ အလားတူ မွန်းလွဲ ၁ နာရီက မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် ဗိုလ်ချုပ်လမ်းတွင် လီကျွေ(ခ) ကင်းကောင် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

**၁၁-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၆:၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၀၀ Breakfast News
**၇:၁၅ မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း**
၈:၁၅ မူပိုင်ခွင့်အကြောင်းသိကောင်းစရာ "ဒေသထွက်ကုန်များကို အကာအကွယ်ပေးသည့် မူပိုင်ခွင့်အကြောင်း သိကောင်းစရာများ" (အပိုင်း-၂)
၈:၅၅ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အကောင်အထည်ဖော်ဆောင်ရွက်မှု
**၉:၄၅ "ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ တတိယအစည်းအဝေးဖွင့်ပွဲ အခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်"**
၁၁:၄၀ ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
၁၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ" (အပိုင်း-၂၄)
**၁၃:၁၅ ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (Grand Final)(ရန်ကုန်မြို့) (ပထမပိုင်း)**
**၁၅:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ"(အပိုင်း-၅၉)**

**ညပိုင်း**

၁၆:၁၅ "နတ်မောက်မြေမှ ထာဝရမညှိုးပန်း"
၁၇:၀၅ အနုပညာခန်းရိပ်သာ "စာရေးဆရာဦးဘိုးလှိုင်(ဘိုး) (ဒေါက်တာတင်လှိုင်နှင့် တွေ့ဆုံခန်း)
**၁၇:၂၀ သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "ဘော်ဘော်ကထော့"** (မြင့်မြတ်၊ ရာဇာနေဝင်း၊ ခင်လှိုင်၊ ဂျိုကာ၊ ရွှေသမီး၊ ဆုအိမ့်စံ၊ မုဏ်း၊ အရိုင်း)၊ ဒါရိုက်တာကိုပေါက်
၁၇:၃၅ MRTV Travelogue
၁၈:၂၀ Football Magazine
**၁၈:၃၅ ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "ရေစီးကမ်းပြို" (ကောင်းဟိန်း၊ ပိုင်ဇေဟိန်း၊ ဟန်နီခေတ်၊ မကြည်ငွေး၊ ဒေါ်စပယ်၊ နေထက်မြင့်၊ စံကျော်) [(ဒါရိုက်တာသိမ်းစိုး (သီဟရတနာ)]**
၁၉:၁၅ မြန်မာဇာတ်လမ်းတွဲ "ဇနီးချောများကွန်ရက်" (အပိုင်း-၁၃) (ဖိုးသောကြာ၊ မေဘရဏီသော်၊ စိုးပြည့်သဇင်၊ ကျော်ကျော်၊ မြနှင်းရည်လွင်၊ ခင်သဇင်၊ နေယံ၊ ဇေယျ) (ဒါရိုက်တာအောင်ဩဘာ)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀:၃၅ "Small Level တတိယဆုရ ကောင်းဆက်ဝတီကြယ်ပဲ အလှကုန်လုပ်ငန်း" -ဂီတသမား၊ ဂီတစကား "ဒေါ်လှရွှေ၏မိုးဒေဝါ" (ဂီတစာဆို- ဦးမောင်မောင်လတ်၊ ဦးဝင့်အောင်) -နိုင်ငံခြားဇာတ်လမ်းတွဲ "မျဉ်းဖြောင့်တစ်ကြောင်းရဲ့ မှတ်တမ်း" (အပိုင်း-၃၅) -မြန်မာဗီဒီယိုဇာတ်လမ်း "နှလုံးသားထဲကရဲတိုက်" (ဇာတ်သိမ်းပိုင်း)(နေအောင်၊ လွင်မိုး၊ စိုးမြတ်နန္ဒာ၊ အိန္ဒြာကျော်ဇင်) (ဒါရိုက်တာ-ပန်းချီစိုးမိုး)
၁၂:၀၀ **၂၀၁၈ ခုနှစ်၊ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဆီမီးဖိုင်နယ်) (ခရိုအေးရှားအသင်းနှင့် အင်္ဂလန်အသင်း)**
-အစီအစဉ်ပြီး၏။



# ကော့သောင်းမြို့တွင် မိုးသည်းထန်သဖြင့် ရပ်ကွက်အတွင်း ရေကျော်မှုဖြစ်ပွား

**ကော့သောင်း ဇူလိုင် ၁၀**

မိုးသည်းထန်သဖြင့် ရပ်ကွက်အတွင်း ရေကျော်မှုဖြစ်စဉ်တစ်ခု ဇူလိုင် ၁၀ ရက် နံနက်ပိုင်းက ကော့သောင်းမြို့ ရွှေပြည်စိုးကျေးရွာ မြို့ပတ်လမ်း ထားဝယ်စုရပ်ကွက်အတွင်း ဖြစ်ပွားခဲ့ကြောင်း သိရသည်။

နံနက်ပိုင်းမှစတင်ကာ မိုးများသည်းထန်စွာ အဆက်မပြတ် ရွာသွန်းခဲ့မှုကြောင့် တောင်စောင်းတောင်ကုန်းများပေါ်မှတစ်ဆင့် မိုးရေများ စီးဆင်းလာကာ ရွှေပြည်စိုးကျေးရွာမှတစ်ဆင့် ကော့သောင်းမြို့တွင်းသို့ ဝင်ရောက်သည့် မြို့ပတ်လမ်းဘေးရှိ ထားဝယ်စုရပ်ကွက် လမ်းများပေါ် ရေလျှံမှုဖြစ်ပေါ်ခဲ့ရာ ယနေ့နံနက် ၆ နာရီမှ ၈ နာရီခန့်အထိ ယာဉ်သွားလာမှုများ ခေတ္တရပ်ဆိုင်းခဲ့သည်။

ရပ်ကွက်နေပြည်သူများနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ရေစီးရေလာပိတ်ဆို့မှုဖြစ်ပေါ်လျက်ရှိသည့် ရေနုတ်မြောင်းများကို အမှိုက်သရိုက်များ ဖယ်ရှားရှင်းလင်းခြင်း၊ နေအိမ်များမှ ပစ္စည်းများ ရေလွတ်ကင်းရာသို့ ကူညီသယ်ယူပေးခြင်းလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးမှုကြောင့် ရပ်ကွက်ပြည်သူများ အိုးအိမ်များ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ခြင်းမရှိကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# အသက်အန္တရာယ်ကိုခြိမ်းခြောက်နေသည့် မကူးစက်နိုင်သောရောဂါများ

wuóMf ZmfxD

ကူးစက်ရောဂါများနှင့် မကူးစက်နိုင်သောရောဂါများ၏ ပေါင်းစပ်ခြိမ်းခြောက်မှုဂယက်သည် ကမ္ဘာတစ်ဝန်းရှိ လူသားတို့၏ ကျန်းမာရေးနှင့်လူနေမှုဘဝကို ဖျက်ဆီးလျက်ရှိပြီး အသက်အန္တရာယ်ဆုံးရှုံးမှုကိုဖြစ်ပေါ်စေသည်။ အများအားဖြင့် ကူးစက်ရောဂါများကိုသာ အလေးထားဂရုစိုက်ကာ ကာကွယ်ကုသလျက်ရှိကြသော်လည်း မကူးစက်နိုင်သော ရောဂါများ၏ အန္တရာယ်ကိုကား အာရုံပြုမှုလျော့နည်းနေကြသည်။ သို့သော် ယနေ့အချိန်အခါတွင် မကူးစက်နိုင်သောရောဂါများသည် ကမ္ဘာပေါ်တွင် နံပါတ်တစ် လူသတ်သမားဖြစ်နေပေပြီ။

မကူးစက်နိုင်သောရောဂါများ Non-Communicable Diseases ဆိုသည်မှာ လူတစ်ဦးမှတစ်ဦးသို့ ရောဂါကူးစက်ခြင်းကြောင့်မဟုတ်ဘဲ ကျန်းမာရေးနှင့်မညီညွတ်သော လူမှုဘဝနေထိုင်မှုပုံစံများတွင် ကြာရှည်စွာစားသောက်နေထိုင် ထိတွေ့နေရခြင်းကြောင့် ဖြစ်ပေါ်လာသော ရောဂါအစုအဝေးကိုခေါ်သည်။ မကူးစက်နိုင်သောရောဂါများတွင် သွေးတိုးရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ ကင်ဆာရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ နာတာရှည်အဆုတ်ပွရောဂါ၊ လေပြွန်ကျဉ်းနှင့် ပန်းနာရင်ကျပ်ရောဂါ၊ နားလေးရောဂါ၊ အတက်ရောဂါများ ပါဝင်ပြီး ကျန်းမာရေးပြဿနာများဖြစ်သည့် စိတ်ကျန်းမာရေးပြဿနာ၊ ဆေးလိပ်ဆေးရွက်ကြီးအန္တရာယ်၊ မူးယစ်ဆေးဝါးအန္တရာယ်၊ မတော်တဆဖြစ်ခြင်းနှင့် ထိခိုက်မှုအန္တရာယ်၊ အရက်စွဲအန္တရာယ်၊ မြွေကိုက်အန္တရာယ်နှင့် လေဖြတ်ခြင်းတို့ပါဝင်သည်။



" druHpuf ... (legacy-font pull quote, printed in unreadable encoding)

## မကူးစက်နိုင်သောရောဂါများ

မကူးစက်နိုင်သောရောဂါများသည် ဆေးလိပ်နှင့် ဆေးရွက်ကြီးသောက်သုံးခြင်း၊ အရက်အလွန်အကျွံသောက်သုံးခြင်း၊ ကျန်းမာရေးနှင့်မညီညွတ်သော အစားအစာများစားသုံးခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုမရှိခြင်းစသည့် ကျန်းမာရေးဆိုင်ရာမကောင်းသောအမူအကျင့်များကို တစ်သမတ်တည်းပြုလုပ်နေသူများတွင် ဖြစ်ပွားတတ်သည်။ အဓိကမကူးစက်နိုင်သော ရောဂါလေးမျိုးမှာ နှလုံးရောဂါ (နှလုံးသွေးကြောပိတ်ခြင်းနှင့် လေဖြတ်ရောဂါများ)၊ ကင်ဆာရောဂါများ၊ နာတာရှည်အဆုတ်ရောဂါများ (ပန်းနာရင်ကျပ်နှင့် နာတာရှည်အသက်ရှူလမ်းကြောင်းပိတ်ဆို့ရောဂါများ)နှင့် ဆီးချိုရောဂါတို့ဖြစ်သည်။

မကူးစက်နိုင်သောရောဂါများကြောင့် နှစ်စဉ် လူဦးရေ ၄၁ သန်းသေဆုံးနေပြီး ကမ္ဘာတွင် အသက်သေဆုံးမှု၏ ၇၁ ရာခိုင်နှုန်းနှင့်ညီမျှနေသည်။ နှစ်စဉ် အသက် ၃၀ နှင့် ၆၉ နှစ်ကြားလူဦးရေ ၁၅ သန်း အသက်ဆုံးရှုံးမှုရှိပြီး ဝင်ငွေနည်းသောနိုင်ငံများနှင့် ဝင်ငွေအလယ်အလတ်နိုင်ငံများတွင် လူဦးရေ ၈၅ ရာခိုင်နှုန်းကျော်မှာ သက်တမ်းမစေ့မီ သေဆုံးလျက်ရှိနေသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ ထုတ်ပြန်သောစာရင်းများအရ နှစ်စဉ်နှလုံးရောဂါဖြင့် သေဆုံးသူဦးရေ ၁၇ ဒသမ ၉ သန်း၊ ကင်ဆာရောဂါဖြင့် သေဆုံးသူဦးရေ ၉ သန်း၊ နာတာရှည်အဆုတ်ရောဂါဖြင့် သေဆုံးသူဦးရေ ၃ ဒသမ ၉ သန်းနှင့် ဆီးချိုရောဂါဖြင့် သေဆုံးသူဦးရေ ၁ ဒသမ ၆ သန်းရှိသည်။ မြန်မာနိုင်ငံတွင် သေဆုံးသူဦးရေ ၁၀၀ လျှင် ၅၉ ဦးမှာ မကူးစက်နိုင်သော ရောဂါများကြောင့် ဖြစ်နေသည်။

မြန်မာနိုင်ငံတွင် အဖြစ်များသော နာတာရှည်ရောဂါ လေးမျိုးမှာ နှလုံးသွေးကြောရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ ကင်ဆာရောဂါနှင့် နာတာရှည် အဆုတ်ရောဂါတို့ဖြစ်သည်။ မကူးစက်နိုင်သောရောဂါဟု သတ်မှတ်နိုင်ရန် ခန္ဓာကိုယ်တွင်း ဖန်တီးပေးသော အဓိကအမူအကျင့် လေးမျိုးရှိသည်။ ယင်းတို့မှာ ဆေးလိပ်ဆေးရွက်ကြီးသောက်သုံးခြင်း၊ အရက်အလွန်အကျွံသောက်ခြင်း၊ ကျန်းမာရေးနှင့် မညီညွတ်သော အစားအစာများစားခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုမရှိခြင်းတို့ဖြစ်သည်။

## ဆေးလိပ်ဆေးရွက်ကြီး

ဆေးလိပ်ဆေးရွက်ကြီးသောက်သုံးခြင်းသည် ဆီးချို၊ ကင်ဆာ၊ နှလုံးရောဂါနှင့် နာတာရှည်အဆုတ်ရောဂါများ ပို၍ဖြစ်စေသည်။ ဆေးလိပ်၊ ဆေးရွက်ကြီးထုတ်ကုန်များတွင် အဆုတ်၊ လည်ချောင်း၊ ခံတွင်းနှင့်ခန္ဓာကိုယ်ကိုထိခိုက်စေသော ကတ္တရာများပါသည်။ မီးညှိသည့်အချိန်တွင် ကာဗွန်မိုနောက်ဆိုက်ဓာတ်ငွေ့နှင့် ကတ္တရာတို့ထွက်သည်။ နီကိုတင်းသည် ဆေးလိပ်၊ ဆေးရွက်ကြီးတွင်ပါဝင်သော စွဲလမ်းစေသော ဓာတ်တစ်မျိုးဖြစ်ကာ ဖြတ်ရခက်သည်။ ဆေးလိပ်ဆေးရွက်ကြီးတို့မှ ထွက်သော မီးခိုးငွေ့နှင့်အခြားဓာတုပစ္စည်းများသည် ခန္ဓာကိုယ်၏မျိုးရိုးဗီဇတွင် ပုံမှန်မဟုတ်သောအပြောင်းအလဲများကို ဖြစ်စေသည်။ ဆေးလိပ်မီးခိုးငွေ့နှင့် ဆေးရွက်ကြီးသည် သွားဖုံး၊ ခံတွင်း၊ လည်ချောင်းနှင့် အသံအိုးတို့တွင် ကင်ဆာဖြစ်နိုင်သည့်အပြင် အဆုတ်ကင်ဆာလည်းဖြစ်စေသည်။

ဆေးရွက်ကြီးရှူခြင်းကြောင့် ချောင်းဆိုးရာမှတစ်ဆင့် လေပြွန်ရောင်ခြင်းနှင့် အဆုတ်ပေါက်ခြင်းတို့ဖြစ်နိုင်သည်။ ဆေးလိပ်သောက်ခြင်းကြောင့် အခြားအင်္ဂါအစိတ်အပိုင်းများလည်းထိခိုက်ကာ ဆီးအိမ်၊ ကျောက်ကပ်၊ သရက်ရွက်၊ အစာအိမ်နှင့် မျိုးပွားအင်္ဂါများတွင် ကင်ဆာဖြစ်လာနိုင်သည်။ သွေးကြောများကျဉ်းသွားသဖြင့် နှလုံးပိုမိုအလုပ်လုပ်ရကာ နှလုံးရောဂါပါဖြစ်လာနိုင်သည်။

## အရက်

အရက်အလွန်အကျွံသောက်ခြင်းသည် နှလုံးရောဂါ၊ ကင်ဆာ၊ အသည်းရောဂါနှင့် ဆီးချိုရောဂါတို့ကို ဖြစ်စေနိုင်သည်။ သောက်လိုက်သောအရက်ကို သွေးတွင်းသို့ တိုက်ရိုက်စုပ်ယူသည်။ သွေးတွင်းရောက်သွားသော အရက်ကို အသည်းက လည်ပတ်ကာ စွန့်ထုတ်သည်။ အရက်နှင့်စိမ်ထားသော သွေးများသည် အဓိကကျသည့် အင်္ဂါအစိတ်အပိုင်းများကို ပျက်စီးစေသည်။ အရက်အလွန်အကျွံသောက်ခြင်းသည် အသည်းကိုပျက်စီးစေပြီး အမာရွတ်များဖြင့် ပြည့်နှက်လာကာ အသည်းကင်ဆာဖြစ်သည်။ အစာခြေအင်္ဂါများဖြစ်သော အစာအိမ်၊ အူသိမ်၊ အစာမျိုပြွန်နှင့် သရက်ရွက်တို့တွင် ကင်ဆာဖြစ်နိုင်သည်။ ထို့အပြင် မျိုးဆက်ပွားအင်္ဂါများတွင်လည်း ကင်ဆာရောဂါများဖြစ်ပွားနိုင်သည်။

## အစားအစာ စားသုံးမှု

ကျန်းမာရေးနှင့် မညီညွတ်သောအစားအစာစားသုံးခြင်းသည် ခန္ဓာကိုယ်အတွက် ဗီတာမင်၊ သတ္တုဓာတ်၊ ရေဓာတ်တို့ လုံလောက်စွာမရရှိသည့်အတွက် ခန္ဓာကိုယ်အင်္ဂါအစိတ်အပိုင်းများ ကောင်းစွာအလုပ်လုပ်နိုင်ရန် ပို၍အားစိုက်ရသည်။ ထိုအခါ မကျန်းမာဖြစ်ပြီး အသက်ဆုံးရှုံးရသည်အထိဖြစ်သည်။ အစာစားလိုက်သောအခါ ခန္ဓာကိုယ်မှအစာများကို ချေဖျက်ပြီး ခွန်အားအဖြစ်လိုသလောက်ကို လည်ပတ်စေသည်။ ပိုလျှံသောပမာဏကို သွေးကြောများ၊ နှလုံးနှင့်အခြားအင်္ဂါအစိတ်အပိုင်းများတွင် အဆီဓာတ်အဖြစ် သိုလှောင်ထားသည်။ ထိုအဆီပိုများသည် သွေးကြောများကို ပိတ်ဆို့စေပြီး နှလုံးကိုပိုမိုအလုပ်လုပ်စေသည်။ အလားတူ အခြားသော အင်္ဂါအစိတ်အပိုင်းများသည်လည်း အလုပ်ပိုလုပ်ကြရသည်။ အစားအစာများတွင် ခန္ဓာကိုယ်အတွက်ခွန်အားဖြစ်စေသည့် ကယ်လိုရီများ ပါဝင်သည်။

အသီးအနှံနှင့် ဟင်းသီးဟင်းရွက်များသည် ကယ်လိုရီနည်းနည်းသာပါဝင်သော်လည်း ခွန်အားဖြစ်စေသော အစားအစာများဖြစ်သည်။ ယင်းတို့သည် နေကောင်းစေသော၊ ခွန်အားဖြစ်စေသော ရေဓာတ်၊ အမျှင်ဓာတ်၊ ဗီတာမင်နှင့် သတ္တုဓာတ်များပါဝင်သည်။ ကယ်လိုရီများစွာပါသော အသားဆီ၊ ထောပတ်၊ သကြားလုံး၊ အကြော်အလှော်များသည် အရည်အသွေးနိမ့်သော အစားအစာများဖြစ်သည်။ ယင်းတို့တွင်ပါဝင်သော အဆီဓာတ်သည် နှလုံးနှင့်သွေးကြောများကို ပိတ်စေသည်။ အချိုရည်များသောက်သုံးခြင်းသည် ခန္ဓာကိုယ်မှ သကြားဓာတ်ကိုပို၍ချေဖျက်ရသည့်အတွက် ဖိစီးမှုပိုများကာ ဆီးချိုနှင့် နှလုံးရောဂါများဖြစ်ပွားလာစေရန် တွန်းအားပေးသကဲ့သို့ဖြစ်သည်။

## ကိုယ်လက်လှုပ်ရှား

ကိုယ်လက်လှုပ်ရှားမှုမရှိခြင်းသည် ကြွက်သားများ လှုပ်ရှားမှုနည်းသွားပြီး ခန္ဓာကိုယ်သွေးလည်ပတ်မှုနှေးသွားကာ အပြည့်အဝအသက်မရှူနိုင်တော့သည့်အတွက် ဆီးချို၊ နှလုံး၊ ကင်ဆာနှင့် နာတာရှည်အဆုတ်ရောဂါများ ဖြစ်ပွားနိုင်ခြေတိုးလာသည်။ ကိုယ်လက်လှုပ်ရှားခြင်းသည် ကြွက်သား၊ အဆစ်၊ အရိုး၊ အကြောစသည့်အစိတ်အပိုင်းများကို စွမ်းအားရှိသမျှ ပြည့်ဝစွာအလုပ်လုပ်စေသည်။ လှုပ်ရှားမှုနည်းလွန်းသောအခါ ခန္ဓာကိုယ်၏ စွမ်းဆောင်ရည်ကျဆင်းလာပြီး ပုံမှန်အလုပ်လုပ်နိုင်ခြင်းမရှိတော့ပေ။ ကိုယ်လက်လှုပ်ရှားခြင်းသည် တစ်နေ့လျှင် မိနစ် ၃၀ ထက် အမြဲတစေနည်းနေပါက ခန္ဓာကိုယ်ကတောင်းခံသော အောက်ဆီဂျင်ကို ပြည့်မီအောင် အဆုတ်ကမထုတ်လုပ်နိုင်ပေ။ နှလုံးကလည်း သွေးပို့ဆောင်မှုနည်းသွားမည်။ အရိုးနှင့်ကြွက်သားများအားနည်းကာ ချည့်နဲ့သွားစေသည်။ အထိုင်များသည့်အတွက် ကြွက်သားများလှုပ်ရှားမှုနည်းကာ ခန္ဓာကိုယ်မှ စွမ်းအင်အပြည့်အဝမထုတ်လုပ်နိုင်သဖြင့် အဆီဓာတ်များကိုဖြိုခွင်းနိုင်သည့် စွမ်းအားများ ဆုံးရှုံးသွားသည်။

မကူးစက်နိုင်သော ရောဂါဖြစ်ပွားနိုင်သည့် အမူအကျင့်များဖြစ်သော ဆေးလိပ်ဆေးရွက်ကြီးသုံးစွဲခြင်း (ဆေးလိပ်အငွေ့ကို တစ်ဆင့်ရှူမိခြင်းအပါအဝင်) ကြောင့် နှစ်စဉ်သေဆုံးသူ ၇ ဒသမ ၂ သန်း၊ ဆား (ဆိုဒီယမ်) အလွန်အကျွံစားသုံးမှုကြောင့် သေဆုံးသူ ၄ ဒသမ ၁ သန်း၊ နှစ်စဉ် သေဆုံးသူ ၃ ဒသမ ၃ သန်းအနက် တစ်ဝက်ကျော်မှာ အရက်သေစာသောက်သုံးမှုကြောင့်ဖြစ်သည်။ နှစ်စဉ်သေဆုံးသူ ၁ ဒသမ ၆ သန်းမှာ ကိုယ်လက်လှုပ်ရှားမှုကို လုံလောက်စွာ မလုပ်သူများဖြစ်သည်။ ကိုယ်ခန္ဓာတွင်း ဇီဝဗေဒပြောင်းလဲမှုဖြစ်စဉ် လေးမျိုးသည်လည်း မကူးစက်နိုင်သော ရောဂါဖြစ်ပွားမှုကို အားပေးလျက်ရှိသည်။ ယင်းတို့မှာ သွေးတိုးခြင်း၊ ကိုယ်အလေးချိန်များကာအဝလွန်ခြင်း၊ သွေးတွင်ဂလူးကို့စ်ပါဝင်မှုများခြင်း၊ သွေးတွင် အဆီဓာတ်ပါဝင်မှုများခြင်းတို့ဖြစ်သည်။

## ကာကွယ်နိုင်မည့်နည်းလမ်းများ

မကူးစက်နိုင်သော ရောဂါများမဖြစ်ပွားစေရန် ကာကွယ်နိုင်မည့်နည်းလမ်းများမှာ -

၁။ ကျန်းမာရေးနှင့်ညီညွတ်စွာစားသုံးပါ။ ချိုလွန်း၊ ငန်လွန်း၊ အဆီများလွန်းသော၊ အသင့်စားထုပ်ပိုးထားသော အစားအစာများကို လျှော့၍စားသုံးပါ။ ချိုလွန်းသော အစားအစာများဖြစ်သည့် အချိုရည်များ၊ သကြားနှင့် နို့ဆီပါသော အစားအစာများ၊ ထန်းလျက်၊ မလိုင်၊ ကြံသကာ၊ ငန်လွန်းသော အစားအစာများဖြစ်သည့် ငါးပိ၊ ငါးခြောက်၊ ငံပြာရည်၊ ပုစွန်ခြောက်နှင့် ဟင်းချိုမှုန့်များကို လျှော့စားရမည်။ တိရစ္ဆာန်မှရသောအဆီများ (အမဲဆီ၊ ဝက်ဆီ) တို့ကိုစားသုံးခြင်းမှ ရှောင်ကြဉ်ပါ။ စားအုန်းဆီကို အလွန်အကျွံမစားသင့်ပါ။ ကွမ်းစားခြင်းကို ရှောင်ကြဉ်ပါ။

စာမျက်နှာ ၁၈ သို့

# အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)၌ ကျောင်းသား ကျောင်းသူများ၏ ပန်းချီ၊ ပန်းပု အနုပညာပြပွဲကျင်းပ



**အောင်မြေသာစံ ဇူလိုင် ၁၀**
အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)ပန်းချီ၊ပန်းပု အထူးပြု ကျောင်းသား ကျောင်းသူများ၏ (၁၄) ကြိမ်မြောက် ပန်းချီ ပန်းပု မျိုးဆက်သစ်အနုပညာပြပွဲ ဖွင့်ပွဲကို ဇူလိုင် ၁၀ ရက် နံနက် ၉ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၂၄ လမ်းနှင့် လမ်း ၈၀ ထောင့်ရှိ မန္တလေးယဉ်ကျေးမှုပြတိုက် ပန်းချီပြခန်းတွင် ကျင်းပသည်။

ဒုတိယပါမောက္ခချုပ် ဦးသစ်လွင်စိုးက ပြပွဲကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြပြီး ပါမောက္ခချုပ် ဒေါ်ခင်ကြည်ပြာနှင့် ဒုတိယပါမောက္ခချုပ်များက ကျောင်းသား၊ ကျောင်းသူများ၏ လက်ရာမွန်ပန်းချီ၊ ပန်းပုများကို ကြည့်ရှုအားပေးကြသည်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ဒေါ်ခင်ကြည်ပြာ၊ ဒုတိယပါမောက္ခချုပ်များ၊ ပန်းချီ၊ ပန်းပု ပညာဌာန ပါမောက္ခ၊ ဌာနမှူးနှင့် ဆရာ ဆရာမများ၊ မန္တလေးမြို့ရှိ ပန်းချီပညာရှင်များ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ပန်းချီ၊ ပန်းပု အထူးပြုကျောင်းသား ကျောင်းသူများ တက်ရောက်အားပေး ကြည့်ရှုကြသည်။

ပန်းချီပန်းပုအထူးပြုကျောင်းသား ကျောင်းသူများ၏ မျိုးဆက်သစ် ပန်းချီ ပန်းပုပြပွဲကို ဇူလိုင် ၁၀ ရက်မှ ၁၄ ရက်အထိ နံနက်၉ နာရီမှညနေ၄ နာရီခွဲအထိ ခင်းကျင်းပြမည်ဖြစ်ပြီး ရေဆေး၊ ဆီဆေး၊ အက်ခရိုင်းလစ်နှင့် မြန်မာမှုပန်းချီကား ၉၀ ကျော်ပြသထားသည်။ **သီဟကိုကို(မန္တလေး)**

# မုံရွာမြို့ တက္ကသိုလ်များ၌ နည်းပညာဟောပြောပွဲကျင်းပ

**မုံရွာ ဇူလိုင် ၁၀**
မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းနှင့် ကွန်ပျူတာတက္ကသိုလ်(မုံရွာ)တို့ ပူးပေါင်းကျင်းပသည့် “Professional Track & ICT Trends” ခေါင်းစဉ်ဖြင့် နည်းပညာဟောပြောပွဲကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ကွန်ပျူတာတက္ကသိုလ် (မုံရွာ)ခန်းမတွင် ဇူလိုင် ၉ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါနည်းပညာဟောပြောပွဲတွင် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းဥက္ကဋ္ဌ ဦးသောင်းစုငြိမ်းက ဦးဆောင်ဆွေးနွေးသူအဖြစ်လည်းကောင်း၊ ကွန်ပျူတာပညာရှင်အသင်း ဒုတိယဥက္ကဋ္ဌ (၁) ဦးထွန်းခိုင်၊ ကွန်ပျူတာပညာရှင်အသင်း တွဲဖက်အတွင်းရေးမှူး(၁) ဦးဇော်ဝင်းထွန်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းဥက္ကဋ္ဌ ဒေါ်နိုင်နိုင်မော်နှင့် မကွေးတိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်း အတွင်းရေးမှူး ဒေါ်ငွေးယဉ်ဝင်းတို့က ဆွေးနွေးဟောပြောကြပြီး ကျောင်းသားကျောင်းသူများ၏ သိရှိလိုသည်များကို အပြန်အလှန်မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်းတို့ကို လုပ်ဆောင်ပေးခဲ့ကြောင်း သိရသည်။

“ဒီနေ့ခေတ်မှာ နည်းပညာတွေ အများကြီး တိုးတက်လာပါတယ်၊ သုံးစွဲမှုကလည်း အများကြီးကို ကျယ်ပြန့်လာပါတယ်၊ မိမိတို့ တတ်သိထားတဲ့ ကွန်ပျူတာပညာကိုသုံးပြီး ဘယ်လိုလုပ်ကြမလဲ၊ တိုင်းပြည်နဲ့ ကိုယ့်ရဲ့တိုင်းဒေသကြီး ဖွံ့ဖြိုးဖို့အတွက် ဘယ်လိုအကျိုးပြုပြီးတော့ လုပ်ငန်းတွေ ဆောင်ရွက်ကြမလဲဆိုတာကို စဉ်းစားဖို့လိုလာပါတယ်၊ အဲဒီအတွက် အခုလိုနည်းပညာဆွေးနွေးပွဲတွေ ကျင်းပတာဖြစ်ပါတယ်” ဟု မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းဥက္ကဋ္ဌ ဦးသောင်းစုငြိမ်းက ပြောသည်။

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းနှင့် နည်းပညာတက္ကသိုလ်(မုံရွာ)တို့ ပူးပေါင်းကျင်းပသည့် အလားတူနည်းပညာဟောပြောပွဲကို မွန်းလွဲပိုင်းတွင် နည်းပညာတက္ကသိုလ် (မုံရွာ) တွင် ကျင်းပခဲ့ကြောင်း သိရသည်။ **ဝင်းဦး(ဧယျာတိုင်း)**

# မိတ္ထီလာတက္ကသိုလ်တွင် အသိပညာဗဟုသုတများကြွယ်ဝစေရန် ဘာသာရပ်ဆိုင်ရာပြပွဲကျင်းပ

**မိတ္ထီလာ ဇူလိုင် ၁၀**
မိတ္ထီလာတက္ကသိုလ် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ဘာသာရပ်ဆိုင်ရာပြပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၀ ရက် နံနက် ၉ နာရီက အဆိုပါတက္ကသိုလ်ရှိ ဝန်ဇင်းခန်းမ၌ ကျင်းပသည်။

တာဝန်ခံပါမောက္ခချုပ် ဒေါက်တာဘဟန်က “နိုင်ငံတကာ တက္ကသိုလ်တွေမှာလည်း အခုလို ဘာသာရပ်ဆိုင်ရာပြပွဲတွေကျင်းပပြီး ကျောင်းသားကျောင်းသူတွေ၊ ဆရာ ဆရာမတွေ ဘာသာရပ်ပေါင်းစုံနဲ့ပတ်သက်ပြီး အသိပညာဗဟုသုတတွေ လေ့လာနိုင်အောင်စီစဉ်ပေးကြတယ်။ အလားတူပဲ ကျွန်တော်တို့ဆီမှာလည်းဆရာ ဆရာမတွေ၊ ကျောင်းသား ကျောင်းသူတွေအနေနဲ့ မိမိတို့ အထူးပြုဘာသာရပ်တွေတင်မကဘဲ တခြားဘာသာရပ်ပေါင်းစုံနဲ့ပတ်သက်ပြီး အသိပညာဗဟုသုတတွေ ကြွယ်စေချင်လို့ အခုလိုဘာသာရပ်ဆိုင်ရာပြပွဲကို ပြုလုပ်ပေးတာဖြစ်ပါတယ်။ ဒီလိုပြပွဲတွေကရရှိတဲ့ အသိပညာဗဟုသုတတွေက သက်ဆိုင်ရာဘာသာရပ်အလိုက် သုတေသနစာတမ်းတွေပြုစုတဲ့အခါ များစွာအထောက်အကူဖြစ် အကျိုးပြုစေမှာဖြစ်ပါတယ်” ဟု ပြောသည်။



မိတ္ထီလာတက္ကသိုလ်ဘာသာရပ်ဆိုင်ရာပြပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ သတ္တဗေဒ၊ ဘူမိဗေဒ၊ ပထဝီဝင်၊ သမိုင်း၊ အရှေ့တိုင်းပညာ၊ ရုက္ခဗေဒ၊ ဒဿနိကဗေဒ၊ ဓာတုဗေဒ ဘာသာရပ်ပေါင်းစုံမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများပူးပေါင်း၍ ဘာသာရပ်နှင့်သက်ဆိုင်သည့် ပြကွက်များဖြင့် ပြခန်းများ ခင်းကျင်းပြသရာ တာဝန်ခံပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်၊ ဆရာ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစား ကြည့်ရှုလေ့လာကြောင်း သိရသည်။ **ချမ်းသာ (မိတ္ထီလာ)**

# မူခင်းလျော့နည်းကျဆင်းစေရေးပညာပေးဟောပြော

**မြစ်ကြီးနား**
မြစ်ကြီးနားမြို့ အမှတ်(၇)အခြေခံပညာ အထက်တန်းကျောင်းရှိ သီရိခန်းမတွင် ဇူလိုင် ၉ ရက် မွန်းလွဲ ၁ နာရီက ကျောင်းသား ကျောင်းသူများအား မူခင်းလျော့နည်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ကျင်းပသည်။

ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုရဲမှူးကျော်စိုးဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကိုလည်းကောင်း၊ အမှတ်(၁၂) လူကုန်ကူးမှုတားဆီးကာကွယ်ရေး ရဲတပ်ဖွဲ့စုမှ ရဲအုပ်သက်လွင်က အမျိုးသမီးအများစုအားအိမ်နီးချင်းတစ်ဖက်နိုင်ငံသို့ပို့ဆောင်ကာ အဓမ္မ အိမ်ထောင်ပြုမှုအများဆုံးဖြစ်ပြီး သွားရောက်ကယ်တင်ခဲ့ရမှုများရှိပါကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။
**ဦးလေးကြီး**

wblcGwp&m

## အာဇာနည်နေ့အထိမ်းအမှတ် ပန်းချီနှင့် စာစီစာကုံးပြိုင်

**မိုးကောင်း**
(၇၁)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့် ပန်းချီနှင့် စာစီစာကုံးပြိုင်ပွဲကို ဇူလိုင် ၁၀ ရက် နံနက် ၉ နာရီက မိုးကောင်းမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုဗဟိုပြုဌာန၌ ကျင်းပသည်။

ပြိုင်ပွဲတွင် စာစီစာကုံးပြိုင်ပွဲ၌ ကျောင်းသား၊ ကျောင်းသူ ၄၈ ဦးနှင့် ပန်းချီပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်သူ ၃၃ ဦးရှိကြောင်း သိရသည်။
**ဝင်းနိုင် (ကချင်မြေ)**

## မဲဆန္ဒရှင်စာရင်းထုတ်ပြန်ကြေညာမှုအား စစ်ဆေး

**ပြည်ကြီးတံခွန်**
ပြည်ကြီးတံခွန်မြို့နယ်တွင် နိုဝင်ဘာ ၃ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် ပထမအကြိမ်မဲဆန္ဒရှင်စာရင်းများအားသက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ထုတ်ပြန်ကြေညာခဲ့ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များအနေဖြင့် ဇူလိုင် ၉ ရက် နံနက် ၉ နာရီက သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်းသိရသည်။
**သန်းဇော်မင်း(ပြန်/ဆက်)**

## အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းဖွင့်

**ပုသိမ်ကြီး**
မန္တလေးတိုင်းဒေသကြီး အမျိုးသမီးကော်မတီနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော သမဝါယမကောလိပ်(မန္တလေး) ၏ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စက်ချုပ်သင်တန်းဖွင့်ပွဲကို ဇူလိုင် ၁၀ ရက် နံနက် ၈ နာရီက အဆိုပါကောလိပ်ရှိ ရန်ကင်းခန်းမတွင် ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီး တိုင်းဒေသကြီး အမျိုးသမီးကော်မတီနာယက ဒေါက်တာယုယုမေက အမှာစကားပြောကြားပြီး သမဝါယမကောလိပ် (မန္တလေး) ကျောင်းအုပ်ကြီး ဒေါ်တင်မူအေးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ သင်တန်းတွင် သင်တန်းသား သင်တန်းသူစုစုပေါင်း ၆၂ ဦး တက်ရောက်သင်ကြားပြီး သင်တန်းကာလမှာ သုံးလကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။
**ဓာနည်ကိုကို**

## စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး

**ကျောက်တလုံးကြီး**
ရှမ်းပြည်နယ်ဦးစီးမှူးရုံး (တောင်ကြီးမြို့) စားသုံးသူရေးရာဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများအား အခြေပြု၍ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၉ ရက် နံနက် ၁၀ နာရီက အခြေခံပညာအထက်တန်းကျောင်း (ကျောက်တလုံး) နှင့် မွန်းလွဲ ၁ နာရီတွင် အခြေခံပညာအထက်တန်းကျောင်းခွဲ (နောင်ခဲ)တို့၌ ကျင်းပသည်။

ရှမ်းပြည်နယ်ဦးစီးမှူးရုံး (တောင်ကြီးမြို့) စားသုံးသူရေးရာဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝေဝေနှင်းနှင့်အဖွဲ့က စားသုံးသူ၏ အခွင့်အရေး၊ စားသုံးသူ၏ တာဝန်များအကြောင်း၊ စားသုံးသင့်သည့် အစားအစာ၊ မစားသုံးသင့်သည့် အစားအစာများအကြောင်း၊ ဆိုးဆေး၊ ဓာတုဆေး၊ ပိုးသတ်ဆေးကြောင့်ဖြစ်ပွားတတ်သော ရောဂါများအကြောင်းတို့ကို ဟောပြောပြီး ကျောင်းသား ကျောင်းသူများအား အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။
**မြို့နယ်(ပြန်/ဆက်)**

## ဥပဒေအသိပညာပေး ဆွေးနွေးပွဲနှင့် ချေးငွေများထုတ်ပေး

**မအူပင်**
ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်သမဝါယမအသင်းစု၏ အသင်းစုအမှုဆောင်များအား မူခင်းကာကွယ်ရေး၊ ဥပဒေပညာအသိပေးဆွေးနွေးပွဲနှင့် ဒသမအကြိမ် Exim Bank ချေးငွေထုတ်ပေးပွဲအခမ်းနားကို ဇူလိုင် ၉ ရက် နံနက် ၁၀ နာရီက မအူပင်မြို့ရှိ အသင်းစုရုံးခန်းမတွင်ကျင်းပသည်။

မြို့နယ်ဥပဒေအရာရှိ ဒေါ်နွယ်နီဝင်းသူ၊ သမဝါယမ ဦးစီးအရာရှိ ဦးသန့်စင်နှင့် သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးမြတ်ခိုင်တို့က မူခင်းကာကွယ်ရေး၊ ဥပဒေအသိလူတိုင်းရှိရေး၊ ချေးငွေများသတ်မှတ်ကာလအတွင်း အချိန်မီပြန်လည်ပေးသွင်းနိုင်ရေးတို့ကို ပြောကြားသည်။

ထို့နောက် အခြေခံသမအသင်း ၁၄၃ သင်းသို့ ဒသမအကြိမ်ထုတ်ချေးငွေကျပ် ၁၉၄၄ ဒသမ ဝ၆၈ သန်းကို ထုတ်ပေးခဲ့သည်။
**သပြေထွန်း**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# ၂၀၁၉ ခုနှစ် မတ်လ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ပထဝီဝင်ဘာသာရပ် နမူနာမေးခွန်းပုံစံ-၁

၂၀၁၉ ခုနှစ် မတ်လတွင်ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘာသာရပ်အလိုက် မေးခွန်းပုံစံသစ်နှင့်စပ်လျဉ်း၍ အသိပေးဖော်ပြချက်များကို သတင်းစာများတွင် ၂၀၁၈ ခုနှစ် မေ ၂ ရက်မှ မေ ၁၀ ရက်အထိ ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ယခု ထပ်မံ၍ ၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘာသာရပ်အလိုက် နမူနာမေးခွန်းပုံစံများကို သတင်းစာများတွင် ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

(နမူနာမေးခွန်းပုံစံများကို ပညာရေးဝန်ကြီးဌာန၏ Website ဖြစ်သော www.moe.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။)

**၂၀၁၉ ခုနှစ်**
**တက္ကသိုလ်ဝင်စာမေးပွဲ**
**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

**ပထဝီဝင်** **နမူနာမေးခွန်း** **ခွင့်ပြုချိန် (၃)နာရီ**

သတိပြုရန်။ ။ အဖြေများကို စာအုပ်တွင်ဖြေပါ။ အပိုင်း(က)နှင့် အပိုင်း(င)မှ မေးခွန်းအားလုံး ဖြေဆိုရမည်ဖြစ်ပြီး၊ကျန်အပိုင်းတစ်ပိုင်းစီမှတစ်ပုဒ်စီ စုစုပေါင်း(၅)ပုဒ် ဖြေဆိုရမည်။ လိုအပ်သည့်နေရာများတွင် မြေပုံ၊ ပုံကြမ်းနှင့် သရုပ်ပြပုံများရေးဆွဲပါ။

## အပိုင်း(က)

အောက်ပါတို့ကို အားလုံးဖြေဆိုပါ။ (၁၅)မှတ်

၁။(က) အောက်ပါဖော်ပြချက်များကိုအမှား၊အမှန်ရေး၍ မှန်လျှင်'မှန်'ဟုရေးပြီး မှားလျှင် 'မှား'ဟုရေးပါ။ (၅)မှတ်

(၁) ကမ္ဘာမြေထု၏ ပျမ်းမျှသိပ်သည်းဆသည် ၅.၆ ဖြစ်သည်။
(၂) ကြားလွှာ၏ အပေါ်ဆုံးနေရာရှိကျောက်များသည် စေးပျစ်သည့် အခြေအနေရှိသည်။
(၃) မြေဖယောင်းကို စစ်ကိုင်းတိုင်းဒေသကြီးကျွန်းလှမြို့နယ်မှရရှိသည်။
(၄) ဒိုက်ဦးမြို့တွင်ပလောပီနံ အမှုန့်ကြိတ်စက်ရုံရှိသည်။
(၅) ဂျပန်နိုင်ငံဧရိယာ၏ ၈၀ရာခိုင်နှုန်းခန့်မှာ လွင်ပြင်ပိုင်းဖြစ်သည်။

(ခ) အောက်ပါတို့ ကိုဖြည့်စွက်ရေးသားပါ။ (၅)မှတ်

(၁) ကမ္ဘာမြေထုအပေါ်လွှာ၌ သဘာဝအလျောက်ဖြစ်ပေါ်နေသော ---- အမျိုးအစား ၁၀၃မျိုးရှိသည်။
(၂) ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ်တွင် ---- သတ္တုတွင်းတည်ရှိသည်။
(၃) ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့တွင် ---- စက်ရုံရှိသည်။
(၄) ဂျပန်နိုင်ငံ၏ ဒုတိယအကြီးဆုံးသင်္ဘောဆိပ်မြို့ကြီးမှာ ---- ဖြစ်သည်။
(၅) ဘွန်းမြို့သည် ဂျာမနီနိုင်ငံအနောက်မြောက်ပိုင်း ---- မြစ်ပေါ်တွင်တည်ရှိသည်။

(ဂ) အောက်ပါတို့အနက်မှ အဖြေမှန်ရွေးပါ။ (၅)မှတ်

(၁) အနည်ကျကျောက်များ၏ ---- ရာခိုင်နှုန်းကျော်သည် ယေလကျောက်၊သဲကျောက်၊ ထုံးကျောက်များဖြစ်သည်။
(က) ၇၀ (ခ) ၈၀ (ဂ) ၉၀
(၂) ကမ္ဘာပေါ်တွင် မကြာခဏလှုပ်ရှားပေါက်ကွဲနေသော ---- ပေါင်း ၅၀၀ ခန့်ရှိသည်။
(က) မီးတောင်သေ (ခ) မီးတောင်ရှင် (ဂ) မီးတောင်မြို
(၃) တနင်္သာရီမြစ်တွင် ---- မှတနင်္သာရီမြို့အထိ သင်္ဘောများသွားလာနိုင်သည်။
(က) ကော့သောင်းမြို့ (ခ) ထားဝယ်မြို့ (ဂ) မြိတ်မြို့
(၄) အမေရိကန်ပြည်ထောင်စု၏ မြို့တော်မှာ ---- မြို့ဖြစ်သည်။
(က) နယူးယော့ (ခ) ဝါရှင်တန်ဒီစီ (ဂ) ဆန်ဖရန်စစ္စကို
(၅) မြေထဲပင်လယ်အတွင်းသို့ ---- မြစ်စီးဝင်သည်။
(က) ရှန်း (ခ) ဂရန်း (ဂ) ဆိန်း

## အပိုင်း (ခ) သဘာဝပထဝီဝင်

အောက်ပါတို့အနက်မှ(၁)ပုဒ်ဖြေပါ။ (၁၅)မှတ်

၂။ ကမ္ဘာမြေထု၏ အပေါ်ယံကျောက်များအကြောင်းကိုရှင်းပြပြီး မီးသင့်ကျောက်ဖြစ်ပေါ်လာပုံကို ရေးသားပါ။
၃။ ရေခဲမြစ်တိုက်စားမှုကြောင့် ဖြစ်ပေါ်လာသောသွင်ပြင်များကိုပုံနှင့်တကွရှင်းပြပါ။
၄။ အောက်ပါတို့ကိုမှတ်စုတိုရေးပါ။
(က) မီးတောင်ပေါက်ကွဲရခြင်း၏အဓိကအကြောင်းရင်း
(ခ) ကမ်းခတ်လှိုင်းနှင့် ရေလှိုင်း

## အပိုင်း (ဂ) မြန်မာနိုင်ငံပထဝီဝင်

အောက်ပါတို့အနက်မှ(၁)ပုဒ်ဖြေပါ။ (၁၅)မှတ်

၅။ မြန်မာနိုင်ငံ၏ကုန်ကြမ်းပစ္စည်းလုပ်ငန်းများကိုဖော်ပြပြီး ရာဘာစက်ရုံများ၊ ဓာတ်မြေသြဇာစက်ရုံများနှင့် စက္ကူစက်များသည် ကုန်ကြမ်းပစ္စည်းအခြေပြုစက်ရုံများဖြစ်ကြောင်း သုံးသပ်တင်ပြပါ။
၆။ မြန်မာနိုင်ငံ၏ သဘာဝအခြေခံအချက်အလက်များသည် ပြည်တွင်းကုန်သွယ်ရေးအပေါ်အကျိုးသက်ရောက်မှုရှိကြောင်း ဆွေးနွေးပါ။
၇။ အောက်ပါတို့ကိုမှတ်စုတိုရေးပါ။
(က) မြန်မာနိုင်ငံ၏ဘူမိအနေအထားနှင့် မြေမျက်နှာသွင်ပြင်အရတွင်းထွက်များတွေ့ရှိပုံ
(ခ) ပြည်တွင်းပင်လယ်ကမ်းရိုးတန်း ပို့ဆောင်ဆက်သွယ်ရေး

## အပိုင်း (ဃ) ကမ္ဘာ့ပထဝီဝင်

အောက်ပါတို့အနက်မှ(၁)ပုဒ်ဖြေပါ။ (၁၅)မှတ်

၈။ ဂျပန်နိုင်ငံ၏မြို့ကြီးများအကြောင်းကိုပြည့်စုံစွာဖြေဆိုပါ။
၉။ ပြင်သစ်နိုင်ငံ၏ရာသီဥတု၊မြေဆီလွှာနှင့်သဘာဝပေါက်ပင်တို့၏ဆက်စပ်ပုံကိုဖြေဆိုပါ။
၁၀။ အောက်ပါတို့ကိုမှတ်စုတိုရေးပါ။
(က) အမေရိကန်ပြည်ထောင်စု၏ တည်နေရာနှင့်အကျယ်အဝန်း
(ခ) ဂျာမနီနိုင်ငံ၏ စိုက်ပျိုးမွေးမြူရေး

## အပိုင်း (င)လက်တွေ့ပထဝီဝင်

အောက်ပါတို့ကို အားလုံးဖြေပါ။ (၄၀)မှတ်

၁၁။(က) ကင်မရာဆုံတာ ၆လက်မဖြင့် ရိုက်ကူးထားသော ကောင်းကင်ဓာတ်ပုံတစ်ပုံ၏ စကေးမှာ ၁း၇၀၀၀ဖြစ်လျှင် ရိုက်ကူးသောအချိန်၌ပျံသန်းသည့်လေယာဉ်၏မြေပြင်အထက်အမြင့်ပေကိုရှာပါ။ (၁၀)မှတ်
(ခ) ၂လက်မလျှင်၁မိုင်စကေးကို ကိုက်၅၀၀အထိပြသနိုင်သောစကေးစိပ်ပုံကိုရေးဆွဲပါ။ (၁၀)မှတ်
(ဂ) ပေးထားသောကွန်တိုမြေပုံကိုသေချာစွာလေ့လာပြီးအောက်ပါတို့ကို ဖြေဆိုပါ။ (၂၀)မှတ်
(၁) 'က' မှ 'ခ' သို့ဖြတ်ပိုင်းပုံ ရေးဆွဲပါ။
(၂) မြေပုံပါဒေသ၏ လတ္တီကျု၊ လောင်ဂျီကျုများနှင့် ဧရိယာ(စတုရန်းမိုင်)ကို ရှာပါ။
(၃) မြေပုံပါဒေသ၏ မြေမျက်နှာသွင်ပြင်၊ ရေဆင်းနှင့်ရာသီဥတုအကြောင်းကိုရေးပါ။




## မိုင်းပန်၌ ကျောင်းကျန်းမာရေးစစ်ဆေးခြင်းနှင့် ဟောပြောပွဲများ ဆောင်ရွက်

**မိုင်းပန် ဇူလိုင် ၁၀**

မိုင်းပန်မြို့နယ် ကျန်းမာရေးဦးစီးဌာနက ကျောင်းကျန်းမာရေးစစ်ဆေးခြင်းနှင့် ဟောပြောခြင်းကို ယနေ့နံနက် ၉ နာရီတွင် အလကခွဲ(မြို့မ)ကျောင်း၌ ဆောင်ရွက်ခဲ့သည်။

တစ်ကိုယ်ရေသန့်ရှင်းရေး၊ လက်ဆေးခြင်းနှင့် သွားကျန်းမာရေးစစ်ဆေးခြင်းကို မူကြိုကလေး ၇၂ ဦး၊ မူလတန်း ၃၁၇ ဦးနှင့် အလယ်တန်း ၂၄၁ ဦး စုစုပေါင်း ၆၃၀ အား စစ်ဆေးမှုများ ပြုလုပ်ပေးခဲ့သည်။

ထို့နောက် ဒေါက်တာစိုင်းစောထူးအောင်နှင့် ဒေါက်တာမြင့်နိုင်တို့က အလယ်တန်းကျောင်းသားကျောင်းသူများအား တစ်ကိုယ်ရေသန့်ရှင်းရေးအကြောင်း၊ သွေးလွန်တုပ်ကွေးအကြောင်း၊ ဝမ်းရောဂါအကြောင်း၊ ယာဉ်မတော်တဆမှုများအကြောင်းနှင့် သွားကျန်းမာရေးနှင့် နည်းစနစ်မှန်သွားတိုက်နည်း သရုပ်ပြခြင်းတို့ကို ပညာပေးဟောပြောသရုပ်ပြခဲ့ကြောင်း သိရသည်။

**ကိုဆန်း(မိုင်းပန်)**



# အဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာ(ဓမ္မိ)၌ ကောက်စိုက်စက်ဖြင့် မျိုးစေ့ထုတ်စိုက်ခင်းသရုပ်ပြစိုက်ပျိုး



**ဟင်္သာတ ဇူလိုင် ၁၀**
ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်၌ ကောက်စိုက်စက်ဖြင့် မျိုးစေ့ထုတ်စိုက်ခင်း စိုက်ပျိုးခြင်းသရုပ်ပြပွဲကို ဇွန် ၈ ရက် နံနက်ပိုင်းက ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာ(ဓမ္မိ)ရှိ တောင်သူ ဦးစိုးနိုင်ကျော်နှင့် ဦးတင့်နိုင်တို့၏ လယ်မြေတွင် ကျင်းပသည်။

သရုပ်ပြပွဲ အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးမျိုးဇော်က စံပြကျေးရွာ(ဓမ္မိ) ဧက ၅၀၀ စံပြကွက်တွင် စိုက်ပျိုးထားမှုအခြေအနေများကိုလည်းကောင်း၊ ဟင်္သာတခရိုင် စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးလှိုင်တိုးတို့က ကောက်စိုက်စက်ဖြင့် စိုက်ပျိုးနိုင်ရန် ပျိုးထောင်ခြင်းနှင့် စိုက်ပျိုးမည့် နည်းစနစ်များကိုလည်းကောင်း၊ ဧရာပုသိမ်ကုမ္ပဏီနှင့် UNA Co.,Ltd တို့က စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ထားသည့် မျိုးစေ့ထုတ်စိုက်ခင်းများနှင့် G.A.P စိုက်ခင်း အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်နှင့် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းတို့က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ဒုတိယဝန်ကြီး ဦးလှကျော်က စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းပြီး မျိုးကောင်းမျိုးသန့်နှင့် သီးနှံအရည်အသွေး ကောင်းမွန်စေရန် ကြိုးပမ်းအားထုတ်သွားရန်နှင့် မျိုးစေ့ထုတ်ကုမ္ပဏီများနှင့် G.A.P စိုက်ပျိုးသည့်ကုမ္ပဏီများအနေဖြင့် ယခုထက်ပိုမိုတိုးမြှင့်စိုက်ပျိုးထုတ်လုပ်သွားနိုင်ရန် လိုအပ်ကြောင်း ပြောကြားသည်။

အဆိုပါ လက်တွေ့စိုက်ပျိုးသရုပ်ပြပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးလှကျော်၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း၊ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်၊ တိုင်းဒေသကြီးစိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဟင်္သာတခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများနှင့် ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြသည်။

ဟင်္သာတမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဘက်စုံအဆင့်မြင့် နည်းပညာသုံး စံပြကျေးရွာ(ဓမ္မိ)တွင် သမဦးစီးဌာနက မျိုးစေ့ထုတ်စိုက်ခင်းဧက ၅၀၊ ဧရာပုသိမ်ကုမ္ပဏီက မျိုးစေ့ထုတ်စိုက်ခင်းဧက ၅၀ နှင့် UNA Co.,Ltd က အကောင်အထည်ဖော်ဆောင်ရွက်သည့် G.A.P စိုက်ခင်း ငါးဧကတို့ကို ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

# ရိဒ်ရေကန်အတွင်း ငါးသားပေါက်စိုက်ထည့်ခြင်းနှင့် ရေကန်အနီး သစ်ပင်စိုက်ပျိုး

**ရိခေါဒါရ် ဇူလိုင် ၁၀**
ချင်းပြည်နယ် ရိဒ်ရေကန်အတွင်း ငါးသားပေါက်များစိုက်ထည့်ခြင်းနှင့် ရေကန်ဘေး သစ်ပင်စိုက်ပျိုးခြင်းကို ဇူလိုင် ၉ ရက် နံနက် ၇ နာရီက ရိဒ်ရေကန်ရေချိုးဆိပ်၌ ပြုလုပ်ခဲ့သည်။



ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန၏ စီစဉ်မှုဖြင့် ရိဒ်ရေကန်အတွင်း ငါးသားပေါက်များ စိုက်ထည့်ရာ ရွှေဝါငါးမျိုးကောင်ရေ ၂၀၀၀၀၊ ငါးခုံးမမျိုး ၁၀၀၀၀ နှင့် မြက်စားငါးမျိုး ၁၀၀၀၀ စသည်ဖြင့် ငါးမျိုးစိတ် သုံးမျိုး စုစုပေါင်း ကောင်ရေ ၄၀၀၀၀ စိုက်ထည့်ဆောင်ရွက်သည်။

ထို့နောက် ပြည်နယ်သစ်တောဦးစီးဌာန၏ စီစဉ်မှုဖြင့် ရိဒ်ရေကန်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ရေကန်ပတ်လည်စိမ်းလန်းစိုပြည် သာယာလှပရေးအတွက် သစ်ပင်၊ ပန်းအလှပင်များ စုပေါင်းစိုက်ပျိုးခြင်းကို ဆက်လက်ကျင်းပရာ ရိဒ်ရေကန်ရေချိုးဆိပ်ကမ်းဘေးတွင် ချယ်ရီပင် ၂၀၀၊ မက်ခေါက်ပင် ၅၀ နှင့် ယူကလစ်ပင် ၅၀ စုစုပေါင်းပျိုးပင် ၃၀၀ စိုက်ပျိုးသည်။

အဆိုပါ ငါးသားပေါက်စိုက်ထည့်ခြင်းနှင့် သစ်ပင်စိုက်ပျိုးပွဲတွင် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များနှင့် ရပ်ကွက်ပြည်သူများ ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

wdwk Gwp&m

## ယာဉ်/လမ်းစည်းကမ်းနှင့် မူးယစ်အန္တရာယ်အသိပညာပေး

**ဟားခါး**
ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူးယစ်အန္တရာယ် ကင်းရှင်းရေး အသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၉ ရက် နံနက် ၁၀ နာရီက ဟားခါးမြို့ ဈေးသစ်ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကျောင်းခန်းမ၌ ကျင်းပသည်။

ဟားခါးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ရာဇာဖြိုးက လူကုန်ကူးမှုအကြောင်း၊ ဟားခါးမြို့မ ရဲစခန်းမှူး ဒုရဲမှူးကျော်ဦးက သက်ငယ်မုဒိမ်းမှု ဖြစ်ပွားရခြင်းအကြောင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ ဒုရဲမှူး သိန်းလွင်က မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် အကြောင်း၊ အမှတ် (၁၀၂)ယာဉ်ထိန်း ရဲတပ်ဖွဲ့ခွဲမှ ရဲအုပ်ကိုကိုမောင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးများနှင့် ပြစ်မှု၊ ပြစ်ဒဏ်ဆိုင်ရာများ အကြောင်းကို ရှင်းလင်းဟောပြောကြသည်။

**ခရိုင်ပြန်/ဆက်**

## မီးသတ်စွမ်းရည်တိုးတက်ရေးသင်တန်းဖွင့်

**ဘားအံ**
ကရင်ပြည်နယ် ဘားအံမြို့ အိန္ဒုကျေးရွာတွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်ပွဲအမှတ်စဉ် (၁/၂၀၁၈) ကို ဇူလိုင် ၉ ရက် နံနက် ၉ နာရီ က ကျေးရွာပအိုဝ်းဘုန်းတော်ကြီးကျောင်းမွောရုံ၌ ဖွင့်လှစ်သည်။

အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ အား ဇူလိုင် ၉ ရက်မှ ဩဂုတ် ၃ ရက်အထိ သင်တန်းကာလသုံးပတ်ထိ မီးငြိမ်းသတ်လေ့ကျင့်ရေးဆိုင်ရာများ၊ သဘာဝဘေးအန္တရာယ် ကျရောက်လာပါက ကယ်ဆယ်ရေးသင်ခန်းစာများကို အဆင့်ဆင့်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## Exim Bank ပံ့ပိုးချေးငွေနှင့် အတိုးပေးအပ်

**ရေဦး**
ရေဦးမြို့နယ်အတွင်းရှိ အခြေခံသမဝါယမအသင်းများသို့ Exim Bank ပံ့ပိုးချေးငွေနှင့် စုဆောင်းထားရှိငွေအပေါ် အတိုးပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၉ ရက် နံနက် ၁၀ နာရီက မြို့နယ်သမဝါယမဌာန၌ ကျင်းပသည်။

သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးစံဌေးက စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းများသို့ အသေးစားအရင်းအနှီးချေးငွေနှင့် စုဆောင်းငွေထားရှိမှုအပေါ် အတိုးများပေးအပ်ခဲ့သည်။

ရေဦးမြို့နယ်တွင် သမဝါယမအသင်းသားပေါင်း ၈၈၃၄ ဦး အသင်းပေါင်း ၁၃၅ သင်းရှိပြီး ရေဦးမြို့နယ်အနေဖြင့် ထုတ်ချေးငွေကျပ် ၁၅၇၇ သန်းခန့်ရှိကြောင်းသိရသည်။

**သန်းထိုက် (ရေဦး)**

## ရေလှောင်တံခါးနှင့်ရေလွှဲဆည် တည်ဆောက်ရေးစစ်ဆေး

**မောက်မယ်**
ရှမ်းပြည်နယ် လင်းခေးခရိုင် မောက်မယ်မြို့နယ် နားသဲကျေးရွာ နမ့်အွန်ရေထွက်ပေါက်အနီးတွင် ပေ ၆၀ × ပေ ၁၃၀ ရေလှောင်တံခါးနှင့်ရေလွှဲဆည်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ဇူလိုင် ၁၀ ရက်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းငေါင်းဆိုင်ဟိန်းက သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

နားသဲရေလှောင်တံခါးနှင့်ရေလွှဲဆည်တည်ဆောက်နိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေမှ ကျပ်သန်း ၁၃၀ ချမှတ်ဆောင်ရွက်ခွင့်ပေးပြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**စိုင်းမျိုးသန့်(ပြန်/ဆက်)**

## မျိုးစပါးနှင့် ဓာတ်မြေဩဇာများ ပေးအပ်

**ဒီးမော့ဆို**
ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် လိုဘာခိုကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးခဲ့သည့် လယ်ယာမြေများအတွက် မျိုးစပါးနှင့် ဓာတ်မြေဩဇာများပေးအပ်ခြင်းကို ဇူလိုင် ၉ ရက် မွန်းလွဲ ၂ နာရီခွဲက လိုဘာခိုကျေးရွာ ခန်းမဆောင်၌ ကျင်းပသည်။ တာဝန်ရှိသူများက ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးခဲ့သည့် လယ်ယာမြေ ၃၇ ဒသမ ၁၄ ဧက အတွက် ပုလဲသွယ်မျိုးစပါး တစ်ဧကလျှင် ရှစ်ကီလိုနှုန်းဖြင့် စုစုပေါင်း မျိုးစပါး ၂၉၇ ကီလိုနှင့် ကွန်ပေါင်းဓာတ်မြေဩဇာ ၃၇ အိတ်ကို တောင်သူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ် ပြန်/ဆက်**

## အသက်အန္တရာယ်ကိုခြိမ်းခြောက်နေသည့် မကူးစက်နိုင်သော…

စာမျက်နှာ ၁၅ မှ

အမျှင်ဓာတ်ပါသော ဟင်းသီးဟင်းရွက်များဖြစ်သည့် ကန်စွန်းရွက်၊ ချဉ်ပေါင်ရွက်၊ ဘူးရွက်နှင့် ဘူးသီး၊ ဟင်းနုနွယ်စသည့် ဟင်းသီးဟင်းရွက်များ၊ ငှက်ပျောသီး၊ သင်္ဘောသီး၊ ဖရဲသီး၊ သရက်သီး၊ မာလကာသီး၊ စပျစ်သီးစသည့် သစ်သီးဝလံများကို များများစားသုံးရမည်။

၂။ ကိုယ်ကာယလှုပ်ရှားမှုလေ့ကျင့်ခန်းများ မှန်မှန်ပြုလုပ်ပါ။ တစ်နေ့ မိနစ် ၃၀၊ တစ်ပတ် ငါးရက် လမ်းလျှောက်ခြင်း၊ ရေကူးခြင်း၊ အလေးမခြင်း၊ စက်ဘီးစီးခြင်းစသည်တို့ ပြုလုပ်ပါ။ သွက်လက်တက်ကြွစွာ နေထိုင်ပါ။ အထိုင်များခြင်းလှုပ်ရှားမှုနည်းခြင်းကို ရှောင်ကြဉ်ပါ။ တီဗွီ၊ တီဗွီဂိမ်းရှေ့တွင် ကြာရှည်စွာထိုင်ခြင်းနှင့် ကွန်ပျူတာ၊ အင်တာနက် ဆက်တိုက်ကြာရှည်စွာ အသုံးပြုခြင်းများကို ရှောင်ကြဉ်ပါ။

၃။ ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှုကို ရှောင်ကြဉ်ပါ။ ကိုယ်တိုင်ဆေးလိပ်သောက်ခြင်းနှင့် သူတစ်ပါးဆေးလိပ်ငွေ့ရှူခြင်း၊ ဆေးရွက်ကြီးနှင့် နှပ်ဆေးအမျိုးမျိုးပါဝင်သော ကွမ်းစားခြင်း၊ ဆေးငုံခြင်းကို ရှောင်ကြဉ်ပါ။

၄။ အရက်အလွန်အကျွံ သောက်သုံးမှုကိုရှောင်ကြဉ်ပါ။ ဖြစ်နိုင်လျှင် အရက်လုံးဝမသောက်ပါနှင့်၊ သောက်ရမည်ဆိုလျှင် တစ်နေ့လျှင် တစ်ခွက် သို့မဟုတ် နှစ်ခွက်ထက် ပိုမသောက်ရန်၊ ကိုယ်ဝန်ဆောင်များသည် မည်သည့်အရက်အမျိုးအစားကိုမျှ မသောက်သင့်ပါ။

၅။ ကိုယ်ခန္ဓာရှိသင့်သည်ထက် ပိုမဝလာအောင် ထိန်းသိမ်းပါ။ မိမိအရပ်အမောင်းအလိုက် ရှိသင့်သော ကိုယ်အလေးချိန်ကို ထိန်းသိမ်းနိုင်ရန်နှင့် ကိုယ်အလေးချိန်များလာလျှင် လျှော့ချရန်ကြိုးစားပါ။

၆။ ရေသောက်ပါ။ လူတစ်ယောက်သည် ရေကို တစ်နေ့လျှင် ရေဖန်ခွက် ရှစ်ခွက် သို့မဟုတ် နှစ်လီတာ (ရေသန့်ဘူး နှစ်ဘူး) ခန့် သောက်ပါ။

၇။ စိတ်သောကများကိုလျှော့နိုင်အောင် ကြိုးစားနေထိုင်ပါ။ အပြုသဘောဖြင့် အရာရာကို အကောင်းမြင်နိုင်အောင်ကြိုးစားပါ။ အပြုံးဖြင့်လောကဓံကို ကြံ့ကြံ့ခံရင်ဆိုင်နိုင်အောင်ကြိုးစားပါ။

### လူနေမှုပုံစံများကြောင့် ဖြစ်ပွား

မကူးစက်နိုင်သောရောဂါများသည် မျိုးရိုးဗီဇ သို့မဟုတ် လူနေမှုပုံစံများကြောင့် ဖြစ်ပွားရခြင်းဖြစ်သည်။ လူမှုအသိုက်အဝန်းအားလုံး၏ ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးကို ခြိမ်းခြောက်နေသည်။ ယင်းရောဂါများသည် ကာကွယ်နိုင်သော ရောဂါများဖြစ်သည်။ လူမှုအသိုက်အဝန်းအတွင်း ကူးစက်ရောဂါများထက် ကြောက်စရာကောင်းသော ရောဂါများဖြစ်သည်။ ဖြစ်ပွားလာပါက မိသားစု၏ လူမှုရေး၊ စီးပွားရေးကို များစွာထိခိုက်ကာ ရေရှည်မိသားစုဘဝ ရပ်တည်ရေးကို ထိခိုက်နိုင်သော ရောဂါများလည်းဖြစ်သည်။ လူတို့၏ ပတ်ဝန်းကျင် အမူအကျင့်များကြောင့်ဖြစ်ရသည့်အတွက် ကျန်းမာသော လူနေမှုပုံစံကို ရွေးချယ်ကြရမည်ဖြစ်သည်။

ကူးစက်ရောဂါများသည် လူ့အသက်ကို လျင်မြန်စွာ အန္တရာယ်ပြုသည်။ မကူးစက်နိုင်သောရောဂါများသည် လူ့အသက်ကို တိတ်ဆိတ်စွာ အန္တရာယ်ပြုသည်။

ကာကွယ်နိုင်ရန်နှင့်ထိန်းချုပ်နိုင်ရန် ကျန်းမာသော လူနေမှုပုံစံကို ပြောင်းလဲဖို့လိုအပ်မည်ဖြစ်သည်။ ။

# အမျိုးသားပြတိုက်(နေပြည်တော်)ဖွင့်ပွဲ သုံးနှစ်ပြည့်အထိမ်းအမှတ်အဖြစ် မြန်မာ့ရိုးရာစဉ့်ထည် အနုပညာအထူးပြပွဲကျင်းပမည်

**နေပြည်တော် ဇူလိုင် ၁၀**

အမျိုးသားပြတိုက်(နေပြည်တော်)ဖွင့်ပွဲ သုံးနှစ်ပြည့် အထိမ်းအမှတ်အဖြစ် မြန်မာ့ရိုးရာ စဉ့်ထည်အနုပညာ အထူးပြပွဲကို ဇူလိုင် ၁၅ ရက်မှ ဩဂုတ် ၁၄ ရက်အထိ ပြသသွားမည်ဖြစ်သည်။ ဇူလိုင် ၁၅ ရက်တွင် အမျိုးသား ပြတိုက်(နေပြည်တော်)ဖွင့်ပွဲ အထူးပြပွဲအနေဖြင့် ပြတိုက် တစ်ခုလုံးကို အခမဲ့ပြသသွားမည်ဖြစ်ပြီး ကျန်နေ့များ တွင် ယာယီပြခန်းတစ်ခုသာ အခမဲ့ ပြသမည်ဖြစ်သည်။ အဆိုပါ ပြပွဲကျင်းပရေး နှင့်စပ်လျဉ်း၍ တာဝန်ရှိသူများနှင့် မေးမြန်း ခဲ့သည်များကို ဖော်ပြလိုက်ရပါသည်။

**ဒေါ်အေးအေးသင်း**
**ညွှန်ကြားရေးမှူး**
**အမျိုးသားပြတိုက်(နေပြည်တော်)**

မြန်မာ့ရိုးရာအနုပညာစဉ့်ထည်ပြပွဲကို ကျင်းပရခြင်းရဲ့ ရည်ရွယ်ချက်ကတော့ အမျိုးသားပြတိုက်(နေပြည်တော်) သုံးနှစ်ပြည့်တဲ့ အထိမ်းအမှတ်အနေနဲ့ စဉ့်ထည်ကိုအထူးပြု ပြသချင်လို့ပါ။ စဉ့်ထည်က အေဒီ ၈ ရာစုကတည်းကတရုတ် မန်ချူးကျမ်းတွေမှာ ဖော်ပြချက်တွေအရ သိရှိခဲ့ရပါတယ်။ မုတ္တမအိုးဆိုပြီးတော့လည်း ၁၄ ရာစုမှာ နာမည်ကြီးခဲ့တယ်။ ရှေးယခင်ကတည်းက သမိုင်းကြောင်းကောင်းခဲ့တဲ့ စဉ့်ထည်တွေ မြန်မာနိုင်ငံမှာ ဘယ်လိုထွန်းကားပြီး ယခု အချိန်အထိ ဘယ်လိုထိန်းသိမ်းနေတယ်ဆိုတာကို နောင် လာနောက်သားတွေ သိရှိစေဖို့အတွက်ပါ။ ပုဂံ၊ ဟံသာဝတီ၊ ကုန်းဘောင်ခေတ်တို့မှာ ရရှိခဲ့တဲ့ စဉ့်ထည်အမျိုးအစား တွေကို ပြသထားပါတယ်။ ပြည်နယ်အလိုက် ထူးခြားတဲ့ အိုးတွေ၊ မုတ္တမအိုးတွေကိုလည်း ပြသထားပါတယ်။ စဉ့်ပြုလုပ်ပုံ အဆင့်ဆင့်ကို ပျဉ်းမနားမှာရှိတဲ့ စဉ့်လုပ်တဲ့ သူတွေကိုလည်း ခေါ်ပြီးတော့ ပြသသွားမှာပါ။ စဉ့် အမျိုးအစား ၁၅၃ မျိုးကို ပြသထားပါတယ်။ ပုဂံ၊ ပဲခူး၊



ဒေါ်အေးအေးသင်း
ညွှန်ကြားရေးမှူး



ဒေါ်အေးမိစိန်
ဒုတိယညွှန်ကြားရေးမှူး



ဒေါ်ကလျာချောစု
လက်ထောက်ညွှန်ကြားရေးမှူး

မန္တလေး အနယ်နယ်အရပ်ရပ်မှာရှိတဲ့ စဉ့်ထည်တွေကို စုဆောင်းထားပေမယ့် ပြခန်းအလိုက် ပြသခွင့်မရှိတာ တွေလည်း ရှိပါတယ်။ သိမ်းထားတာတွေလည်းရှိတော့ အဲဒီ စဉ့်ထည်တွေကိုလည်း ပြသချင်တာပါ။ ပြပွဲကို ဇူလိုင် ၁၅ ရက်ကနေ ဩဂုတ် ၁၄ ရက်အထိ ပြသသွားမှာပါ။ ဇူလိုင် ၁၅ ရက်က အမျိုးသားပြတိုက်(နေပြည်တော်)ဖွင့်ပွဲ အထူး ပြပွဲအနေနဲ့ အဲဒီနေ့ကို ပြတိုက်တစ်ခုလုံးကို အခမဲ့ အနေနဲ့ ပြသမှာပါ။ ကျန်တဲ့နေ့တွေမှာတော့ ယာယီပြခန်း တစ်ခုကိုပဲ အခမဲ့ပေးမှာပါ။

**ဒေါ်အေးမိစိန်**
**ဒုတိယညွှန်ကြားရေးမှူး**
**အမျိုးသားပြတိုက် (နေပြည်တော်)**

ပြတိုက်ကို ၂၀၁၅ ခုနှစ်မှာ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ပြတိုက်မှာ အဆောင်ပေါင်း ငါးဆောင်ရှိပါတယ်။ အဆောင် တွေမှာ လက်ဆောင်ပစ္စည်းပြခန်း၊ ပရိုင်းမိတ်နဲ့ ကျောက်ဖြစ် ရုပ်ကြွင်းပြခန်း၊ သမိုင်းမတင်မီခေတ်ပြခန်း၊ မြန်မာ ပန်းချီပြခန်း၊ အနုသုခုမပြခန်း၊ သမိုင်းကြိုခေတ် ပျူခေတ် ပြခန်း၊ ပုဂံခေတ် အေဒီ ၁၁ ရာစု ကနေ ၁၄ ရာစုအထိ ပုဂံခေတ်ပြခန်း၊ သီဟာသန ပလ္လင်ပြခန်း၊ လက်မှု အနုပညာပြခန်း၊ အာဆီယံပြခန်း၊ ကလေးသူငယ်ပညာပေး ပြခန်းတွေ ပြသထားပါတယ်။ အရင်နှစ်က အခြေခံပညာ ကျောင်းတွေကို ဖိတ်ခေါ်ပြီး ပြခန်းအလိုက် ရှင်းလင်း ပြသပေးပါတယ်။ နောက်ပြီး ကလေးတွေ လေ့လာနိုင်စွမ်း ဘယ်လောက်ရှိလဲ ဆိုတာမူတည်ပြီး ဉာဏ်စမ်းမေးခွန်း လေးတွေဖြေခိုင်းပြီး ဆုချီးမြှင့်ပါတယ်။ ကလေးတွေ ကနေ စပြီး ကိုယ့်နိုင်ငံရဲ့ ယဉ်ကျေးမှုကို နားလည်အောင် လုပ်ပေးပါတယ်။ လတ်တလောတော့ အထူးပြပွဲလေး တွေ လုပ်ဖို့ စီစဉ်ထားပါတယ်။ ပြတိုက်ကို တစ်နှစ်မှာ လူဦးရေ ပြည်တွင်း ၁၅၀၀၀ ခန့်နဲ့ ပြည်ပက ၂၀၀၀ ခန့် လာရောက်ကြည့်ရှုကြပါတယ်။ ကျောင်းသား ကျောင်းသူ၊ ရဟန်း သံဃာ၊ သီလရှင်၊ အသက် ၆၀ အထက် သက်ကြီးနိုင်ငံသားနဲ့ ကလေးတွေကို အခမဲ့ ပြသပါတယ်။

**ဒေါ်ကလျာချောစု**
**လက်ထောက်ညွှန်ကြားရေးမှူး**
**စုဆောင်းရေးနှင့် ပြသရေးဌာန**

စဉ့်ထည်အထူးပြပွဲကို ပြသတော့မယ်ဆိုကတည်းက ပစ္စည်းတွေကိုစပြီး စုဆောင်းတယ်။ အစီအစဉ်တွေကို ရေးဆွဲ တင်ပြခဲ့ရပါတယ်။ ပြသမယ့် စဉ့်ထည်တင်ခုံတွေ၊ စဉ့် ထည်တွေ၊ ခင်းကျင်းမယ့် ကာလာဒီဇိုင်းတွေကို ရွေးချယ် ခဲ့ရပါတယ်။ စဉ့်ထည်တွေရဲ့ အရောင်က အရောင်ဖျော့ ဖြစ်တဲ့အတွက် တင်ခုံပေါ်တင်မယ်ဆိုရင် ပစ္စည်းကိုပိုပြီး ပေါ်လွင်ထင်ရှားစေမယ့် အောက်ခံအခင်းတွေကို ရွေးချယ် ရပါတယ်။ ပြကွက် ၁၀ ကွက်နဲ့ ခင်းကျင်းပြသသွားမှာပါ။ ပြကွက် ၁၀ ကွက်မှာ ပုဂံ၊ ဟံသာဝတီ၊ ကုန်းဘောင်ခေတ်နဲ့ မျက်မှောက်ခေတ်ပစ္စည်းတွေကို ခင်းကျင်းပြသထားပါ တယ်။ ဒီအခင်းအကျင်းအတွက် အချိန်တစ်လလောက် ကြိုပြီးပြင်ဆင်ခဲ့ရပါတယ်။ ပြတိုက်နဲ့ပြည်သူကို အထူး ပြပွဲကနေတစ်ဆင့် ကိုယ့်ယဉ်ကျေးမှုကို ပိုပြီးချစ်မြတ်နိုး စေဖို့ ခင်းကျင်းထားတာဖြစ်တဲ့အတွက် လာရောက်ကြည့်ဖို့ ဖိတ်ခေါ်ပါတယ်။

**အမေးအရေး - အေးအေးသန့်**
**ဓာတ်ပုံ-နှင်းစက်**





## နာမည်ကျော်ကြယ်ပွင့်နှစ်ဦး တွေ့ဆုံမည်ဖြစ်ကြောင်း အတည်ပြု

တောင်ကိုရီးယားမင်းသမီး ဆောင်းဟေကိုနဲ့ လက်ရှိမှာ အကျော်ကြားဆုံးသော မင်းသားတစ်ဦး ဖြစ်တဲ့ ပ့ါခ်ဘိုဂန်းတို့ ဇာတ်လမ်းတွဲသစ်မှာ တွဲဖက်ပါဝင်သွားမှာဖြစ်ကြောင်း လတ်တလော မှာတော့ ဘွန်းပစ်ချားက ထုတ်ဖော်ပြောကြားလာတာဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲမှာ သူတို့နှစ်ဦး ဆုံတွေ့မှာဖြစ်ကြောင်း ရုပ်ရှင်အသိုင်းအဝိုင်းက ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ် ပေမယ့် လတ်တလောမှာမှ ထုတ်လုပ်ရေးဘက်က ထုတ်ဖော်ပြောကြားလာတာ ဖြစ်ပါတယ်။

ဆောင်းဟေကိုဟာ မင်္ဂလာပွဲကျင်းပပြီးနောက် သူ့ရဲ့ ပထမဆုံးသော ဇာတ်လမ်းတွဲရုပ်ရှင်ကို လက်ခံရိုက်ကူးပေးဖို့ရာ သဘောတူလိုက်ပြီ ဖြစ်ပါတယ်။ လပေါင်းများစွာ အဆိုပါဇာတ်လမ်း တွေမှာ ပါဝင်မှုနှင့်ပတ်သက်ပြီး ကောလာဟလတွေ ပေါ်ထွက်ခဲ့ပြီးနောက် လတ်တလောမှာတော့ လက်ခံလိုက်ပြီဖြစ်ကြောင်း ပြောကြားလာတာဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲမှာတော့ ဆောင်းဟေကိုဟာ မင်းသား ပ့ါခ်ဘိုဂန်းနဲ့ တွဲဖက်ပါဝင်သွားရမှာဖြစ်ကြောင်း ကိုရီးယား ဘိုးဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒီဇာတ်လမ်းတွဲရဲ့အမည်ကိုတော့ "Boyfriend"လို့ ပေးထားပြီး ဆောင်းဟေကို ပါဝင် သွားမှာဖြစ်ကြောင်းနဲ့ ယခုနှစ်နှစ်ကုန်ပိုင်းမှာ စတင်ထုတ်လွှင့်သွားမှာဖြစ်ကြောင်းကိုတော့ ဘွန်းပစ်ချားက တရားဝင်ထုတ်ဖော်ပြောကြားလာတာဖြစ်တယ်လို့လည်း သိရပါတယ်။

"Boyfriend"ဟာ ဘဝမှာ အရာရာပြည့်စုံတဲ့ အမျိုးသမီးတစ်ဦးနဲ့ ပိုင်ဆိုင်မှုမရှိတဲ့ သာမန်အမျိုးသားတစ်ဦးအကြားက ဇာတ်လမ်းကို ပုံဖော်သွားမှာပါ။ အဓိကဇာတ်ကောင်တွေဟာ သူတို့ရဲ့ဘဝတွေကို ဆက်လက်ထိန်းသိမ်းထားရမှာလား၊ သာမန်လူတစ်ဦးကဲ့သို့ နေထိုင်သွား ရမှာလားဆိုတာ ဆုံးဖြတ်ရဖို့ရှိနေပြီး သူတို့နှစ်ဦးစလုံးရဲ့ တူညီတဲ့ ဆန္ဒကတော့ သူတို့ရဲ့ ဘဝတွေကို တစ်ရက်လေးဖြစ်ဖြစ် ပြောင်းလဲနေထိုင်လိုတာဖြစ်တယ်လို့စသည်ဖြင့် ဇာတ်အိမ်ဖွဲ့ ရိုက်ကူးထားကြောင်း သိရပါတယ်။

## အနုပညာသက်တမ်း ငါးနှစ်ပြည့်အထိမ်းအမှတ် ဓာတ်ပုံပြပွဲ ကျင်းပသွားမယ့် BTS

တောင်ကိုရီးယားရဲ့ ကမ္ဘာကျော် အမျိုးသားတေးဂီတ အဖွဲ့ တစ်ဖွဲ့ ဖြစ်တဲ့ "BTS"ဟာ မကြာမီမှာ အနုပညာလှုပ်ရှားမှုတွေ စတင်ခဲ့တာ ငါးနှစ်ပြည့်တော့မှာဖြစ်ပါတယ်။ ဒီလို "BTS"အဖြစ် စတင်တည်ထောင်ခဲ့ခြင်း ငါးနှစ်ပြည့်အထိမ်းအမှတ် ဓာတ်ပုံပြပွဲ တစ်ပွဲကို ဆိုးလ်မှာပင် ကျင်းပသွားဖို့ရာ စီစဉ်ထားကြောင်း အမ်စက်အန်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဇူလိုင် ၉ ရက်မှာတော့ "BTS"ရဲ့ အေဂျင်စီဖြစ်တဲ့ ဘစ်ဟစ်ထ်အန်တာတိန်းမန့်က အဖွဲ့ရဲ့ ငါးနှစ်ပြည့် နှစ်ပတ်လည်မှာတော့ ဆိုးလ်မှာ ဓာတ်ပုံပြပွဲ ပြုလုပ်သွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာတာ ဖြစ်ပါတယ်။ ဒီပြပွဲမှာ အဖွဲ့ဝင်တွေရဲ့ ငါးနှစ်တာအတွင်း လှုပ်ရှားမှုတွေကို မှတ်တမ်းတင်ထားတဲ့ ဓာတ်ပုံတွေကို ပြသသွားမှာ ဖြစ်ပါတယ်။ အဖွဲ့ဝင်တွေရဲ့ တေးအယ်လ်ဘမ်သစ်အတွက် ပြင်ဆင်နေတဲ့ပုံရိပ်တွေအပြင် အဖွဲ့ဝင်ခုနစ်ဦးရဲ့ ကိုယ်တိုင်ရိုက်ကူးထားတဲ့ ဆယ်ဖီပုံတွေကို လည်း ပြသသွားမှာပါ။ ဒ့ါအပြင် အဖွဲ့ဝင်တွေရဲ့ ဗီဒီယိုကလစ် တွေကိုလည်း ပြသပေးသွားမှာဖြစ်တယ်လို့ သိရပါတယ်။

ဒီပြပွဲရဲ့အမည်ကိုတော့ "O, Neul"လို့ ပေးထားပြီး ကိုရီးယားလို ယနေ့လို့ အဓိပ္ပာယ်ရပါတယ်။ ဒီပြပွဲကိုတော့ ဩဂုတ် ၂၅ ရက်မှ အောက်တိုဘာ ၂၈ ရက်အထိ ဆိုးလ်မှာရှိတဲ့ အနုပညာစင်တာမှာ ပြုလုပ်မှာဖြစ်ပါတယ်။

"BTS"ရဲ့နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ် "Love Yourself: Tear" ဟာ လတ်တလောမှာတော့ ကမ္ဘာ တစ်ဝန်းထုတ်လွှင့်ခဲ့သမျှသော တေးအယ်လ်ဘမ်တွေအနက် ယခုနှစ်ရဲ့ စတုတ္ထမြောက် ရောင်းအားအကောင်းဆုံးသော တေးအယ်လ်ဘမ် ဖြစ်လာခဲ့ပါတယ်။ အဆိုပါတေးအယ်လ်ဘမ်ဟာ စတင်ထုတ်လွှင့်ခဲ့သည်မှစပြီး ဘေဘုတ်ရဲ့ရောင်းအား အကောင်း ဆုံးသော တေးအယ်လ်ဘမ်စာရင်းမှာ ပါဝင်နေခဲ့ပါတယ်။ မကြာသေးမီက ယခုနှစ်ရဲ့ ရောင်းအားအကောင်းဆုံးသော တေးအယ်လ်ဘမ် စာရင်းကို ထုတ်ပြန်ခဲ့ရာမှာတော့ ယင်းတေးအယ်လ်ဘမ်ဟာ နံပါတ်လေးနေရာမှာ ရပ်တည်နေတာကို တွေ့ရပါတယ်။

နံပါတ်တစ်နေရာမှာတော့ OST ရဲ့ "The Greatest Showman"၊ ဒုတိယနေရာမှာတော့ အက်ဒ်ရှီရန်ရဲ့ "Divide" နဲ့ တတိယနေရာမှာတော့ ပို့စ်မယ်လွန်ရဲ့ "Beerbongs & Bentleys"တို့က ရပ်တည်နေတာပါ။ "Love Yourself: Tear" ဟာ အမေရိကန်နိုင်ငံမှာပင် တေးအယ်လ်ဘမ်ပေါင်း ၁၆၄၀၀၀ ခု ရောင်းချခဲ့ရတာဖြစ်ပြီး ကမ္ဘာတစ်ဝန်းမှာတော့ ၁၉၁၉၀၀၀ ခု ရောင်းချခဲ့ရတာဖြစ်တယ်လို့ သိရပါတယ်။ ဒီလိုအောင်မြင်မှု မျိုးကို စတင်ထုတ်လွှင့်ခဲ့ပြီးနောက် သီတင်းပတ် ခြောက်ပတ် အကြာမှာ ရရှိခဲ့တာဖြစ်ပြီး ကေပေ့ါပ်တေးဂီတ အဖွဲ့တွေ အနက် "BTS"က ဒီလိုအောင်မြင်မှုမျိုးကို ပထမဆုံးရရှိခဲ့တာလည်း ဖြစ်ပါတယ်။

**အေးပြည့် - ရေးသားသည်**

# တစ်ပတ်အတွင်း ထူးခြားအားကစားသတင်းများ



## လက်ရှိဝင်ဘယ်ဒန်ချန်ပီယံဖက်ဒဲရာ ကွာတားဖိုင်နယ်ကို တက်လှမ်း

ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲရဲ့ လက်ရှိချန်ပီယံ ရော်ဂျာဖက်ဒဲရာဟာ ပြိုင်ပွဲရဲ့စတုတ္ထအဆင့်မှာ ပြင်သစ်တင်းနစ်ကစားသမား မန်နာရီနိုကို တစ်နာရီနဲ့ ၄၅ မိနစ်ကြာ ကစားပြီး ၆-၀၊ ၇-၅၊ ၆-၄ နဲ့ အနိုင်ရရှိခဲ့ကာ ကွာတားဖိုင်နယ်အဆင့်ကို တက်လှမ်းသွားခဲ့ပါပြီ။ ရော်ဂျာဖက်ဒဲရာအနေနဲ့ ပြင်သစ်တင်းနစ်ကစားသမား မန်နာရီနိုကို အနိုင်ရရှိခဲ့တာဟာ သူ့ရဲ့ကစားသမားဘဝမှာ ပွဲငယ် ၃၂ ပွဲအထိ ရှုံးပွဲမရှိ အနိုင်ကစားနိုင်ခဲ့တာဖြစ်ပါတယ်။ ရော်ဂျာဖက်ဒဲရာဟာ အခုလိုကွာတားဖိုင်နယ်အဆင့်ကို တက်ရောက်လာခဲ့တာကြောင့် တောင်အမေရိကရဲ့ အဆင့် (၈) နေရာမှာရပ်တည်နေတဲ့ ကီဗင်အန်ဒါဆန် ဒါမှမဟုတ် ပြင်သစ်တင်းနစ် ကစားသမား မွန်ဖီးလ်နဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။ ဆွစ်ဇာလန်တင်းနစ်အကျော်အမော် ဖက်ဒဲရာဟာ လက်ရှိမှာ ကမ္ဘာ့အဆင့် ၂ နေရာမှာရပ်တည်နေတာဖြစ်ပြီး တင်းနစ်ကစားသမားဘဝတွင် ဩစတြေးလျအိုးပင်း တင်းနစ်ဖလား ခြောက်ကြိမ်၊ ပြင်သစ်အိုးပင်း တင်းနစ်ဖလား တစ်ကြိမ်၊ ဝင်ဘယ်ဒန်တင်းနစ်ဖလား ရှစ်ကြိမ်၊ အမေရိကန်အိုးပင်းတင်းနစ်ဖလား ငါးကြိမ် ရထား တာကြောင့် လက်ရှိမှာ ဝင်ဘယ်ဒန်တင်းနစ်ဖလား ကိုးကြိမ်မြောက် ဆွတ်ခူးနိုင်မယ့်အခွင့်အရေးရရှိနေပြီလည်းဖြစ်ပါတယ်။



## ၂၀၁၁ ခုနှစ်နောက်ပိုင်း ကွာတားဖိုင်နယ် ပထမဆုံးတက်ခွင့်ရတဲ့ ရာဖေးလ်နာဒယ်

လက်ရှိအင်္ဂလန်နိုင်ငံမှာ ကျင်းပနေတဲ့ ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲဟာ ဇူလိုင် ၂ ရက်ကနေ ၁၅ ရက်အထိ ကျင်းပမှာဖြစ်ပြီး အဲဒီပြိုင်ပွဲမှာ စပိန်တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်ဟာ ကွာတားဖိုင်နယ်အဆင့်ကို တက်ခွင့်ရရှိခဲ့ပြီဖြစ်တာမို့ အခုတစ်ကြိမ်ဟာ နာဒယ်အတွက် ၂၀၁၁ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ဝင်ဘယ်ဒန်မှာ ကွာတားဖိုင်နယ်တက်ခဲ့တာ ဖြစ်ပါတယ်။ နာဒယ်ဟာ ပြီးခဲ့တဲ့အဆင့်မှာ ချက်တင်းနစ်ကစားသမား ဗက်ဆယ်လီကို ၆-၃၊ ၆-၃၊ ၆-၄ နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး ကွာတားဖိုင်နယ်အဆင့်မှာတော့ အာဂျင်တီးနားတင်းနစ် ကစားသမား ဂျူအန်မာတင် ဒါမှမဟုတ် ပြင်သစ်ကစားသမား ဆီမွန်နဲ့ ကစားရမှာဖြစ်ပါတယ်။ ကမ္ဘာ့အဆင့်တစ်နေရာမှာ ရပ်တည်နေတဲ့ နာဒယ်ဟာ ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ၁၁ ကြိမ်အထိ ဗိုလ်စွဲ ထားတာဖြစ်ပြီး အခုဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲမှာတော့ ၂၀၀၈ နဲ့ ၂၀၁၀ တို့မှာ ဗိုလ်စွဲထားတာဖြစ်ပါတယ်။



## ကမ္ဘာ့ဖလားဆီမီးဖိုင်နယ်အဆင့်မှာ အင်္ဂလန်အခြေစိုက်ကစားသမား ၄၁ ဦးအထိ ပါဝင်နေ



ရုရှားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပနေတဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ ဆီမီးဖိုင်နယ်အဆင့်မှာ ကစားသမား ၉၁ ဦးရှိတဲ့အနက် အင်္ဂလန်ပရီမီယာလိဂ်ပြိုင်ပွဲမှာ ကစားနေတဲ့ ကစားသမား ၄၁ ဦးအထိပါဝင်နေပါတယ်။ အဲဒီလို ၄၁ ဦးပါဝင်နေတဲ့အထဲမှာ စပါးအသင်းမှာ ကစားနေတဲ့ကစားသမားကိုးဦးအထိ ပါဝင်နေတာလည်းဖြစ်ပါတယ်။ ရုရှားနိုင်ငံမှာကျင်းပနေတဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲကို စပါးအသင်းကစားသမား ၁၂ ဦးအထိသွားရောက်ကစားခွင့်ရရှိခဲ့တာဖြစ်ပြီး ဒိန်းမတ်ကစားသမား အဲရစ်ဆင်၊ ကိုလံဘီယာကစားသမား ဒါဗင်ဆန်ဆန်းချက်ဇ်နဲ့ တောင်ကိုရီးယားကစားသမား ဆွန်ဟောင်မင်တို့ကတော့ နိုင်ငံကိုယ်စားပြုအသင်းတွေ ပြိုင်ပွဲကနေထွက်ခဲ့ရတာကြောင့် ဆီမီးဖိုင်နယ်အဆင့်အထိ ပါဝင်ကစားခွင့်မရရှိခဲ့ပေမယ့် စပါးအသင်းကစားသမားကိုးဦးအထိ လက်ရှိကျန်ရှိနေသေးတာဖြစ်ပါတယ်။ လက်ရှိကမ္ဘာ့ဖလားဆီမီးဖိုင်နယ်အဆင့်မှာ အင်္ဂလန်အခြေစိုက်ကစားသမား ၄၁ ဦး၊ စပိန်အခြေစိုက်ကစားသမား ၁၂ ဦး၊ ပြင်သစ်အခြေစိုက်ကစားသမား ၁၂ ဦး၊ ဂျာမနီအခြေစိုက်ကစားသမား ခုနစ်ဦး၊ အီတလီအခြေစိုက်ကစားသမား ခုနစ်ဦး၊ ခရိုအေးရှားအခြေစိုက်ကစားသမား နှစ်ဦး၊ ဘယ်လ်ဂျီယံအခြေစိုက်ကစားသမား နှစ်ဦး၊ တရုတ်အခြေစိုက်ကစားသမား နှစ်ဦး၊ စကော့တလန်အခြေစိုက် ကစားသမားတစ်ဦး၊ ရုရှားအခြေစိုက် ကစားသမားတစ်ဦး၊ ဩစတြီးယားကစားသမားတစ်ဦး၊ တူရကီအခြေစိုက်ကစားသမားတစ်ဦး၊ ယူကရိန်းအခြေစိုက်ကစားသမားတစ်ဦးတို့ ကျန်ရှိနေတာဖြစ်ပါတယ်။



## တစ်ပတ် ပေါင် ၁၇၅၀၀၀ နဲ့ နိုက်စ်ကနေ မာဆေးလ်ကို ပြောင်းလာတဲ့ ဘာလော့တယ်လီ

တိုက်စစ်မှူးဘာလော့တယ်လီဟာ နိုက်စ်အသင်းကနေ မာဆေးလ်အသင်းကို တစ်ပတ်လုပ်ခလစာပေါင် ၁၇၅၀၀၀ နဲ့ ပြောင်းရွှေ့သွားခဲ့ပြီဖြစ်ပါတယ်။ အဲဒီလိုပြောင်းရွှေ့ခဲ့တာဟာ မာဆေးလ်အသင်းအတွက်တော့ အမြင့်ဆုံးလုပ်ခလစာပေးချေရတဲ့ကစားသမားလည်းဖြစ်လာခဲ့ပါတယ်။ တိုက်စစ်မှူးဘာလော့တယ်လီဟာ မာဆေးလ်အသင်းနဲ့အတူ နှစ်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့တာဖြစ်ပြီး နိုက်စ်အသင်းနဲ့အတူ နှစ်နှစ်ကြာ ဖြတ်သန်းခဲ့ရာမှာလည်း ပြင်သစ် ပထမတန်းပွဲစဉ် ၆၆ ပွဲကစားပေးခဲ့ရာမှာ ၄၃ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ တိုက်စစ်မှူး ဘာလော့တယ်လီဟာ နိုက်စ်အသင်းနဲ့အတူ အကောင်းဆုံး ခြေစွမ်းပြကစားနိုင်ခဲ့တာမို့ အီတလီနိုင်ငံလက်ရွေးစင်အသင်းမှာ ပါဝင်ကစားဖို့ ခေါ်ယူခြင်းခံခဲ့ရပါတယ်။ ဒါပေမယ့် အီတလီအသင်းကတော့ ကမ္ဘာ့ဖလားဝင်ခွင့်ဆုံးရှုံးခဲ့ရတာမို့ ဘာလော့တယ်လီအတွက်လည်း ကမ္ဘာ့ဖလားမှာ ပါဝင်ကစားဖို့အခွင့်အရေး ဆုံးရှုံးခဲ့ရတာဖြစ်ပါတယ်။

## ကမ္ဘာ့ဖလားမှာ ရလဒ်မကောင်းခဲ့လို့ ဟိုင်းယာရိုရဲ့နေရာမှာ အင်းနရစ်ကိုနည်းပြအဖြစ် စပိန် ပြောင်းလဲခန့်အပ်

ဘာစီလိုနာအသင်းနဲ့ ရိုးမားအသင်းတို့ရဲ့ နည်းပြဟောင်းတစ်ဦးဖြစ်တဲ့ အင်းနရစ်ကို စပိန်နိုင်ငံလက်ရွေးစင် အသင်းနည်းပြအဖြစ်ခန့်အပ်လိုက်ပြီဖြစ်ပါတယ်။ လက်ရှိမှာ စပိန်အသင်းဟာ အင်းနရစ်ကို နှစ်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုပြီး ခေါ်ယူခဲ့တာဖြစ်ပြီး ယာယီနည်းပြ ဖာနန်ဒိုဟိုင်းယာရိုရဲ့နေရာမှာ အစားထိုးခန့်အပ်လိုက်တာဖြစ်ပါတယ်။ အင်းနရစ်ဟာ ပြီးခဲ့တဲ့ ဇွန်လက ဘာစီလိုနာအသင်းနည်းပြအဖြစ်ကနေ နုတ်ထွက်ခဲ့တာဖြစ်ပါတယ်။ အင်းနရစ်ဟာ ရီးယဲလ်မက်ဒရစ်နဲ့ ဘာစီလိုနာအသင်းတို့မှာ ကစားခဲ့ဖူးကာ လာလီဂါဖလား၊ စပိန်စူပါလား၊ ချန်ပီယံလိဂ်ဖလားတို့ကို ရယူပေးနိုင်ခဲ့သူဖြစ်ပြီး ဘာစီလိုနာအသင်းနည်းပြအဖြစ်တာဝန်ယူကိုင်တွယ်စဉ်မှာတော့ ၂၀၁၅ ခုနှစ်က တစ်နှစ်တည်းဖလားသုံးလုံး ရယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။ အဲဒါကြောင့် စပိန်အသင်းက ကမ္ဘာ့ဖလားမှာ ရလဒ်မကောင်းခဲ့တဲ့ နည်းပြ ဟိုင်းဟာရိုရဲ့နေရာမှာ အစားထိုးခန့်အပ်ခဲ့တာဖြစ်ပါတယ်။

နိုင်လင်းကြည်

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဦးတင်မောင်ဆွေ(ခရမ်းမြို့)

**အသက်(၈၈)နှစ်**

**မြို့နယ်ကျန်းမာရေးမှူး(ငြိမ်း)**

ဗိုလ်မှူးဟန်ဆွေ-ဒေါ်စုမြတ်မွန်တို့၏ဖခင် ဦးတင်မောင်ဆွေသည် ၈-၇-၂၀၁၈ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**OTS (၉၇)မှ သူငယ်ချင်းမိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ရဟန်းဒါယကာကြီး**

### ဦးတင်မောင်ဆွေ(ခရမ်းမြို့)

**မြို့နယ်ကျန်းမာရေးမှူး(ငြိမ်း)၊မြို့နယ်လုပ်ငန်းစစ်ဆေးရေးအဖွဲ့၊ ဥက္ကဋ္ဌ(ငြိမ်း)**

**အသက် (၈၈) နှစ်**

ရန်ကုန်မြို့၊ (၆)မိုင်ခွဲ၊ အမှတ်(၃၁/ဒီ)၊ အမက(၁၀) ကျောင်းလမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်နေ ဒေါ်ခင်သန်းနွဲ့၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်နိုင်ဆွေ-ဒေါ်စိုးမီမီအောင်၊ ဦးသက်ဆွေ (အထွေထွေမန်နေဂျာ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း)-ဒေါ်နီလာထွန်းတို့၏ချစ်လှစွာသောဖခင်ကြီး ဦးတင်မောင်ဆွေသည် ၈-၇-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ**
**ဒေါက်တာဦးစိုးသိန်းနှင့်ဇနီး**
**အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ချိုအုန်း**
**(ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**

## ဝမ်းနည်းကြေကွဲခြင်း

### ဦးကံတင် (၈၆)နှစ်

**တောင်သာမြို့နယ်၊ ဝဲလောင်ရွာ**

ဗိုလ်ကြီးဝင်းဦး(ငြိမ်း) (သံမဏိစက်ရုံ၊ ပင်းပက်) ဒေါ်ဝေဝေစိုးတို့၏ ကျေးဇူးရှင်ဖခင်ဖြစ်သူ ဦးကံတင်သည် ၇-၇-၂၀၁၈ရက် နံနက် ၀၀း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၈၅) သီဟတပ်ခွဲ**
**ကျောင်းဆင်းအရာရှိများနှင့် မိသားစုဝင်များ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဦးစံတင်

**အသက်(၈၂)နှစ်**

**လျှပ်စစ်တာဝန်ခံ(ငြိမ်း)၊ အမှတ်-၅၊ သစ်စက်**

ဦးထင်ကျော်-ဒေါ်နန်းလှအုံတို့၏ဖခင် ဦးစံတင်သည် ၃၀-၆-၂၀၁၈ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**OTS (၉၇)မှ သူငယ်ချင်းမိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်မို့မို့ (၆၃)နှစ်

**B.Sc (Hons), M.Sc(Zoology)**

ဒေါက်တာ ဦးမောင်မောင်တာ (ပါမောက္ခ၊ ငြိမ်း၊ သတ္တဗေဒဌာန၊ ပဲခူးတက္ကသိုလ်)၏ချစ်လှစွာသောဇနီး ဒေါ်မို့မို့သည် ၈-၇-၂၀၁၈ ရက် နံနက် ၁၀း၂၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မီမီသန်း၊ တင်တင်မျိုး၊ သီတာထွန်းဆိုင်**
**T-13၊ ၈၄-၉၁ သတ္တဗေဒကျောင်းသား/သူ တပည့်များ**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်အေးအေးအောင်(တရားလွှတ်တော်ရှေ့နေ)

**အသက် (၅၇) နှစ်**

ကျေးဇူးရှင် အနန္တဂိုဏ်းဝင် ဆရာမကြီးဒေါ်အေးအေးအောင်သည် ၉-၇-၂၀၁၈ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူတကွ ဝမ်းနည်းကြေကွဲရပါသည်။

**တပည့်များ**

| | |
|---|---|
| ၁။ ဦးခင်မောင်ဦး | ၇။ ဒေါ်စန္ဒာအောင် |
| ၂။ ဒေါ်သီတာစိုး | ၈။ ဦးမျိုးမင်းထက် |
| ၃။ ဒေါ်ညွှန့်ညွှန့်သန်း | ၉။ ဦးမျိုးကျော် |
| ၄။ ဒေါ်ဝင်းဝင်းနွယ် | ၁၀။ ဒေါ်ဇာဇာမျိုးဟန် |
| ၅။ ဒေါ်ခင်သီတာလွင် | ၁၁။ ဦးသန့်ဇင်ဝင်း |
| ၆။ ဒေါ်အိအိငြိမ်း | ၁၂။ ဦးနိုင်ချို |

**တရားလွှတ်တော်ရှေ့နေများနှင့်အထက်တန်းရှေ့နေများ**
**အမှတ်(၄၆)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးဇာနည်မောင်(USA)

**အသက် (၅၂) နှစ်**

၁၉၈၅-၉၅ ဆေးတက္ကသိုလ်(၁)မှ သူငယ်ချင်း ဒေါက်တာယဉ်မင်းအေး(ယဉ်မင်းမောင်)၏ ချစ်လှစွာသောခင်ပွန်းဖြစ်သူ ဦးဇာနည်မောင်သည် ၃-၇-၂၀၁၈ ရက်တွင် Sandy Spring, Maryland State မြို့၌ ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ သူငယ်ချင်းရဲ့မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။ ကောင်းမွန်အဆင့်မြင့်ရာ ဘုံဘဝသို့ တက်လှမ်းနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ဆေးတက္ကသိုလ်(၁) 85-95 Batch မှ သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ရဟန်းဒါယကာကြီး**

### ဦးတင်မောင်ဆွေ (ခရမ်းမြို့)

**မြို့နယ်ကျန်းမာရေးမှူး(ငြိမ်း)၊မြို့နယ်လုပ်ငန်းစစ်ဆေးရေးအဖွဲ့၊ဥက္ကဋ္ဌ(ငြိမ်း)**

**အသက် (၈၈) နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၆)မိုင်ခွဲ၊ (၁၁)ရပ်ကွက်၊ အမက(၁၀) ကျောင်းလမ်း၊ အမှတ်(၃၁-ဒီ)နေ ဒေါ်ခင်သန်းနွဲ့၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်နိုင်ဆွေ-ဒေါ်စိုးမီမီအောင်၊ ဦးသက်ဆွေ(အထွေထွေမန်နေဂျာ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း)-ဒေါ်နီလာထွန်း၊ ဦးကြည်ဆွေ-ဒေါ်ဆွေဆွေလှ၊ ဗိုလ်မှူးဟန်ဆွေ-ဒေါ်စုမြတ်မွန်၊ ဦးသန်းဆွေ-ဒေါ်ဥမ္မာသီတို့၏ချစ်လှစွာသောဖခင် ဦးတင်မောင်ဆွေသည် ၈-၇-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာ့သတင်းစဉ် စာတည်းမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ**

### ဦးရဲလွင်

**အသက် (၇၁)နှစ်**

**(မဇ္ဈိမလှိုင်း/ပန်းရဲ့လမ်း)**

(ဦးမောင်မောင်-ဒေါ်ကြိုင်)၏ သားငယ်၊ (ဒေါ်ရှုမေ-ဦးဝင်းဖေ)၊ (ဒေါ်ဝင်းမြ-Rev.ဦးမြင့်လှ)၊ ဒေါ်တင့်ချို-ဦးအောင်သန်း၊ (Dr.ဒေါ်မေကြည်-ဦးတင်လတ်)၊ ဒေါ်ယဉ်ယဉ်မေ-(ဦးတင်မောင်)၊ ဒေါ်ခင်လေးမြင့်-(ဗိုလ်မှူးခင်မောင်မြင့်)၊ ဦးအေးဇော်-ဒေါ်လှဝင်းမေတို့၏ ညီ/မောင်၊ ဒေါ်တင်တင်ထွေး-ဦးတင်မောင်ဌေး၊ Dr.ဒေါ်မေမေပြုံးတို့၏ အစ်ကိုသည် ၁၀-၇-၂၀၁၈ (အင်္ဂါနေ့) ညနေ ၄း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၈ (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်၊ မင်းကြီးလမ်း၊ အမှတ်(၂၇၈A) နေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဒေါ်ခင်ချိုဦး(ကျောက်တန်း)

**အသက် (၇၀)**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့၊ ဆင်ကန်ရပ်ကွက်၊ ချမ်းမြေ့သာယာ၊ ခတ္တာလမ်း၊ အမှတ်(၁၁၄၁)နေ (ဦးခင်မောင်ချို)၏ဇနီး၊ မောင်ဇော်မင်း၊ မောင်ရန်အောင်တို့၏မိခင် ဒေါ်ခင်ချိုဦးသည် ၁၀-၇-၂၀၁၈ရက် နံနက် ၈း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ အနောက်ပိုင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဦးအေးကျော်(ကိုရောဘတ်)

**အသက် (၇၀)**

ရန်ကုန်မြို့နေ (ဦးအေးမောင်-ဒေါ်နီ)တို့၏သား၊ ရွှေပြည်သာမြို့နယ်၊ ချင်းတွင်းလမ်း၊ အမှတ်(၅၀-ခ)နေ ဒေါ်ဇင်မာ၏ခင်ပွန်း၊ ကိုအောင်အောင်၏ဖခင်၊ ရန်ကုန်မြို့နေ (ဒေါ်နီလာအေး)၊ ဦးမောင်မောင်-ဒေါ်သန်းသန်းဌေး၊ ဦးတင်အေး-ဒေါ်ဘေဘီကျော်တို့၏ညီ/မောင်၊ ဦးမြတ်စိုး-ဒေါ်လှလှမေ၊ ဦးအေးကို-ဒေါ်ကြည်ကြည်စိန်၊ ဦးသိန်းထွန်း-ဒေါ်ခင်ခင်ဆွေ၊ ဦးညို-ဒေါ်စန်းစန်းဝေ၊ ဦးဝင်းအောင်-ဒေါ်နှင်းနှင်းအေး၊ ဦးဝမ်းမောင်-ဒေါ်အိအိခင်၊ (ဦးကျော်ဇေယျ)-ဒေါ်အယ်ကီဖောတို့၏အစ်ကို ဦးအေးကျော်သည် ၉-၇-၂၀၁၈ (တနင်္လာနေ့) နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် ရွှေပြည်သာမြို့နယ်၊ ကျူချောင်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဦးကိုကိုဦး

**အသက်(၅၂)နှစ်**

ရန်ကုန်မြို့၊ သဃ်ႋန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ ဘုရင့်နောင်(၁၀)လမ်း၊ အမှတ်(၃၀)နေ ဦးအောင်သန်း-(ဒေါ်စုစု)တို့၏ သား၊ (ဦးကျော်တင့်-ဒေါ်အေးကြည်)တို့၏ သားသမက်၊ (မောင်သက်နိုင်)၊ (မောင်အောင်နိုင်ဦး)၊ မောင်ညီညီဦး-မသင်းသင်းရွှေ၊ မောင်စိုးနိုင်ဦး၊ မနွဲ့နွဲ့အောင်၊ မောင်စိန်လှိုင်-မစုစုအောင်တို့၏ အစ်ကို/ညီ၊ မခင်သန်းတင့်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ဇင်ထက်ကိုကို၊ မဝင်းမေဦး၏ မွေးသဖခင်ကျေးဇူးရှင်သည် ၉-၇-၂၀၁၈ (တနင်္လာနေ့) ညနေ ၅း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၇-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်းအလှူ ဒါယိကာမကြီး**

### ဒေါ်ခင်အေး (၉၃)နှစ်

**(စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့)**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ (ဦးဘစော-ဒေါ်စောတင်)တို့၏ သမီး၊ (ဦးထွန်းဇင်-ဒေါ်ညိမ်း)တို့၏သမီးချွေးမ၊ [ဦးဘမောင် (စိုက်ပျိုးရေးဝန်မင်း)]၏ချစ်လှစွာသောဇနီး၊ ခေတ္တကနေဒါနိုင်ငံနေ ဒေါ်ခင်သန်းမြင့် (လက်ထောက်မန်နေဂျာ-ငြိမ်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း)၊ ဒုတိယဗိုလ်မှူးကြီး အောင်သိန်း(ငြိမ်း)-ဒေါ်ခင်သန်းဌေး(ကျောင်းဆရာမ-ငြိမ်း)၊ ဦးချစ်ကိုကို (ဒုတိယဦးစီးမှူး-ငြိမ်း) ငါးလုပ်ငန်းဦးစီးဌာန)-ဒေါ်အေးအေးမြင့်၊ (ဒေါက်တာကျော်ဦး)-ဒေါက်တာကြည်ကြည်မာ (တာဝန်ခံဆရာဝန်-ငြိမ်း၊ လူမှုဖူလုံရေးဆေးခန်း)၊ ဦးစိုးမြင့် (လက်ထောက်မှတ်ပုံတင်အရာရှိချုပ်၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ)-ဒေါ်ရီရီမာ(ဦးစီးအရာရှိ-ငြိမ်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)၊ ဒုတိယဗိုလ်မှူးကြီး အောင်သန်းထူး(ငြိမ်း)-ဒေါ်သီသီမာ(မကွေးတိုင်းဒေသကြီး ဥပဒေအရာရှိ)တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေး ၁၃ယောက်၊ မြစ်ကိုးယောက်တို့၏ ဘွားဘွားကြီး ဒေါ်ခင်အေးသည် ၉-၇-၂၀၁၈ (တနင်္လာနေ့) ည ၁၁း၂၀ နာရီတွင် အောင်ရတနာဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အမှတ် ၅၊ သီရိမင်္ဂလာလမ်း၊ ၁၀ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် နေအိမ်မှ ကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၇-၂၀၁၈ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အမှတ်(၅)၊ သီရိမင်္ဂလာလမ်း၊ (၁၀)ရပ်ကွက် ၊တောင်ဥက္ကလာပမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**မြေပုံမြို့နယ်အသင်း(ရန်ကုန်)**

### ဦးအေးကျော် (၅၄)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၁၂၁)လမ်း၊ အမှတ်(၅၇)နေ အသင်းဝင် ဒေါ်ရည်မေ၏ ခင်ပွန်း၊ မမိုးမိုးထက်ကျော်၏ ဖခင်၊ (ဦးလှထွန်းဦး-ဥက္ကဋ္ဌဟောင်း)-(ဒေါ်သိန်းရှင်)တို့၏သားသမက် ဦးအေးကျော်သည် ၉-၇-၂၀၁၈ (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ/အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။)

အလုပ်အမှုဆောင်အဖွဲ့

## အနိစ္စ

**ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်)**

### ဦးအောင်ခိုင် အသက်(၉၀)

**သက်ကြီး-ကန်တော့ခံ**

**(ရာ/၁၂၉၉)**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ မာန်ပြေ (၁၁)လမ်း (အရှေ့)၊ အမှတ် (၄၅၆/က)နေ (ဒေါ်ကျင်အိ)၏ခင်ပွန်း ဦးအောင်ခိုင်သည် ၂၄-၆-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၆-၂၀၁၈ ရက်တွင် ကျီစုသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေးအပ်ပါသည်။

အမှုဆောင်အဖွဲ့

**ဟင်္သာတအသင်း**

### ဦးအေးလွင်(ခ)ဦးအောင်မြင့်

**အသက် (၈၇)နှစ်**

(ဦးအေးမောင်-ဒေါ်စောမြိုင်)တို့၏ သား၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၇/အရှေ့ရပ်ကွက်၊ အောင်သပြေအရှေ့ (၁၀)လမ်း၊ အမှတ်(၉၀၁)နေ (ဒေါ်ဝင်းကြည်)၏ခင်ပွန်း၊ ဦးစိုးနိုင်-ဒေါ်တင်တင်အေးတို့၏အစ်ကို၊ ဦးဇော်ဝင်း-(ဒေါ်ခင်သီတာလွင်)၊ ဦးတင်ရွှေ-ဒေါ်ဥမ္မာလွင်၊ (ဦးမြင့်စိုး)-ဒေါ်ချယ်ရီလွင်၊ ဦးသောင်းထိုက်-ဒေါ်ခင်စိုးဦး၊ ဦးကျော်ဇေယျ-ဒေါ်စန္ဒာလွင်တို့၏ဖခင် ဦးအေးလွင်(ခ)ဦးအောင်မြင့် (ဟင်္သာတအသင်း၊ ရာသက်ပန်အသင်းဝင်)သည် ၉-၇-၂၀၁၈ (တနင်္လာနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ/အသင်းသားများအား အသိပေးအကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့
ဟင်္သာတအသင်း(ရန်ကုန်)

**ကျောင်းကုန်းမြို့နယ်အသင်း(ရန်ကုန်)**

### ဦးစောထွန်း အသက်(၈၀)

**သက်ကြီးကန်တော့ခံ**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၅/၇)ရပ်ကွက်၊ ဆည်မြောင်းလမ်း၊ ငုဝါပန်းခြံ၊ သီရိမင်္ဂလာပတ်လမ်းနေ အသင်းဝင် ဆရာမဒေါ်တင်လှိုင်၏ ခင်ပွန်း အသင်းဝင် ဦးစောထွန်းသည် ၉-၇-၂၀၁၈ ရက် နံနက် ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ကျူချောင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ/သားများ လိုက်ပါပို့ဆောင်ကြပါရန် အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**

### ဒေါ်တင်ရွှေ(ခ)

### အွမ်မေစလာမာ(ရ်) (၆၈)နှစ်

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ်(၁၂၇)နေ [NKK ကာဒယ်မှုဒယ်မိုဟီဒင်(ခ)ဦးဘကျော်]-ဒေါ်အေးကြည်တို့၏ သမီးကြီး၊ (ဦးအောင်စိန်)၏ဇနီး၊ ဦးကျော်သိန်း၊ ဦးတင်လှ-ဒေါ်အုန်းသန်း (ရာဇာစာအုပ်ချုပ်လုပ်ငန်း)၊ (ဟာဂျီဦးကျော်သိန်း)-ဟာဂျီမဒေါ်သန်းစိန်၊ ဦးဖိုးတာ-ဒေါ်မြင့်မြင့်စိုး၊ ဒေါ်ကြည်ဝင်း၊ (ဆရာမဒေါ်မြကြည်)၊ (ရာဟင်ဘိုင်)-ဒေါ်မြင့်မြင့်ကြည်၊ ဒေါ်ခင်မေကြည်တို့၏အစ်မ၊ မယဉ်ယဉ်အောင်၊ ကိုလင်းမောင်မောင်၊ ကိုသူရအောင်တို့၏မိခင်၊ တူ/တူမ ရှစ်ယောက်တို့၏အဒေါ်သည် ၆-၇-၂၀၁၈ (သောကြာနေ့) နံနက် ၇ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ဂျွန်မာလ်အာနာမာဇ်အပြီး ရေဝေးကဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

**သထုံမြို့နယ်အသင်း(ရန်ကုန်)**

### ဒေါ်မေမေသစ် (၅၅)နှစ်

**အငယ်တန်းလက်ထောက်**

**မြန်မာ့သစ်လုပ်ငန်း**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပါရမီရိပ်သာ၊ မဥ္ဇူလမ်း၊ အမှတ်(၆၀/ဘီ)နေ အသင်းဝင်အမှတ် (၁၂၆၃)၊ ဦးတင်မောင်(၃) (လက်ထောက်ညွှန်မှူး၊ အကောက်ခွန်-ငြိမ်း)-(ဒေါ်စန်းမြင့်)တို့၏ဒုတိယသမီး ဒေါ်မေမေသစ်သည် ၉-၇-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၂း၅၄ နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ/အသင်းသားများအား အသိပေးအကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဦးကျင်ဟုတ်(ဒေးဒရဲ) (၈၅)နှစ်

ဒေးဒရဲမြို့နေ (ဦးမောင်ခင်-ဒေါ်အေးမယ်)တို့၏သားကြီး၊ (ဦးစိန်ကျန်-ဒေါ်စွမ်တီ)တို့၏သားသမက်၊ (ဦးစု-ဒေါ်ကျင်ခိုင်)၊ (ဦးခင်စိန်-ဒေါ်ကျင်ရှဲ)တို့၏မောင်၊ ဦးကျင်သန်း-ဒေါ်စန်းစန်းမြင့်တို့၏အစ်ကို၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃၇)လမ်း၊ အမှတ်(၁၁၄)၊ မြေညီထပ်နေ ဒေါ်သန်းမြင့်ခင်ပွန်း၊ Dr.ဝင်းချစ်-Dr.မိုးမိုးခိုင်(USA)၊ Dr.ခင်မောင်ဝင်း-Dr.ဝင်းရီ(USA)၊ ဦးခင်မောင်ဦး-ဒေါ်ဝင်းဝင်းမော်(USA) တို့၏မွေးသဖခင်၊ မြေးခြောက်ယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၁၀-၇-၂၀၁၈ ရက် နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၈ (စနေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ရဟန်းဒါယိကာမကြီး**

### ဒေါ်ခင်နုနု (၈၁)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ ပွဲစားလမ်း၊ အမှတ်(၃၉/၄-ခ)နေ (ဦးစိန်ညွှန့်-ဒေါ်လွန်းတင်)တို့၏သမီး၊ (ဦးသန်းထွန်း)၏ဇနီး၊ ဦးသိန်းဇော်-ဒေါ်သွဲ့သွဲ့ထွန်း၊ (ဦးငွေသိုက်)-ဒေါ်ခင်ခင်ကြည်၊ ဦးကျော်ညွန့်-ဒေါ်ကြွယ်ကြွယ်ထွန်းတို့၏မိခင်၊ မောင်ကျော်ကိုကိုသိုက်၊ မဝတ်ရည်ပိုးဖြူသိုက်၊ မလှသူဇာကျော်၊ မခင်ဆွေမြတ်တို့၏အဘွားသည် ၉-၇-၂၀၁၈ (တနင်္လာနေ့) ည ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဒေါ်အေးအေးသန်း

**အသက် (၆၉) နှစ်**

**စိုက်ပျိုးရေးဦးစီးဌာန (ငြိမ်း)**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရွှေကမ္ဘာအိမ်ရာ၊ တိုက်(၅)၊ အခန်း(၄၀၂)နေ ဦးစိန်ထွန်း(လက်ရာမွန် မြန်မာမှု-မင်းဓမ္မ)၏ဇနီး၊ မမျိုးမျိုးထွန်း(C.F.O Htoo Group of Companies)၏မွေးသမိခင်သည် ၁၀-၇-၂၀၁၈ (အင်္ဂါနေ့) နံနက် ၈း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

### ဗိုလ်ကြီးမြသာဒွန်း(ငြိမ်း) (၆၁)နှစ်

**ကြည်း-၆၉၂၁၈**

**အပတ်စဉ် -၅၊ အင်ဂျင်နီယာ-ဗ. အ. တ**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ အမှတ် (၃၈၀)၊ ဗိုလ်မြတ်ထွန်းလမ်း၊ (၂/ခ)ရပ်ကွက်နေ (ဦးထွန်းရှိန်-ဒေါ်အုံးကြည်)တို့၏သား၊ ဒေါ်နန်းပုတ်ခမ်း၏ ခင်ပွန်း၊ Dr.အောင်မျိုးပိုင်-Dr.ဆုလဲ့ယဉ်၊ ဗိုလ်ကြီးဖြိုးလင်းအောင်၊ Dr.နန်းမေနုတို့၏ဖခင်၊ မောင်အောင်ကောင်းမြတ်ပိုင်၊ မနန်းဆုဆုပိုင်တို့၏ အဘိုးသည် ၉-၇-၂၀၁၈ (တနင်္လာနေ့) ည ၇း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၇-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ မင်္ဂလာဒုံမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဒေါ်အေးအေးအောင်

**(B.Sc. H.G.P.R.L.D.B.L)**

**တရားလွှတ်တော်ရှေ့နေ [စဉ်-၅၀၁၆/၁၉၈၉]**

**အသက်(၅၇)နှစ်**

ရန်ကုန်မြို့နေ ဦးသန်းအောင်-ဒေါ်ခင်မြသန်းတို့၏ သမီးကြီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ ဥသဿဖယားလမ်း၊ အမှတ်(၅၉)၊ လေးလွှာနေ ဦးမျိုးရွှေ (အထက်တန်းရှေ့နေ)၏ဇနီး၊ မမြတ်နိုးမေ [VicTORIA UNIVERSITY]၊ မမြတ်နိုးဝေတို့၏မွေးသမိခင်သည် ၉-၇-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၂း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

### ဒေါ်မေမေသစ် (၅၅)နှစ်

**အငယ်တန်းလက်ထောက်၊ မြန်မာ့သစ်လုပ်ငန်း**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပါရမီရိပ်သာ၊ မဥ္ဇူလမ်း၊ အမှတ်(၆၀/ဘီ)နေ ဦးတင်မောင်(၃) (အကောက်ခွန်လက်ထောက်ညွှန်မှူး-ငြိမ်း)-(ဒေါ်စန်းမြင့်)တို့၏ ဒုတိယသမီး၊ ဦးသက်နိုင်၊ ဒေါ်ဝင်းစန္ဒာတို့၏ ညီမ၊ ဒေါက်တာဒေါ်သန်းနွဲ့ (တွဲဖက်ပါမောက္ခ၊ ရူပဗေဒ ဌာန၊ တောင်ငူတက္ကသိုလ်)၏အစ်မ ဒေါ်မေမေသစ်သည် ၉-၇-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၂း၁၅ နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဦးထက်မောင်ဖြိုး(ခ)ကိုဖြိုး

**အသက် (၄၂) နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်ထက်ရပ်ကွက်၊ သြဘာလမ်း၊ အမှတ် (၁၅)၊ ပထပ်(ဝဲ)နေ (ဦးထွန်းလှိုင်)-ဒေါ်မိကြူတို့၏ သားလတ်၊ ဦးခင်စိုး-ဒေါ်ကျင်တင်တို့၏သားသမက်၊ ဦးမျိုးသက်ဖြိုး-ဒေါ်မျိုးမြင့်မြင့်ဝင်းတို့၏ ညီ/မောင်၊ မအိကေခိုင်ဖြိုး၏အစ်ကို၊ တူမနှစ်ယောက်၊ တူသုံးယောက်တို့၏ ဦးလေး၊ ဒေါ်အေးသီတာဦး၏ ခင်ပွန်း၊ မချောအိပိုပို(အထက-၄၊ တာမွေ၊ ပဉ္စမတန်း-A)၏မွေးသဖခင် ဦးထက်မောင်ဖြိုး(ခ)ကိုဖြိုးသည် ၁၀-၇-၂၀၁၈ ရက် နံနက် ၁း၁၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၁၈ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀း၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ကိုရဲဝင့်သူ (၂၆)နှစ်

**စမ်းချောင်း**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သီရိလမ်း၊ အမှတ်(၆၀)၊ သုံးလွှာနေ ဦးရဲမြင့်(ဦးစီးမှူး-ငြိမ်း) ဆက်သွယ်ရေးဦးစီးဌာန-ဒေါ်တင်ဝင်းတို့၏ သား၊ ဗိုလ်ကြီးကောင်းမြတ်သူ-ဒေါ်မိုးမိုးမြင့်ထွန်း၊ မအေးနန္ဒာဦး၊ မောင်မျိုးမြတ်သူ (AYA Bank)တို့၏ ညီ/မောင်၊ မသိန်းဆုဆုဦး(BALANCE FITNESS)၏ အစ်ကို၊ မသွန်းရတနာထက်၊ မောင်ကောင်းထက်သူတို့၏ ဦးလေးသည် ၉-၇-၂၀၁၈ (တနင်္လာနေ့) နံနက် ၉း၅၀ နာရီတွင် ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေး တက်ရောက်




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယအကြိမ် အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

**နေပြည်တော် ဇူလိုင် ၁၀**

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက် အမှာစကား ပြောကြားသည်။

**တာဝန်ရှိသူများတက်ရောက်**

အစည်းအဝေးသို့ မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ဦးအောင်ကိုမြင့်၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လူမှုရေးဆိုင်ရာဝန်ကြီးများ၊ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မသန်စွမ်းသူများအသင်းချုပ်မှ တာဝန်ရှိသူများ၊ မသန်စွမ်းသူများအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ မသန်စွမ်းဆက်စပ်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းထုတ်ပြန်ခဲ့သည့် မသန်စွမ်းမှုဆိုင်ရာ ကမ္ဘာ့အစီရင်ခံစာ (၂၀၁၀)အရ ကမ္ဘာ့လူဦးရေ သန်း ၁၀၀၀ ကျော်သည် မသန်စွမ်းမှု တစ်မျိုးမျိုး ခံစားနေကြရပါကြောင်း၊ မသန်စွမ်းသူများသည် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ အလုပ်အကိုင် စသည့် အခွင့်အလမ်းများကို အများနည်းတူ

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✳

## အာဆီယံယူ-၁၉ ပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် မြန်မာနှင့်ထိုင်း တွေ့ဆုံ

**ပလန်ဘမ် ဇူလိုင် ၁၀**

၂၀၁၈ အာဆီယံ ယူ-၁၉ ပြိုင်ပွဲ အုပ်စု(ခ) နောက်ဆုံးနေ့ကို ယနေ့ညနေပိုင်းက အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပရာ မြန်မာယူ-၁၉ အသင်းသည် ရှုံးပွဲကြုံတွေ့ခဲ့သော်လည်း အုပ်စုဒုတိယဖြင့် ဆီမီးဖိုင်နယ်တက်ရောက်နိုင်ခဲ့သည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍

## အာဆီယံအမျိုးသမီးပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် မြန်မာနှင့်ထိုင်းတွေ့ဆုံ

**ပလန်ဘမ် ဇူလိုင် ၁၀**

အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပလျက်ရှိသည့် ၂၀၁၈ အာဆီယံအမျိုးသမီးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဇူလိုင် ၁၁ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ဆီမီးဖိုင်နယ်ပွဲစဉ်များကို မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် တစ်ချိန်တည်းယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ထိုင်းအသင်းနှင့် မြန်မာအသင်း၊ ဗီယက်နမ်အသင်းနှင့် ဩစတြေးလျ ယူ-၂၀ အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် အုပ်စုတွင် ဒုတိယနေရာသာ ရခဲ့သောကြောင့် လက်ရှိချန်ပီယံ ထိုင်းအသင်းနှင့် တွေ့ဆုံခြင်းဖြစ်သည်။ **ရဲရင့်ရှိုင်း**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ တက်ရောက်ရန် NCA လက်မှတ်ရေးထိုးထားသည့် အဖွဲ့(၁၀)ဖွဲ့နှင့် မြောက်ပိုင်းတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ နေပြည်တော်သို့ ရောက်ရှိ

**နေပြည်တော် ဇူလိုင် ၁၀**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ (တတိယအစည်းအဝေး) တက်ရောက်ရန် NCA လက်မှတ်ရေးထိုးထားသည့်အဖွဲ့ (၁၀)ဖွဲ့နှင့် မြောက်ပိုင်းတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များသည် ဇူလိုင် ၉ ရက် နှင့် ၁၀ ရက်တို့တွင် နေပြည်တော်သို့ ရောက်ရှိကြသည်။

**လေဆိပ်၌ကြိုဆို**

ယနေ့မွန်းလွဲပိုင်းတွင် မြောက်ပိုင်းတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များဖြစ်ကြသည့် UWSA၊ KIO၊ AA၊ TNLA နှင့် MNDAA တို့မှ ကိုယ်စားလှယ်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာစွန်ကော့ရှန်နှင့်အတူ တရုတ်နိုင်ငံ ကူမင်းမြို့မှ နေပြည်တော်သို့ လေကြောင်းခရီးဖြင့်ရောက်ရှိကြရာ ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်၊ အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖



မြောက်ပိုင်းတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ကိုယ်စားလှယ်များ နေပြည်တော်သို့ ရောက်ရှိလာစဉ်။

Investment Guarantee Estate Show
ကြံပွဲတွင် Condo ဝယ်ပါက 20% Discount ရမည့်အပြင်..
ချက်ချင်း နေလို့ရ / ငှါးလို့ရပြီး..(၂)နှစ် ကြာလျှင် 20% အမြတ်ရဖို့
အာမခံတယ် ဆိုတော့ ..wow amazing
09-254 882 388, 09-775 509 172, 09-775 509 173
14 & 15 July - 2018 (Sat & Sun) " Myanmar Culture " ဦးဝိစာရလမ်း။ ရွှေတိဂုံဘုရားအနောက်ဘက်မုခ်ရှေ့ ။ ( 9:00 am ) to ( 6:00 pm )